ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်၊ တနင်္လာနေ့။ Monday, 28 November 2022 ၁၀၉၃၃

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။
၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။
၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ဝါစိုက်ပျိုးရေးတပ်(ပွင့်ဖြူ)သို့ သွားရောက်စစ်ဆေး

## စိုက်ပျိုးရေးတွင် အဓိကလိုအပ်သည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ မြေဆီမြေလွှာကောင်းမွန်အောင် မြေပြုပြင်ရေး၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေးတို့ကို မှန်မှန်ကန်ကန်ဆောင်ရွက်ခြင်းဖြင့် အထွက်နှုန်းကောင်းမွန်အောင် ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် တပ်မတော်အရာရှိကြီးများ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် တပ်မတော်ဝါစိုက်ပျိုးရေးတပ်(ပွင့်ဖြူ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



**ကြည့်ရှုစစ်ဆေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ဝါစိုက်ပျိုးရေးတပ်(ပွင့်ဖြူ) အတွင်း ဝါဂွမ်းထုတ်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**ယနေ့ ဖတ်စရာ**

လူထုအခြေပြု မြန်မာ့ခရီးသွားလုပ်ငန်းများ
ဆောင်းပါး
စာမျက်နှာ » ၆

(၆) ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲ၌ အမေရိကန်ဒေါ်လာ ၅၆ ဘီလီယံကျော်တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများပြုလုပ်ရန် လက်မှတ်ရေးထိုး
စာမျက်နှာ » ၈

ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်မှုဖြင့် ၂၀၂၃ ခုနှစ်၏ ခရီးသွားရာသီအဖွင့် ကောင်းမွန်မည်ဟု မျှော်မှန်းထား
စာမျက်နှာ » ၁၇

ကြေးမုံ

# တရားမဝင်ကုန်သွယ်မှု ထိရောက်စွာတိုက်ဖျက်

ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများတွင် ရောင်းဝယ်ဖောက်ကား ကုန်သွယ်မှု လုပ်ငန်းများကို သတ်မှတ်ထားသည့် စည်းမျဉ်း၊ ဥပဒေများအတိုင်း အလေးထား လုပ်ကိုင်ဆောင်ရွက်ကြသည်။ စည်းကမ်းဥပဒေဖောက်ဖျက်သူရှိပါလျှင်လည်း ထိရောက်စွာအရေးယူခြင်းခံကြရသည်။ စီးပွားရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာ အားလုံးတို့က အလေးထားလိုက်နာဆောင်ရွက်ကြသဖြင့် လူမှုစီးပွားတည်ငြိမ်ပြီး ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုကို ရရှိပိုင်ဆိုင်ကြသည်။

တရားမဝင်ကုန်သွယ်မှု ဖြစ်ပေါ်နေခြင်းအကြောင်းမှာ ဝိသမစီးပွားရေးသမားများနှင့် မသမာသူများက ဥပဒေကိုဖောက်ဖျက်ကျူးလွန်သည့် တရားမဝင်ရောင်းဝယ်ဖောက်ကားမှုများမှာ ၎င်းတို့အတွက် အကျိုးစီးပွားဖြစ်ထွန်းနေသဖြင့် ကြီးထွားနေခြင်းဖြစ်သည်။ တရားမဝင်ကုန်သွယ်မှုနှင့်ပတ်သက်၍ "တရားမဝင်ကုန်သွယ်မှုများ ရှင်သန်ကြီးထွားနေသည့် အကြောင်းခြင်းရာ များစွာရှိသည့်အနက် သိုဝှက်ရောင်ကွင်း သယ်ဆောင်မှုများကြောင့် လွတ်သွားခြင်းများရှိသကဲ့သို့ ဝန်ထမ်းအချို့၏ ငွေကြေးရယူခွင့်ပြုမှုများကြောင့် တားဆီးနိုင်မှုမရှိခြင်းများလည်းရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် သစ္စာရှိရှိ တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားကြရန်လိုကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အသိပေးပြောကြားထားသည်။

တရားမဝင်ကုန်သွယ်မှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အဟန့်အတားဖြစ်စေသော အရေးကြီးသည့်အချက်တစ်ချက်ဖြစ်သည်။ စီးပွားရေးအပိုင်းတွင် တရားဝင်လုပ်ကိုင်ဆောင်ရွက်နေသော၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုတွင် တစ်တပ်တစ်အားပါဝင်ဆောင်ရွက်နေသော စီးပွားရေးလုပ်ငန်းများအား ထိခိုက်မှုဖြစ်စေသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များ တွေ့ဆုံပွဲတစ်ခုတွင် ပြည်တွင်းထုတ်ကုန်များ တိုးတက်ရေးအတွက် တရားမဝင်ကုန်စည်တင်သွင်းမှုများအား ထိရောက်စွာ အရေးယူဆောင်ရွက်ရန် လိုအပ်သည်ကို လုပ်ငန်းရှင်များက တင်ပြခဲ့ကြသည်။ MSME လုပ်ငန်းရှင်များအနေဖြင့် ပြည်ပမှ အကောက်ခွန်မဲ့ဝင်ရောက်လာသည့် ကုန်စည်များကို ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်ခြင်းမရှိသည့်အတွက် စီးပွားရေးတွင် ရေရှည်ရပ်တည်နိုင်ရန် ခက်ခဲလျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးလာရေးကို အားပေးမြှင့်တင်လျက်ရှိရာ MSME လုပ်ငန်းများ ရှင်သန်ရပ်တည်မှုကို ဖျက်ဆီးနေသည့် တစ်နည်းအားဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် တရားမဝင်ကုန်ပစ္စည်း ခိုးသွင်းနေမှုများကို ထိထိရောက်ရောက် တားဆီးစစ်ဆေးတိုက်ဖျက်သွားရမည်ဖြစ်သည်။ စိုက်ပျိုးသူ တောင်သူများလိုအပ်သည့် စိုက်ပျိုးရေးသွင်းအားစုများ အချိန်မီရောက်ရှိရေး အဟန့်အတားမဖြစ်စေရေး ဆောင်ရွက်ရန် လိုအပ်သလို တစ်ဖက်တွင် လုံခြုံရေးအရ အမိုနီယမ်နိုက်ထရိတ်ဓာတုပစ္စည်းများ ဝင်မလာစေရန်လည်း သတိပြုရမည်ဖြစ်သည်။ ထို့အပြင် မူးယစ်ဆေးဝါး၊ ပေါက်ကွဲစေတတ်သောပစ္စည်းများ၊ လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကိုလည်း သတိပြုတားဆီးရမည်ဖြစ်သည်။

လက်ရှိကာလတွင် နိုင်ငံအတွင်း အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် မူးယစ်ဆေးဝါး၊ ပေါက်ကွဲစေတတ်သောပစ္စည်းများ၊ လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ ခိုးသွင်းလျက်ရှိရာ ဖမ်းဆီးရမိမှုများရှိနေသည်ကို တွေ့ရသည်။ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များနှင့် ဌာနဆိုင်ရာများ အနေဖြင့် မသမာသူအဖျက်သမားများက ခိုးဝှက်သယ်ဆောင်လာခြင်းမရှိစေရေး အလေးထားစစ်ဆေးသွားရန် အသိပေးလျက်ရှိသည်။ နိုင်ငံအတွင်း အရည်အသွေးပြည့်မီသည့် စားသုံးဆီဖူလုံရေးနှင့် ဈေးနှုန်းတည်ငြိမ်စေရေးအတွက် နိုင်ငံတော်အစိုးရက စနစ်တကျစီမံဆောင်ရွက်ပေးနေချိန်တွင် အကောက်ခွန်မဲ့ စားသုံးဆီသယ်ဆောင်မှုများရှိနေသဖြင့် ယင်းတို့ကို ထိထိရောက်ရောက် စစ်ဆေးတားဆီးသွားကြရမည်ဖြစ်သည်။

ဒေသဆိုင်ရာ အကောက်ခွန်သက်သာခွင့်အစီအစဉ်အရ အခြားနိုင်ငံများတွင် မရရှိနိုင်သည့် အကောက်ခွန်သက်သာခွင့်ကို မြန်မာနိုင်ငံ၌ ခွင့်ပြုပေးထားရာတွင် နိုင်ငံ့ထွက်ကုန်ပစ္စည်းများကိုသာ သီးခြားသက်သာကင်းလွတ်ခွင့်ပေးထားရာ နိုင်ငံတကာစည်းမျဉ်း၊ စည်းကမ်း၊ ကတိကဝတ်များကို လေးစားလိုက်နာမှုနှင့် မြန်မာနိုင်ငံအပေါ် အခြားနိုင်ငံများ၏ ယုံကြည်မှုကိုပါ မထိခိုက်စေရေး ဆောင်ရွက်ရန် လိုအပ်သည်။ တရားမဝင်ကုန်သွယ်မှုကို ပပျောက်သွားအောင် လက်ရှိအချိန်တွင် မဖြစ်နိုင်သေးသော်လည်း ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အစွမ်းကုန်ဆောင်ရွက်သွားရမည်ဖြစ်သည်။ တရားမဝင်ကုန်စည်များတားဆီးရေးတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် တာဝန်သိစိတ်ဓာတ်ဖြင့် သတင်းအချက်အလက်များပေးပို့ကြသော ပြည်သူများကို ထိုက်သင့်သည့် အသိအမှတ်ပြုမှုနှင့် ဆုကြေးငွေများ ခွဲဝေပေးလျက်ရှိသည်။

သို့ဖြစ်ရာ တရားမဝင်ကုန်စည်များ ဖြစ်ပေါ်နေခြင်းသည် နိုင်ငံ့စီးပွားရေးနှင့် လုံခြုံမှုကို ထိခိုက်မှုဖြစ်စေသဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် တာဝန်သိသိ သစ္စာရှိရှိ ဝိုင်းဝန်းပူးပေါင်းလက်တွဲ၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာနမိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၂၇**



ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ စက်ရုံကျောင်းတိုက်နှင့် ပခန်းကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိရွှေဟင်္သာတောရကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ရိုးဂိုးကျောင်းဟောင်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိရွှေဘုန်းရိပ်ကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ပညာလင်္ကာရမဏ္ဍိုင်ကျောင်းတိုက်၊ သာကေတမြို့နယ်ရှိညောင်ရိပ်သာကျောင်းတိုက်နှင့် အင်းစိန်မြို့နယ်ရှိ အနန္တဂုဏ်ရည်ကျောင်းတိုက်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်ရှိ ကျိုင်းလဲကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ဆေးဝင်္ဂဘာကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ အာသောကာရာမကျောင်းတိုက်နှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ မြဘယက်သာမဏေကျော်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ မဟာစည် သာသနာ့ရိပ်သာကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဇောဓိရတနာကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ မဟာဝိဇိတာရာမ ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ စီမံကိန်းရေးဆွဲနည်းသင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ခရိုင်/မြို့နယ်များမှ ဝန်ထမ်းများ VDP (ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း) လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေပြီး စွမ်းဆောင်ရည်မြင့်မားစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ VDP ရေးဆွဲနည်းသင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက အဆိုပါတိုင်းဒေသကြီး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**ဆွေးနွေးမှာကြား**

ရှေးဦးစွာ အခမ်းအနားတွင် နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမျိုးက သင်တန်းဆင်းအမှာစကား ပြောကြားရာတွင် သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းမှပို့ချပေးသော သင်ခန်းစာများကို လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိအောင် ပြန်လည်အသုံးချဆောင်ရွက်သွားရန်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော တိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားသင်တန်းသူများကို သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ရာ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



အဆိုပါ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ(VDP) စီမံကိန်းရေးဆွဲနည်းသင်တန်းသို့ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ တိုင်း/ခရိုင်/မြို့နယ်များမှ ဝန်ထမ်း ၁၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းတွင် VDP စီမံကိန်းဆိုင်ရာ အခြေခံအချက်အလက်များ၊ AVIP ထိန်းသိမ်းနည်းများ၊ ကျေးရွာသယံဇာတပြမြေပုံရေးဆွဲနည်း၊ ရာသီခွင်ပြပြက္ခဒိန်ရေးဆွဲနည်း၊ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုရေးဆွဲနည်း၊ (၄၈)ဇယားဖြည့်သွင်းနည်းများနှင့် ကျေးလက်ဥပဒေများ စသည့်ဘာသာရပ်များကို ကျွမ်းကျင်ဆရာ ဆရာမများက နိုဝင်ဘာ ၂၁ ရက်မှ ၂၅ ရက်အထိ ငါးရက်ကြာ သင်တန်းပို့ချပေးခဲ့ကြောင်း နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

၂၂၂


ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် | **အကြီးတန်း** | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် | **သတင်းထောက်များ** | | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **အငယ်တန်း** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| | | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သတင်းထောက်များ** | | ဦးသန်းတင်အောင် |
| | | | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - | ဦးနိုင်လင်းကြည်၊ | **စာပြင်** | - | ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| **စာတည်းများ** | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစည်သူလွင်နှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဝင်းလွင် ရှင်းလင်းတင်ပြစဉ်။

☆ ရေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဝင်းလွင်က တပ်မတော်ဝါစိုက်ပျိုးရေးတပ်(ပွင့်ဖြူ) တပ်သမိုင်းအကျဉ်း၊ ရည်မှန်းချက်တာဝန်နှင့် စိုက်ပျိုးရာသီအလိုက် လုပ်ငန်းစီမံချက်ဇယားချမှတ်၍ ဆောင်ရွက်လျက်ရှိမှု၊ တပ်မတော်ဝါစိုက်ပျိုးရေးတပ်(လွန်ကျော်)၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် စိုက်ဧကအလိုက် စိုက်ပျိုးရေလုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**စိုက်ပျိုးထုတ်လုပ်**

ရှင်းလင်း တင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မကွေးတိုင်းဒေသကြီးသည် ဝါထွက်ရှိသည့် ဒေသတစ်ခုဖြစ်ပြီး တပ်မတော် ဝါစိုက်ပျိုးရေးတပ်များအနေဖြင့်လည်း တပ်မတော်စက်ရုံများအတွက် လိုအပ်သည့် ဝါဂွမ်းများကို ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ တစ်ဧကအထွက်နှုန်းထားသည် နည်းပါးနေသေးသည်ကို တွေ့ရှိရပြီး တစ်ဧက အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ကာ တပ်မတော်၏ဝါဂွမ်းလိုအပ်ချက် ပြည့်မီအောင် ဆောင်ရွက်ရန်နှင့် ပိုလျှံစိုက်ဧကများကို မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများမှ မြေဩဇာ ရရှိနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတွင် အဓိကလိုအပ်သည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ မြေဆီမြေလွှာကောင်းမွန်အောင် မြေပြုပြင်ရေး၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေးတို့ကို မှန်မှန်ကန်ကန် ဆောင်ရွက်ခြင်းဖြင့် အထွက်နှုန်းကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးဧရိယာပတ်လည်အား အရိပ်ရလေကာပင်များ စိုက်ပျိုးခြင်းအားဖြင့် စိမ်းလန်းစိုပြည်ရေးကိုလည်း ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများကို လက်တွေ့ကျကျဖြင့် အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ဝါစိုက်ပျိုးရေးတပ်(ပွင့်ဖြူ)အတွင်း ဝါဂွမ်းထုတ်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ဝါစိုက်ပျိုးရေးတပ်(ပွင့်ဖြူ)အတွင်း ဝါစိုက်ပျိုးထားရှိမှုများနှင့် ဝါဂွမ်းထုတ်လုပ်နေမှုအခြေအနေများကို လိုက်လံ ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ဝါစိုက်ပျိုးရေးတပ်(ပွင့်ဖြူ)အတွင်း ဝါစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့ မန်းရွှေစက်တော်ဘုရား အထက်စက်တော်ရာရှိ ပထမရွှေစေတီတော်မြတ်အား ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန်းရွှေစက်တော်ရာဘုရား၊ စကြာပန်းတောင်းစေတီတော်၊ ရှင်ပင်စက္ကိန်းတဲစေတီတော်နှင့် မကွေးမြသလွန်စေတီတော်မြတ်ကြီးတို့သို့ သွားရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် နိုဝင်ဘာ ၂၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ လိုက်ပါ၍ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ရာဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

**ပေးအပ်လှူဒါန်း**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းငွေနှင့်အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ မန်းရွှေစက်တော်ဘုရား၊ ပါဒစေတီတော်၊ အောက်ခြေတော်ရာမြတ်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စေတီတော်မြတ် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်ပြီး ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံရယူပြီး ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ပါဒစေတီတော်၊ အောက်ခြေတော်ရာမြတ်အား လာရောက်ဖူးမြော်ကြည်ညိုကြသည့် ဘုရားဖူးပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန်အတွက် ပါဒစေတီတော်၊အောက်ခြေတော်ရာမြတ်သို့ သွားရောက်သည့်ယာယီချောင်းကူးတံတားအား ရေအမြင့်နှင့်လျော်ညီပြီး ဘုရားရင်ပြင်တော်ထက် မမြင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စကြာပန်းတောင်းစေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

သည့် ယာယီဘေလီ သံတံတားနှင့် စေတီတော်သွား လျှောက်လမ်းတစ်ခု တည်ဆောက်ရန်၊ ချောင်းရေအား သင့်တော်သည့် ရေအမြင့်ရှိ စေရေး ရေထိန်းနံရံငယ်တစ်ခု တည်ဆောက်ရန်နှင့် ဘုရားပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် သာသနိကအဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရန် တာဝန်ရှိသူများကို လမ်းညွှန်မှာကြားသည်။

**ကပ်လှူပူဇော်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အထက်စက်တော်ရာသို့ ရောက်ရှိကြပြီး ပထမ ရွှေစေတီတော်မြတ်အား ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။ ယင်းနောက် စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် မန်းရွှေစက်တော်ဘုရားအတွင်း လှည့်လည်ကြည့်ရှုပြီး ဘုရားကြီးအား ရေးမူမပျက်စေဘဲ ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

အဆိုပါ မန်းရွှေစက်တော်ဘုရား၊ ပါဒစေတီတော်၊ အောက်ခြေတော်ရာမြတ်အား သဘာဝဘေးအန္တရာယ်ဒဏ် ခံနိုင်ရန်၊ ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် ဘုရားဖူးလာပြည်သူများ ရာသီမရွေး လာရောက်ဖူးမြော်နိုင်ရန်အတွက် ၂၀၁၄ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကြီးမှူး၍ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက အမြင့် ငါးပေ၊ အထု သုံးလက်မ၊ အလေးချိန် သုံးတန်ရှိ အလင်းပေါက် ဖန်အုပ်ဆောင်းကို လှူဒါန်းပူဇော်ခဲ့ကြခြင်းဖြစ်ကြောင်းနှင့် တာဝန်ရှိသူများက ဆက်လက်ထိန်းသိမ်း ဆောင်ရွက်လျက်ရှိကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာအုပ်စု သက်သာပန်းတောင်းကျေးရွာ ရွာဦးဘုန်းတော်ကြီး ကျောင်းတိုက် ဝတ္ထုကံတော်အတွင်းရှိ စကြာပန်းတောင်း စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း ဆက်ကပ်လှူဒါန်းကာ လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုသည်။ ထို့နောက် စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြသည်။

**ကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များလိုက်ပါ၍ လယ်ကိုင်းကျေးရွာသို့ ရောက်ရှိကြပြီး ရွှေပြည်အေးဘုရားနှင့် ဓမ္မာရုံ ပြန်လည်ပြုပြင်မွမ်းမံထားရှိမှု အခြေအနေများအား ကြည့်ရှု၍ ကျေးရွာရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ဒေသစီးပွားရေး အခြေအနေများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား မေးမြန်းဆွေးနွေးသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကျပ်သိန်း ၅၀ ကိုပေးအပ်ရာ ရပ်မိရပ်ဖ ဦးစိန်ထွန်းအောင်နှင့် ရပ်မိရပ်ဖများက လက်ခံရယူကြသည်။

စာမျက်နှာ ၅ သို့ »»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှင်ပင်စက္ကိန်းတဲစေတီတော် ပရိဝုဏ်အတွင်းရှိ ရတနာသုခဓမ္မာရုံအတွင်း၌ မင်းဘူးမြို့နှင့် စကုမြို့တို့မှ ရပ်မိရပ်ဖများအား တွေ့ဆုံစဉ်။

»»» **စာမျက်နှာ ၄ မှ**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်းဘူးမြို့ရှိ ရှင်ပင်စက္ကိန်းတဲစေတီတော်သို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သိန်းနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စေတီတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း ကပ်လှူပူဇော်ကာ စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် စေတီတော် ပရိဝုဏ်အတွင်းရှိ ရတနာသုခ ဓမ္မာရုံအတွင်း၌ မင်းဘူးမြို့နှင့် စကုမြို့တို့မှ ရပ်မိရပ်ဖများအား တွေ့ဆုံသည်။ ဦးစွာ ရပ်မိရပ်ဖများက တစ်ဦးချင်း မိတ်ဆက်ကြပြီး ဒေသတွင်း စီးပွားရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ဒေသလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

**အားပေးဆောင်ရွက်**

ဆွေးနွေး တင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးအတွက် လိုအပ်သည့်ရေများ လုံလောက်စွာရရှိရေး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ပွင့်ဖြူတွင် စိုက်ပျိုးရေးသိပ္ပံရှိပြီးဖြစ်ပြီး စကု၌ မွေးမြူရေးသိပ္ပံတစ်ခု ဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအား မမျှတမှု၊ ကုန်ထုတ်လုပ်မှုစရိတ်များ ကြီးမြင့်မှုတို့ကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို ဖြစ်စေနိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသတွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး အတွက် လိုအပ်သည့် သွင်းအားစုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုများကို အတတ်နိုင်ဆုံးလျှော့ချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဒေသတွင်း၌ ဆေးဝါးထုတ်ကုန်များ၊ အခြေခံလူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန် ပစ္စည်းများ ထုတ်လုပ်မှုကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ပြည်ပသွင်းကုန်များ လျှော့ချနိုင်ရန်လိုအပ်ကြောင်း၊ စက်သုံးဆီများကိုလည်း ချွေတာသုံးစွဲခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှုများကို လျှော့ချနိုင်မည်ဖြစ်ကာ ပြည်တွင်း၌ ငွေကြေးလည်ပတ်မှု အားကောင်းလာမည်ဖြစ်ကြောင်း၊ အလားတူ စားသုံးဆီများ သုံးစွဲရာတွင်လည်း ကျန်းမာရေးနှင့် ညီညွတ်သည့် စားသောက်မှုပုံစံဖြင့် စားသုံးရန်လိုကြောင်း၊ အစိုးရမှ ကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များကို အဆင့်ဆင့် ဖွင့်လှစ်ပေးထားပြီးဖြစ်သဖြင့် ကျောင်းသား ကျောင်းသူများ ပညာရည်မြင့်မားရေးအတွက် အားလုံးက ဝိုင်းဝန်းအားပေး ဆောင်ရွက်ကြရန် လိုကြောင်း၊ ဒေသတွင်း သက်ဆိုင်ရာပညာရပ်များအလိုက် ပညာတတ်များ ပေါ်ကြွယ်ဝမှသာလျှင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ထို့အပြင် ဒေသတွင်း သန့်ရှင်းသာယာလှပရေးအတွက်လည်း ဒေသခံပြည်သူလူထုနှင့် ဒေသတွင်လာရောက်တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများက ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသသာယာလှပပြီး ဒေသမှထွက်ရှိသည့် ဒေသထုတ်ကုန်များ နာမည်ရလာပါက ဒေသသို့ လာရောက် လည်ပတ်သူများ များပြားလာမည်ဖြစ်ပြီး ဒေသတွင်း ငွေကြေးလည်ပတ်မှု အားကောင်းကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မကွေးမြသလွန်စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

**ပေးအပ်**

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေကျပ်သိန်း ၁၀၀ နှင့် မင်းဘူး ဘိုးဘွားရိပ်သာ တည်ဆောက်ရေးအတွက် အလှူငွေကျပ်သိန်း ၁၀၀ တို့ကို ပေးအပ်ရာ ရပ်မိရပ်ဖများက လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ မကွေးမြို့ရှိမကွေးမြို့ ကျက်သရေဆောင် မကွေးမြသလွန်စေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် မြသလွန်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စေတီတော်မြတ်ကြီး ဥဒ္ဒေသိကစေတီတော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ မကွေးမြသလွန်စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့ ကမ်းနားလမ်းသို့ ရောက်ရှိကြပြီး ကမ်းနားလမ်းတစ်လျှောက် သန့်ရှင်းသပ်ရပ်သော လူအများအပန်းဖြေနေရာ Public Area ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မကွေးမြို့ ကမ်းနားလမ်းတစ်လျှောက် သန့်ရှင်းသပ်ရပ်သော လူအများအပန်းဖြေနေရာ Public Area ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစဉ်။

# လူထုအခြေပြု မြန်မာ့ခရီးသွားလုပ်ငန်းများ

ထက်ဝေအောင်(စစ်ကိုင်း)

မြန်မာ့ယဉ်ကျေးမှု၊ ဓလေ့ထုံးစံနှင့် မြန်မာ့ရေမြေသဘာဝအလှများက ချစ်စရာကောင်းလှသည်။ ကမ္ဘာတစ်လွှား နိုင်ငံခြားသားခရီးသွားများ၏ နှလုံးသားကို ရိုးသားပွင့်လင်းစွာ ညှို့ငင်ဖမ်းစားနိုင်စွမ်းရှိသည်။ မြန်မာ့အပြုံး သူတို့နှလုံးသားထဲ စွဲထင်သွားခြင်းသာဖြစ်သည်။

ပြည်တွင်း/ ပြည်ပခရီးသွားများသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုနှင့် နယ်မြေဒေသလေ့လာလိုစိတ်၊ စွန့်စားသွားလာလိုစိတ်ဖြင့် ခရီးထွက်ကြသည်။ ခရီးသွားလာသူများအတွက် ခရီးစဉ်ချောမွေ့မှုမှာ လိုအင်ဆန္ဒတစ်ခုဖြစ်သည်။ တောတောင်အလှသဘာဝကို လေ့လာခြင်း၊ ရှုမျှော်ခင်းများကို ဓာတ်ပုံရိုက်ခြင်း၊ လူနေမှုသဘာဝကိုမှတ်တမ်းပြုစုခြင်းများသည် ခရီးသွားအများစု၏ အဓိကအာသီသဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု၏ ခရီးဦးကြိုဆိုဖိတ်ခေါ်မှုကို လိုလားနှစ်သက်ကြသည်။ လုံခြုံသောခရီးစဉ်၊ သန့်ရှင်းသော အစားအသောက်၊ နွေးထွေးသော တည်းခိုဝန်ဆောင်မှုများကို တမ်းတကြသည်။ စိတ်လုံခြုံမှု၊ စိတ်ကျေနပ်မှုသည် လူတိုင်းလိုချင်သော ဆန္ဒနှင့်စိတ်ခံစားချက်သာဖြစ်သည်။ စိတ်အပန်းပြေသော ခရီးတစ်ခုဖန်တီးပေးနိုင်လျှင် စီးပွားရေးကိုဗဟိုပြု၍ နှစ်ဦးနှစ်ဖက် မိတ်ကောင်းဆွေကောင်းဖြစ်သွားနိုင်သည်။

**မီးခိုးမထွက်သော စီးပွားရေးလုပ်ငန်း**

ခရီးသွားလုပ်ငန်းသည် မီးခိုးမထွက်သော စီးပွားရေးလုပ်ငန်းဟုဆိုရပေမည်။ နိုင်ငံတစ်ဝန်းရှိ ခရီးသွားလာလည်ပတ်နိုင်သည့် ထင်ရှားသောနေရာများတွင် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း၊ ကားအငှားလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်းများ၊ ဒေသထွက်လက်ဆောင်ပစ္စည်း အရောင်းဆိုင်များဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကြသည်။ ပြည်တွင်း၊ ပြည်ပခရီးသွားများ ဝင်ထွက်လည်ပတ်ကြသဖြင့် မြို့ပြများသာမက ကျေးလက်တောရွာအထိပင် စီးပွားရေးအခြေခံကောင်းများ ရရှိပိုင်ဆိုင်လာကြသည်။ အကျိုးရလဒ်အနေဖြင့် ဒေသတွင်းယဉ်ကျေးမှုအမွေများကို စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်ခြင်းနှင့် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေသည်။

ခရီးသွားလုပ်ငန်းသည် လူအများပါဝင်ပတ်သက်လုပ်ကိုင်ရသော ဝန်ဆောင်မှုကို အခြေခံသည့် လုပ်ငန်းကဏ္ဍတစ်ရပ်ဖြစ်သည်။ ဒေသတစ်ခုဖွံ့ဖြိုးသည်နှင့် ဟန်ချက်ညီညီပင် ဒေသခံပြည်သူအများစု အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေတိုးပွားရရှိစေသည်။ မြန်မာနိုင်ငံတွင် မြန်မာ့ရေမြေ



တောတောင်သဘာဝနှင့် ဓလေ့စရိုက်များကို ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ပိုမိုသိရှိနားလည်စေရန် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း (Community Based Tourism–CBT) ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်လာခဲ့သည်။ ကျေးလက်နေပြည်သူများ၏ ဘဝကိုမြှင့်တင်ခြင်းသည် နိုင်ငံ၏စီးပွားရေးနှင့် လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးခြင်းဖြစ်ပါသည်။ အလားတူ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ အမူအကျင့်ကောင်းများ၊ ဗဟုသုတများတိုးပွားရရှိစေပြီး လူမှုအဖွဲ့အစည်းများအကြား ကူးလူးဝင်ဆံ့နိုင်သည့် ရလဒ်ကောင်းကိုလည်းရရှိစေသည်။

ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် ဝန်ဆောင်မှုလုပ်ငန်းအားလုံးတွင် ဧည့်သည်များ၏ စိတ်ကျေနပ်မှုသည် လွန်စွာအဓိကကျပေသည်။ သူတစ်ပါးစိတ်ကျေနပ်အောင် ဆောင်ရွက်ပေးရသဖြင့် သိမ်မွေ့သောအလုပ်လည်းဖြစ်သည်။ တစ်ဖက်လူ၏စိတ်ကို အကဲခတ်လေ့လာပြီး စိတ်ကျေနပ်မှုရရှိအောင် မိမိဘက်မှဖြည့်ဆည်းဆောင်ရွက်ပေးရသည်။ အရည်အသွေးပြည့်မီသည့် ဝန်ဆောင်မှုတွင် အလုပ်ကို တန်ဖိုးထားသည့် ဝန်ထမ်းများအပေါ် များစွာတည်မှီနေပေသည်။ ခရီးသွားလုပ်ငန်းနှင့် နီးနွယ်ဆက်စပ်သည့် ဧည့်လမ်းညွှန်များ မွေးထုတ်ခြင်း၊ ဟိုတယ်ဝန်ဆောင်မှုသင်တန်းပေးခြင်း၊ မိတ်ဖက်လုပ်ငန်းရှင်အချင်းချင်း အမြင်ချင်းဖလှယ်ဆွေးနွေးခြင်း၊ ခရီးသွားများ၏ လုံခြုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အစီအမံများ ဓာတ်တိုက်လေ့ကျင့်ခြင်း၊ အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ခြင်းလုပ်ငန်းများသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် လွန်စွာအရေးပါလှသည်။

မြန်မာ့ရေမြေ၊ တောတောင်သဘာဝအလှအထင်ကရနေရာတစ်ခုအဖြစ် အမွှမ်းတင်ကျန်ရစ်အောင် ဝိုင်းဝန်းကြိုးစားရမည်။ ရိုးသားရမည်။ ယဉ်ကျေးဖော်ရွေရမည်။ အစဉ်သဖြင့် နာမည်ရှင်သန်နေရမည်ဖြစ်ပါသည်။ ခရီးသွားများအတွက် ချောမွေ့သောခရီးစဉ်များကို လိုလားတောင့်တစမြဲဖြစ်သည်။ ခရီးစဉ်တွင် မဖြစ်မနေ ထိတွေ့ဆက်ဆံရသည့် ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ ယာဉ်များ၏ နွေးထွေးပျူငှာသော ဆက်ဆံရေးတစ်ရပ်ကို မျှော်လင့်ကြသည်။ ခရီးသွားလိုသူများအတွက် ခရီးသွားအိပ်မက်များက ရိုးစင်းသည်။ ရေစိမ်းမြေစိမ်းဒေသ၏ အငွေ့အသက်ကိုခံစားလိုကြသည်။ မထိတွေ့ဖူးသော ရေမြေပေါ်ခြေချ၍ ကိုယ်စိတ်နှစ်ပါး အပန်းဖြေလိုကြသည်။ အများအားဖြင့် မြန်မာလူမျိုးအများစုသည် ခရီးသွားရာတွင် ထင်ရှားသောနေရာဒေသများကို ရွေးချယ်သွားလာကြသည်။ ခရီးသွားရာတွင် ကုသိုလ်လည်းရ၊ စိတ်အပန်းပြေရသော ဘုရားဖူးခရီးစဉ်များကို အများဆုံးရွေးချယ်ကြသည်။

**ရှေးခေတ်အသုံးအဆောင်**
**ယဉ်ကျေးမှုအနုပညာရသများ**

မြန်မာနိုင်ငံတွင် အထင်ကရ သွားလာလည်ပတ်စရာဒေသများ၊ သမိုင်းဝင်နေရာများ၊ ဘာသာတရား၏ အရိပ်လက္ခဏာ တန်ခိုးကြီးဘုရားများဖြင့် ပြည့်နှက်နေပေသည်။ ပြည်တွင်း/ပြည်ပခရီးသွားများ ရန်ကုန်ရောက်လျှင် ရွှေတိဂုံဘုရားကို ဖူးမြော်ကြသည်။ ထို့အတူ မြန်မာတို့၏ နှလုံးသားစုဆုံရာ ပုဂံဒေသရှိ စေတီပုထိုးများစွာနှင့် ရှေးခေတ်အသုံးအဆောင်၊ ယဉ်ကျေးမှုအနုပညာရသများစွာကိုလည်း လေ့လာကြသည်။ ထိုမှတစ်ဆင့် ခရီးဆန့်လာလျှင် နေပြည်တော်ကို ဝင်ရောက်လည်ပတ်နိုင်ပြန်သည်။ နေပြည်တော်သည် အစိုးရအဖွဲ့နှင့်ဝန်ကြီးဌာနများ ရုံးစိုက်ရာမြို့တော်ဖြစ်သည်။ ကျယ်ဝန်းသောလမ်းမကြီးများနှင့် အဝိုင်းပတ်များက နေပြည်တော်၏ အလှပမာဖြစ်သည်။ တောရိပ်၊ တောင်ရိပ် အမှီပြုထားသည့် နေပြည်တော်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ပုံစံတူဥပ္ပါတသန္တိစေတီတော်၊ လက်လုပ်တောင်ဘုရား၊ ရွှေလွှမ်းတောင်ဘုရား၊ လေ့ခွင်းတောင်၊ မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော် ဗုဒ္ဓဂယာ၊ နေပြည်တော်ပုဂံဘုရား၊ ရန်အောင်မြင်ရွှေလက်လှဘုရား၊ စမတောင်၊ နဂါးဘုရားများကို လှည့်လည်ဖူးမြော်နိုင်ပေသည်။ အလားတူ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ တပ်မတော်စစ်သမိုင်းပြတိုက်၊ ရေပန်းဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ ငလိုက်ဆည် ဆင်စခန်းများကိုလည်း အပန်းဖြေသွားရောက်လည်ပတ်နိုင်သည်။

နိုင်ငံ့ခရီးသွားလုပ်ငန်းများမှတစ်ဆင့် နိုင်ငံအချင်းချင်း၊ ဒေသအချင်းချင်း လူ့တန်ဖိုး၊ စီးပွားရေးအတွေးအမြင်၊ သမိုင်းအမွေအနှစ်ထိန်းသိမ်းခြင်း၊ တောတောင်သဘာဝဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ ရိုင်းပင်းကူညီခြင်းဆိုင်ရာ လိုက်နာသင့်သည့် ကျင့်ဝတ်များသည် နိုင်ငံဖွံ့ဖြိုးမှုနှင့်အတူ တစ်ပါတည်းရှင်သန်ဖွံ့ဖြိုးလာနိုင်သည်။ သို့ဖြစ်၍ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးရန် စဉ်ဆက်မပြတ် လေ့လာအားထုတ်ရမည်ဖြစ်သည်။ ခရီးသွားများကို ဆွဲဆောင်နိုင်သည့် အချက်အလက်များကို သဘောပေါက်နားလည်ပြီး ဒေသထွက်ပစ္စည်းများ၏ အရည်အသွေးနှင့် တန်ဖိုးမျှတ အမှတ်တရပစ္စည်းများကို ဝယ်လိုအားမြှင့်တင်နိုင်သည်။ ခရီးသည်များအတွက် ခရီးစဉ်ရောက် ဒေသထွက် အမှတ်တရပစ္စည်းများ ကြံ့ခိုင်ရေး၊ တာရှည်ခံရေး၊ မြတ်နိုးတန်ဖိုးထားစေရေး မိမိဘက်က ပေးစွမ်းရမည်မှာ စေတနာသာဖြစ်ပါသည်။

လူထုအခြေပြု ခရီးသွားလုပ်ငန်းများသည် ဒေသဖွံ့ဖြိုးရေးအခန်းကဏ္ဍအတွက် များစွာအထောက်အကူပြုပေသည်။ ခရီးသွားလုပ်ငန်းသည် နိုင်ငံခြားဝင်ငွေရရှိသည့်လုပ်ငန်းဖြစ်သဖြင့် **တိုင်းပြည်ဝင်ငွေတိုးတက်ရေး ခရီးသွားလုပ်ငန်းများကို မြှင့်တင်ပေး**ဟု ညွှန်းဆိုရမည်ပင်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ခရီးသွားလုပ်ငန်းကို သူ့နည်းသူ့ဟန်ဖြင့် မြှင့်တင်လျက်ရှိကြသည်။ ခရီးသွားလုပ်ငန်းကို လေ့လာဆန်းစစ်ကြည့်လျှင် ဒေသအလိုက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သဖြင့် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ပြီး ဒေသခံများ၏ ကိုယ်တိုင်စီမံခန့်ခွဲမှု၊ ကိုယ်ရည်ကိုယ်သွေး၊ စီးပွားရေးအမြင်၊ မျှဝေခံစားနိုင်စွမ်းအားများ မြင့်တက်လာနိုင်သည်။ အလားတူ မိမိဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များစွာကို စနစ်တကျထိန်းသိမ်းကာကွယ်သွားနိုင်မည်ဖြစ်ပါသည်။ ဖွံ့ဖြိုးမှု၊ မဖွံ့ဖြိုးမှုကို အဖြေညှိနိုင်သည့် ခရီးသွားအသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ဗဟိုပြု၍ နိုင်ငံဖွံ့ဖြိုးရေးအတွေးအမြင်ဖြင့် လူထုအခြေပြု ခရီးသွားလုပ်ငန်းစီမံကိန်းများစွာ ဖန်တီးနိုင်ခြင်းဖြင့် ပိုမိုတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်သွားနိုင်လိမ့်မည်ဟု ယုံကြည်စွာဖြင့် ရေးသားလိုက်ရပါသည်။ ။

**❖ ကျေးလက်နေပြည်သူများ၏ ဘဝကိုမြှင့်တင်ခြင်းသည် နိုင်ငံ၏စီးပွားရေးနှင့် လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးခြင်းဖြစ်ပါသည်။ အလားတူ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ အမူအကျင့်ကောင်းများ၊ ဗဟုသုတများ တိုးပွားရရှိစေပြီး လူမှုအဖွဲ့အစည်းများအကြား ကူးလူးဝင်ဆံ့နိုင်သည့် ရလဒ်ကောင်းကိုလည်းရရှိစေ**

**❖ ခရီးသွားလိုသူများအတွက် ခရီးသွားအိပ်မက်များက ရိုးစင်းသည်။ ရေစိမ်းမြေစိမ်းဒေသ၏ အငွေ့အသက်ကို ခံစားလိုကြသည်။ မထိတွေ့ဖူးသော ရေမြေပေါ်ခြေချ၍ ကိုယ်စိတ်နှစ်ပါး အပန်းဖြေလိုကြသည်။ အများအားဖြင့် မြန်မာလူမျိုးအများစုသည် ခရီးသွားရာတွင် ထင်ရှားသောနေရာဒေသများကို ရွေးချယ်သွားလာကြသည်။ ခရီးသွားရာတွင် ကုသိုလ်လည်းရ၊ စိတ်အပန်းပြေရသော ဘုရားဖူးခရီးစဉ်များကို အများဆုံးရွေးချယ်ကြ**

❂ ကျောဖုံးမှ

ပဒေသာကပွဲတွင် ရုပ်ရှင်၊ သဘင်နှင့် ဂီတတို့မှ အနုပညာရှင်များက ပဏာမသြော်ခံဂီတသံ၊ "လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်"၊ "မျက်ရည်ချိန် လက်မ ၃၀၀"၊ "အဆင်ပြေပါစေ"၊ "ရွှေကိန္နရီလား သူဇာလား"၊ လွတ်လပ်ရေးနေ့ ဂုဏ်ပြုပဏာမ တေးတစ်ပုဒ်ဖြစ်သည့် "ပဒေသာပင် မြေမှာမပေါက်"၊ "နွေဦးအလွမ်း"၊ "မင်း"၊ "နေပါစေချစ်လို့"၊ "ချာတိတ်"တေးသီချင်းတို့ဖြင့် လည်းကောင်း၊ "မန္တလေးအငြိမ့်" ဖြင့်လည်းကောင်း၊ "နိုဝင်ဘာမှာ လာမှာလား"၊ "မပြိုသည့်မိုး" တေးသီချင်းတို့ဖြင့် လည်းကောင်း၊ "ထုဆစ်သူတို့ နှလုံးသား" တစ်ခန်းရပ် ဖြင့်လည်းကောင်း၊ "မလိခမှ အလွမ်းလေးများ"၊ "ပင်စင်ယူပါဦး"၊ "လက်ပံပွင့်ကောက် အရောက် လာမယ်"၊ "ရည်းစား"၊ "အနားမှာနေပါကွယ်" တေးသီချင်းတို့ဖြင့် လည်းကောင်း၊ "လွဲရခက်ကြီး" ပြဇာတ်၊ "ကောင်းသောသည" တေးဂီတဖျော်ဖြေမှု၊ စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအနားသတ် အစီအစဉ်တို့ဖြင့်လည်းကောင်း သီဆိုကပြဖျော်ဖြေ တင်ဆက်ကြသည်။

**ပေးအပ်ချီးမြှင့်**

ဖျော်ဖြေတင်ဆက်မှုအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ်သည် ပဒေသာကပွဲတွင် ပါဝင်သီဆိုကပြ ဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များကို ဂုဏ်ပြု ပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါပဒေသာကပွဲကို နိုဝင်ဘာ ၃၀ ရက်အထိ ညနေ ၆ နာရီခွဲမှ ည ၁၁ နာရီအတွင်း ကပြဖျော်ဖြေ တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖






နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပဒေသာကပွဲတွင် ပါဝင်သီဆိုကပြဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပဒေသာကပွဲတွင် ပါဝင်သီဆိုကပြဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲ(ဒုတိယနေ့)ကျင်းပစဉ်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း နွေရာသီကာလတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးဆောင်ရွက်သွားမည့်ကိစ္စ ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်း နွေရာသီကာလတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူး ဆောင်ရွက်သွားမည့် အစီအမံများနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (ရုံးချုပ်)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အစီအမံများ ချမှတ်ဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က လာမည့်နွေရာသီကာလတွင် ပြည်သူလူထု၏ တစ်နေ့တာ ဓာတ်အားလိုအပ်ချက်ကို ပြည့်မီအောင် ဆောင်ရွက်မပေးနိုင်သော်လည်း ရရှိသည့် လျှပ်စစ်ဓာတ်အားကို လူတိုင်း အချိန်ပိုင်းအလိုက် မျှဝေခံစားနိုင်အောင် ဓာတ်အားဖြန့်ဖြူးပေးသွားမည့် အစီအမံများ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ထိုသို့ အချိန်ပိုင်းအလိုက် ဓာတ်အားသုံးစွဲမှုပေးဝေနိုင်သောအချိန်များတွင်လည်း ရရှိသည့်အချိန်အတိုင်း အပြည့်အဝရရှိစေရန် ဓာတ်အားပြတ်တောက်မှု မဖြစ်ပေါ်စေရေးအတွက် ဓာတ်အားခွဲရုံများ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးသဖြင့် ကြိုတင်၍ ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ထားရန်လိုအပ်ကြောင်း။

ထို့ပြင် ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေးနှင့် ဓာတ်အားစနစ်တည်ငြိမ် တိုးတက်ကောင်းမွန်စေရေးတို့အတွက် ဓာတ်အားလိုင်းများ သန့်ရှင်းရေးပြုလုပ်ခြင်း အပါအဝင် ထိန်းသိမ်းပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ထားရန်လိုအပ်ကြောင်း၊ သယ်ယူပို့ဆောင်ပေးနေသော ဓာတ်အားလိုင်းများအနေဖြင့်လည်း လိုင်းတစ်လိုင်း အပြစ်ဖြစ်ပွားချိန်၌ အခြားလိုင်းတစ်လိုင်းမှ ပြန်လည်ပေးအပ်နိုင်ရေး စီမံဆောင်ရွက်ထားရန် လိုအပ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် ပြည်သူကို ဝန်ဆောင်မှု ပေးနေရသည့် ဌာနဖြစ်သည့်အလျောက် မိမိတို့လုပ်ဆောင်မှုများအပေါ် ပြည်သူများမှ နားလည်လက်ခံလာစေရေး ထိတွေ့ပြောဆိုချပြဆောင်ရွက်သွားရန်နှင့် ပြည်သူလူထုသို့ အရည်အသွေးပြည့်ဝပြီး တည်ငြိမ်သည့် လျှပ်စစ်ဓာတ်အားများ စဉ်ဆက်မပြတ်ဖြန့်ဖြူးပေးနိုင်ရေး အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း၊ ဌာနအကြီးအကဲများအနေဖြင့်လည်း မိမိတို့ဝန်ထမ်းများနှင့် အမြဲတစေတွေ့ဆုံနေကာ လိုအပ်သည့် သက်သာချောင်ချိရေးကိစ္စရပ်များနှင့် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးနေရန် လိုအပ်ကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်သည် မကြာမီကုန်ဆုံးတော့မည်ဖြစ်၍ မိမိတို့၏ ရရှိသည့် ဘဏ္ဍာငွေများအပေါ် သတ်မှတ်သည့် စီမံကိန်းများ ပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဓာတ်အားထုတ်လုပ်မှုကိုလည်းကောင်း၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဓာတ်အားဖြန့်ဖြူးမှုကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လျှပ်စစ်မန်နေဂျာများနှင့် ခရိုင်လျှပ်စစ်အင်ဂျင်နီယာများက မိမိတို့ခရိုင်များအတွင်းရှိ မြို့နယ်များသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးထားမှုနှင့် လာမည့်နွေရာသီကာလတွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးဆောင်ရွက်သွားမည့် အစီအမံများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးနှင့် သက်ဆိုင်ရာဦးစီးဌာန လုပ်ငန်းများအလိုက် ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက ဖြည့်စွက်ဆွေးနွေးတင်ပြသည်။ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အိန္ဒိယ - မြန်မာ ကုန်သည်များအသင်းမှ အသင်းဝင်များနှင့် တွေ့ဆုံဆွေးနွေး ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး ပေါင်းစပ်ညှိနှိုင်းပေး



**နေပြည်တော် နိုဝင်ဘာ ၂၇**

အိန္ဒိယ-မြန်မာ ကုန်သည်များအသင်း အသင်းဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် ရွှေဘုံသာလမ်းထောင့်ရှိ India Centre ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် အိန္ဒိယသံအမတ်ကြီးတို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားကြပြီး မြန်မာ-အိန္ဒိယ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးကိစ္စများ၊ အိန္ဒိယနိုင်ငံဈေးကွက်သို့ ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးကိစ္စများနှင့် ကုန်သွယ်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့နေရသော အခက်အခဲများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၆) ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲ၌ အမေရိကန်ဒေါ်လာ ၅၆ ဘီလီယံကျော်တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများပြုလုပ်ရန် လက်မှတ်ရေးထိုး

**နေပြည်တော် နိုဝင်ဘာ ၂၇**

(၆)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၆)ကြိမ်မြောက် တရုတ်နိုင်ငံ ကူမင်း ပို့ကုန်သွင်းကုန်ကုန်စည်ပြပွဲကို ယူနန်ပြည်နယ် ကူမင်းမြို့တွင် နိုဝင်ဘာ ၁၉ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့စဉ်အတွင်း အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၃ ဘီလီယံတန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းပေါင်း ၁၆၉ ခု သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပြပွဲများသို့ နိုင်ငံ၊ ဒေသနှင့် နိုင်ငံတကာအဖွဲ့အစည်း ၈၀ တို့မှ ကိုယ်စားလှယ်တော်များက အွန်လိုင်းနှင့်အော့ဖ်လိုင်း ပါဝင်တက်ရောက်ခဲ့ကြပြီး ပြပွဲခေါင်းစဉ်ဖြစ်သည့် **“အခွင့်အလမ်းသစ်များကို အတူမျှဝေ၍ ဖွံ့ဖြိုးတိုးတက်မှုသစ်များကို အတူရှာဖွေခြင်း”** နှင့်အညီ အတူတကွ ပူးပေါင်းပါဝင်ပြသခဲ့ကြသည်။

ပြပွဲကာလ နိုဝင်ဘာ ၂၀ ရက်က ရင်းနှီးမြှုပ်နှံမှုဆိုင်ရာသဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြပြီး အဆိုပါရင်းနှီးမြှုပ်နှံမှုများ၌ အစိမ်းရောင်စွမ်းအင်၊ ကုန်းပြင်မြင့်ပုံစံ ခေတ်မီစိုက်ပျိုးရေး၊ အဆင့်မြင့်ကုန်ထုတ်လုပ်မှုများ၊ ထုတ်ကုန်ပစ္စည်းအသစ်များ၊ ဇီဝဆေးဝါးထုတ်လုပ်ခြင်း၊ အထွေထွေကျန်းမာရေးဆိုင်ရာလုပ်ငန်းများ အစရှိသည့် တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်၏ အဓိကကျသည့် စက်မှုလုပ်ငန်း ၁၂ ခုအပေါ်တွင် အခြေခံ၍ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

နိုဝင်ဘာ ၁၉ ရက်တွင် ကျင်းပသည့်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်က ဂုဏ်ပြုသဝဏ်လွှာပေးပို့ခဲ့ပြီး သမ္မတက တရုတ်နိုင်ငံနှင့် တောင်အာရှနိုင်ငံများသည် အပြန်အလှန်ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များဖြစ်ကာ နှစ်ဦးနှစ်ဖက်ကဏ္ဍစုံ လက်တွေ့ပူးပေါင်းဆောင်ရွက်မှုများ နက်ရှိုင်းခဲ့ပြီး စီးပွားရေးနှင့် ကုန်သွယ်ရေးကူးလူးဆက်ဆံမှုများသည် ကောင်းမွန်သော ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်များကို ထိန်းသိမ်းထားနိုင်ကာ နိုင်ငံအသီးသီးမှ ပြည်သူများအား အကျိုးပြုနိုင်ခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲကို ပလက်ဖောင်းအဖြစ် မှတ်ယူ၍ နိုင်ငံအသီးသီးနှင့်အတူ စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို



စုစည်းရန်၊ ဘုံဖွံ့ဖြိုးတိုးတက်မှုကို အတူရှာဖွေရန်၊ ပူးပေါင်းဆောင်ရွက်မှုအသစ်များကို အဆက်မပြတ်ဖန်တီးရန် ဆန္ဒရှိကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်၍ ဗီဒီယိုမှတစ်ဆင့် အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံမှ ကုမ္ပဏီသုံးခုခန့်ကလည်းပြပွဲတွင် ပါဝင်ပြသခဲ့သည်။

**ခင်ရတနာ**

**(Source, Xinhua News/ တရုတ်သံရုံး)**

# မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်း ဆဋ္ဌမအကြိမ် စုံညီတွေ့ဆုံပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၇

နိုင်ငံတော်မှ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားကြီးများ၏ နိုင်ငံနှင့် ပြည်သူအတွက် ကြိုးစားပေးမှုကို ဂုဏ်ပြုသောအားဖြင့် အသက် ၆၀ ပြည့်မြောက်ချိန်မှစပြီး အသက်ရှင်နေသမျှ ကာလပတ်လုံး လစဉ်ချီးမြှင့်ကြေးများ ထောက်ပံ့ပေးလျက်ရှိရာ ယခုဆိုလျှင် ၂၂၃ ဦးအတွက် စုစုပေါင်းငွေကျပ် ၁၄၄ သိန်း လစဉ်ချီးမြှင့်ပေးနေပြီဖြစ်ကြောင်းနှင့် ထပ်မံ၍ အသက် ၆၀ ပြည့်ပြီးသူများကို ခံစားခွင့်ရရှိနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပြောကြားသည်။



ယနေ့နံနက်ပိုင်းက သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည့် မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်း ဆဋ္ဌမအကြိမ် စုံညီတွေ့ဆုံပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်က ချီးမြှင့်သည့် ဘွဲ့ထူး၊ ဂုဏ်ထူးများ ရရှိရေးကို စိစစ်ထောက်ခံပေးလျက်ရှိကြောင်းနှင့် ယနေ့အထိ ၄၂၀ ရရှိပြီးဖြစ်ကြောင်း၊ ဆက်လက်၍ စိစစ်ထောက်ခံပေးသွားမည်ဖြစ်ကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၃ ခုနှစ် မေလအတွင်း ကျင်းပမည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ (၃၃)ကြိမ်မြောက်နှင့် နောက်ပိုင်းကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ၊ အာရှအဆင့်ပြိုင်ပွဲများ၊ နိုင်ငံတကာအဆင့် ဖိတ်ခေါ်ပြိုင်ပွဲများတွင် ထိုက်သင့်သည့် အောင်မြင်မှုရရှိစေရန် အိုလံပစ်အားကစားနည်းများအပါအဝင် အားကစားနည်းများ ရွေးချယ်သတ်မှတ်ပြီး နည်းပြ/ ဒိုင်သင်တန်းများ၊ အားကစားအခြေခံ/ အဆင့်မြှင့်သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ အားကစားကလပ်များကို ပံ့ပိုးပေးခြင်း၊ လက်ရှိကျင်းပနေသည့် ပြိုင်ပွဲများအပြင် ကလပ်ပေါင်းစုံပြိုင်ပွဲများ ကျင်းပပေးခြင်း၊ ပြိုင်ပွဲအသီးသီးက ထူးချွန်သည့် အားကစားသမားများကို အသက်အရွယ်နှင့် ထူးချွန်မှုအလိုက် အားကစားနှင့် ကာယပညာသိပ္ပံများနှင့် လူငယ်အားကစားလေ့ကျင့်ရေးစခန်းတို့တွင် လက်ခံလေ့ကျင့်ပေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့သည်။

ယင်းအခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်းအတွက် ငွေကျပ် ၁၀ သိန်း၊ စပို့ရှပ် အထည် ၂၅၀ နှင့် Truck Suit ၂၇ စုံကို ပေးအပ်ခဲ့ပြီး အလှူရှင်များက တာဝန်ရှိသူများထံ လှူဒါန်းငွေများ ပေးအပ်လှူဒါန်းခြင်း၊ မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်း၏ နှစ်ပတ်လည် မဂ္ဂဇင်းဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးကူညီခဲ့သူများကို အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခြင်း၊ ၂၀၂၁-၂၀၂၂ အတွက် ထုတ်ဝေသော မဂ္ဂဇင်းများကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်၊ အမျိုးသားမှတ်တမ်းများ၊ မော်ကွန်းတိုက်ဦးစီးဌာန၊ အမျိုးသားစာကြည့်တိုက်နှင့် စာပေဗိမာန်စာကြည့်တိုက်များသို့ လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရန်ကုန်ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဝန်ထမ်းများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ယမန်နေ့ ညနေပိုင်းက တွေ့ဆုံ၍ ရင်းရင်းနှီးနှီး အတူတကွ ညစာသုံးဆောင်ကာ မိမိနိုင်ငံအတွက် အကျိုးပြုနိုင်သည့် အားကစားသမားကောင်းများ၊ ဝန်ထမ်းကောင်းများ ဖြစ်အောင် ကြိုးစားအားထုတ်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

**သတင်းစဉ်**

# ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးဇုန်အား ရေရှည်တည်တံ့သော စီးပွားဖြစ်ထုတ်လုပ်မှုဖြစ်စေရေး ကြိုးပမ်း

နေပြည်တော် နိုဝင်ဘာ ၂၇



တိရစ္ဆာန်အစာ စိုက်ပျိုးကျွေးမွေးသည့် မွေးမြူရေးစနစ် ထွန်းကားလာစေရန် မွေးမြူရေးခြံတည်ထောင်ဆောင်ရွက်ခြင်းနှင့်အတူ စိတ်ဝင်စားလုပ်ကိုင်လိုသည့် မွေးမြူရေးတောင်သူများကိုလည်း လိုအပ်ချက်များ ကူညီဖြည့်ဆည်းပေးနိုင်ရေးနှင့် ကူးစက်ရောဂါ ကာကွယ်ရေးအတွက် စောင့်ကြည့်လေ့လာကြရန်လိုကြောင်း နိုဝင်ဘာ ၂၆ ရက်က ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးဇုန်ရှိ မွေးမြူရေးတောင်သူများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောကြားသည်။

တွေ့ဆုံပွဲတွင် ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းတာဝန်ခံက ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်အတွင်း မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် မွေးမြူရေးထွက်ကုန်များ ထုတ်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ရန်ကုန်မြို့နေပြည်သူများ၏ ဟင်းသီးဟင်းရွက်နှင့် သားငါးလိုအပ်ချက် ဖူလုံစွာဖြည့်ဆည်းပေးနိုင်ရေးနှင့် ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့ရောင်းချရန်၊ ဖော်ထုတ်လုပ်ကိုင်နိုင်သည့် မြေသယံဇာတများကို သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကိုထိခိုက်မှုမရှိစေဘဲ ဈေးကွက်စံချိန်စံညွှန်းများနှင့် ညီညွတ်သည့် အသားကဏ္ဍမွေးမြူထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရေးနှင့် ကုန်ချောထုတ်လုပ် တင်ပို့မှု တိုးမြှင့်ရေး စီမံဆောင်ရွက်ရန် လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် အင်းစိန်မြို့နယ် ကြို့ကုန်းရှိ စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပြောင်းလဲနေသော ရာသီဥတုနှင့်အတူ မြေဆီလွှာပြောင်းလဲမှုဖြစ်စဉ်များကို လေ့လာဆန်းစစ်ခြင်း၊ ရေအရည်အသွေးဓာတ်ခွဲစစ်ဆေးခြင်းနှင့် မြေသြဇာနမူနာများ စစ်ဆေးခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန် လိုအပ်ချက်များ၊ အသိပညာပေးလုပ်ငန်းနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် အင်းစိန်မြို့နယ် ကြို့ကုန်း(အနောက်)ရှိ MSL Industries Co.,Ltd. အအေးခန်းစက်ရုံ၏ ငါးနှင့် ပုစွန် အေးခဲလုပ်ငန်းဆောင်ရွက်နေမှုနှင့် ပြည်ပသို့ ကုန်ချောအဖြစ် တင်ပို့နေမှုလုပ်ငန်းများကို ကြည့်ရှုအားပေးကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့သည်။

**သတင်းစဉ်**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၄၂၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၂၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ် စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၄၄၂၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

သင့်ကျန်းမာရေးအတွက် နေ့စဉ်နံနက်စောစောလမ်းလျှောက်ပေးပါ

# အခုလို ဘွဲ့ချီးမြှင့်တဲ့အခါမှာ ခရစ်ယာန်ဂိုဏ်းအသီးသီးကိုလည်း အသိအမှတ်ပြုပေးတယ်ဆိုတဲ့အခါ တော်တော်လေးအံ့သြဝမ်းသာပါတယ်

**သိက္ခာတော်ရဆရာ ဒေါက်တာအေးမင်း**

**သတင်းအဖွဲ့**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၂၁၁/၂၀၂၂ ဖြင့် နယ်ပယ်အသီးသီးတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသောပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များကို ချီးမြှင့်ခဲ့သည်။

အဆိုပါဘွဲ့၊ တံဆိပ်များချီးမြှင့်ခံရသည့်ပုဂ္ဂိုလ်အချို့၏ ဝမ်းမြောက်စကားသံများကို မြန်မာ့သတင်းစဉ်က စုစည်းဖော်ပြလိုက်ပါသည်။



သိက္ခာတော်ရဆရာ
ဒေါက်တာအေးမင်း



ဒေါ်သက်သက်ရွှေ
(ဒေါက်တာတင်ရွှေ)၏သမီး



ဦးအောင်ချိုမြင့်
(ပိုက်ကျော်ခြင်းနည်းပြ)



ခိုင်နှင်းဝေ
(ရုပ်ရှင်သရုပ်ဆောင်)

**သိက္ခာတော်ရဆရာ ဒေါက်တာအေးမင်း၊ သီရိပျံချီဘွဲ့**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဇေဝဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်**

ကျွန်တော်ကတော့ မြန်မာနိုင်ငံ ဇေဝဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် Rev. ဒေါက်တာအေးမင်း ဖြစ်ပါတယ်။ အခုလို မမျှော်လင့်ဘဲနဲ့ နိုင်ငံတော်ကနေပြီးတော့ ဘွဲ့ချီးမြှင့်တာကို ကြားရတဲ့အခါ ကျွန်တော်က မြစ်ကြီးနားကို ရောက်နေတာပါ။ တော်တော်လေး အံ့သြမိပါတယ်။ ဘာဖြစ်လို့ အံ့သြမိသလဲဆိုတော့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ သမိုင်း၊ ကျွန်တော့်ရဲ့အတွေ့အကြုံအရဆိုရင်တော့ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ဗုဒ္ဓဘာသာအများစုနေထိုင်တဲ့ နိုင်ငံဖြစ်တယ်။ တခြားဘာသာတွေက အနည်းစု ဖြစ်တာပေါ့။ အခုလို ဘွဲ့ချီးမြှင့်တဲ့အခါမှာ ခရစ်ယာန်ဂိုဏ်းအသီးသီးကိုလည်း အသိအမှတ်ပြုပေးတယ်ဆိုတဲ့အခါ တော်တော်လေးအံ့သြဝမ်းသာပါတယ်။ ခရစ္စမတ်လည်း ရောက်လာတဲ့အခါ မြန်မာပြည်ကြီးမှာ ငြိမ်းချမ်းပါစေ၊ အမြန်ဆုံး ကျန်းမာပါစေလို့ ဆုမွန်ကောင်းတောင်းပြီးတော့မှ လုပ်ဆောင်သွားဖို့ ခွန်အားတွေဖြစ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**(ဒေါက်တာတင်ရွှေ)- သိပ္ပကျော်စွာဘွဲ့**
**(ဒေါက်တာတင်ရွှေ)၏သမီး ဒေါ်သက်သက်ရွှေ**

ဖေဖေကတော့ ဆေးပညာမှာ ထူးချွန်အောင်သူ့ကိုယ်သူ ကြိုးစားခဲ့ပါတယ်။ ပြီးတော့ စာပေလောကမှာလည်း တော်တော်ကြီးကို သူ့အနေနဲ့ ဝါသနာပါတဲ့ စာတွေကို ရေးသားခဲ့ပါတယ်။ သူ့ရဲ့ ရည်ရွယ်ချက်က ပညာကို သေရွာကို ယူမသွားကြေးဆိုတဲ့ ရည်ရွယ်ချက်နဲ့ သိပ္ပံပညာနဲ့ဆိုင်တဲ့ စာအုပ်တွေရော၊ ဝိဇ္ဇာပညာနဲ့ဆိုင်တဲ့ စာအုပ်တွေရော ပြုစုရေးသားထုတ်ဝေခဲ့ခြင်း ဖြစ်ပါတယ်။ သူသာသိရင်တော့ တော်တော်လေးပီတိဖြစ်ပါလိမ့်မယ်။

**ဦးအောင်ချိုမြင့်၊ လူမှုထူးချွန်(တတိယဆင့်)**
**ပိုက်ကျော်ခြင်းနည်းပြ**

နိုင်ငံတကာပြိုင်ပွဲတွေ၊ ဆီးဂိမ်းပွဲတွေ၊ အာရှပွဲတွေ ကျွန်တော်တို့ သွားရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ သွားရောက်ယှဉ်ပြိုင်ခဲ့တဲ့အချိန်မှာ ကျွန်တော်တို့ ဆုတံဆိပ်တွေများစွာရရှိခဲ့ပါတယ်။ အဲဒီစွမ်းဆောင်ချက်တွေကြောင့် နိုင်ငံတော်ကနေ ဒီလိုအဆင့်မြင့်တဲ့ လူမှုထူးချွန်(တတိယဆင့်)ကို ချီးမြှင့်ခဲ့ပါတယ်။ ကျွန်တော်တို့ စွမ်းဆောင်ချက်နဲ့ နိုင်ငံတော်က ချီးမြှင့်တယ်လို့ ခံယူပြီးတော့ အတိုင်းမသိဝမ်းသာပျော်ရွှင်ဖြစ်မိပါတယ်။ နိုင်ငံတော်ကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။

**ခိုင်နှင်းဝေ၊ လူမှုထူးချွန်ဆု(တတိယဆင့်)**
**(ရုပ်ရှင်သရုပ်ဆောင်၊ ခိုင်နှင်းဝေရင်သွေးလေးများဂေဟာ)**

ပရဟိတလုပ်ငန်းကို ၂၀၁၄ ခုနှစ်ကစပြီး ရေဘေးမှာ စတင်လုပ်ဆောင်ခဲ့တာပါ။ မိဘမဲ့ကလေးတွေကို ပြုစုစောင့်ရှောက်ခဲ့တာက ၂၀၁၈ ခုနှစ်က စတင်ခဲ့တာပါ။ ပရဟိတလုပ်ငန်းကို စတင်လုပ်ဆောင်ချိန်မှာ အတိုက်အခံတွေကြားက ရုန်းကန်ပြီး လုပ်ဆောင်ခဲ့ရပါတယ်။ အမျိုးသမီးတစ်ဦးဖြစ်တဲ့အတွက် အမျိုးသားတွေထက်ပိုပြီး ရုန်းကန်ခဲ့ရပါတယ်။

အခု မိဘမဲ့ကလေးငယ် ၆၆ ဦးကို မွေးမြူစောင့်ရှောက်ထားပြီးတော့ ကလေးငယ်နှစ်ဦးက စပြီး မိဘမဲ့ဂေဟာလေးကို စတင်ခဲ့တာပါ။ လူမှုထူးချွန်ဆု(တတိယဆင့်)ရရှိမှုအပေါ် အထူးပဲ ကျေးဇူးတင်ပြီး ဝမ်းလည်းသာတယ်။ လူမှုထူးချွန်ဆုကို ကျွန်မမှ မဟုတ်ပါဘူး။ အခြားသောပရဟိတလုပ်ဆောင်သူတွေကိုလည်း ရစေချင်ပါတယ်။ ပရဟိတလုပ်ငန်းအားလုံး စည်းစည်းလုံးလုံးနဲ့ ဆက်ပြီး လုပ်ဆောင်မယ်ဆိုရင် အခက်အခဲရှိသူတွေကို မြန်မြန်ဆန်ဆန်နဲ့ ထိထိရောက်ရောက် ကူညီနိုင်မှာပါ။

ပရဟိတလုပ်ငန်းမှာ အခက်အခဲတွေရှိပေမယ့် ရုပ်ရှင်သရုပ်ဆောင်တစ်ဦးအနေနဲ့ အခက်အခဲကြုံတွေ့နေရသူတွေကို တွေ့ရတဲ့အခါမှာ ကျွန်မဟာ ကျွန်မအတွက် ရှင်သန်တာမဟုတ်ဘဲ သူတို့အတွက် ရှင်သန်ရမယ်ဆိုတဲ့အတွေးရှိခဲ့တယ်။

ဒီကိုရောက်လာတဲ့ ကလေးတွေဟာ တစ်ရက်ပြီးတစ်ရက် အသက်ရလာတာကြောင့် သူတို့လေးတွေရဲ့နောင်ရေးကို အများကြီးကြိုးစားရဦးမှာပါ။ နောက်ထပ်ရောက်လာမယ့် ကလေးတွေအတွက်လည်း ကြိုးစားရဦးမှာပါ။ မိမိလုပ်ဆောင်နိုင်သရွေ့ လုပ်ဆောင်သွားဖို့လည်းရှိပါတယ်။ အခုလို နိုင်ငံတော်က အသိအမှတ်ပြုပြီး လူမှုထူးချွန်ဆုချီးမြှင့်မှုအပေါ် ဝမ်းသာဂုဏ်ယူပါတယ်။ ဘာလို့လဲဆိုတော့ အသိအမှတ်ပြုမှုအပေါ်မှာ အမောပြေပြီး ဆက်လက်ကြိုးစားဖို့ခွန်အားတွေလည်း ရရှိစေလို့ပါ။

## ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၂၇

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုထက်ပိုနိုင်ပြီး ကချင်ပြည်နယ်တွင် ရွာသွန်းမှုအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ရွာသွန်းမှုခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ငါးရက်မှ ရှစ်ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တစ်ရက်မှ လေးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)နှင့် ကချင်ပြည်နယ်တို့တွင် ဒီဇင်ဘာလ ပျမ်းမျှအပူချိန်၏ (၁.၅)ဒီဂရီစင်တီဂရိတ်နှင့်အထက် ပိုနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၆ ရက်မှ ၂၅ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ခြောက်ရက်မှ ၁၅ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဒီဇင်ဘာလအတွင်း ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် တစ်ပေမှ သုံးပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် သုံးပေမှ လေးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ သုံးပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ သုံးပေခန့်၊ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့နှင့် ဘားအံမြို့တို့တွင် နှစ်ပေခွဲမှ လေးပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေမှ သုံးပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်သည်။

မိုး/ဇလ

■

# ကမ္ဘာ့မြေပြိုမှုများနှင့် သဘာဝဘေးကြောင့် နောက်ဆက်တွဲဆုံးရှုံးမှုများ

**အောင်ထက်လင်း(ကြိမ်ချောင်း)**

မြေပြိုခြင်းဆိုသည်မှာ ကမ္ဘာမြေထု၏ဆွဲငင်အားကြောင့် မြေသားများ၊ ကျောက်တုံးများ၊ အော်ဂဲနစ်ပစ္စည်းများသည် မြင့်ရာဘက်မှ နိမ့်ရာဘက်သို့ ရွေ့လျားသွားခြင်းဖြစ်ပြီး အကျိုးဆက်အနေဖြင့် မြေပြင်ပေါ်တွင် အသွင်အပြင်သဏ္ဌာန်အသစ်တစ်ခု ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။ မြေပြိုခြင်းသည် အခြားသော သဘာဝဘေးအန္တရာယ်များဖြစ်သည့် ငလျင်လှုပ်ခြင်း၊ ဆူနာမီဖြစ်ပေါ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ခြင်းနှင့် ရေကြီးခြင်းတို့ကဲ့သို့ပင် လူသားတို့၏ အသက်အိုးအိမ်စည်းစိမ်နှင့် ပိုင်ဆိုင်မှုအားလုံးအား ကြီးမားစွာ ဆုံးရှုံးစေသည်။ တောင်ထူထပ်သည့် နေရာများနှင့် တောင်ကုန်းဒေသများတွင် ကြုံတွေ့ရသော ကမ္ဘာတစ်ဝန်းတွင်ဖြစ်ပေါ်နေသည့် သဘာဝဘေးအန္တရာယ်တစ်ခုပင် ဖြစ်သည်။ မြေပြိုရခြင်း၏ အကြောင်းများအားကြည့်ပါက ဘူမိဗေဒနှင့် ဆိုင်သည့်အကြောင်းများ၊ မြေသား၏ပုံစံနှင့် တည်ဆောက်ပုံနှင့် ဆိုင်သည့်အကြောင်းများ၊ မြေသား၏ ရုပ်ပိုင်းဆိုင်ရာနှင့် ဆိုင်သည့်အကြောင်းများနှင့် လူသားတို့၏ ကြိုးပမ်းအားထုတ်မှုကြောင့် ဖြစ်ပေါ်လာသည့် အကြောင်းများကြောင့်ဖြစ်သည်ကို တွေ့ရှိရသည်။ မြေပြိုရခြင်းတွင် သဘာဝနှင့်ဆိုင်သော အကြောင်းတစ်ခုအနေဖြင့် မြေသားအတွင်းရှိ ရေနှင့်ဆိုင်သောဖြစ်ပေါ်မှုများ ပြောင်းလဲသွားခြင်းကြောင့် တောင်ကုန်းတောင်စောင်းများ၏ မြေသားတည်ငြိမ်မှုအား မြေကြီးအတွင်းရှိ ရေ၏ဖိအားက ပြောင်းလဲစေခြင်းကြောင့်လည်းဖြစ်သည်။

**မြေပြိုမှုကိုဖြစ်ပေါ်စေသည့် အကြောင်းရင်းများ**

မြေကြီး၏ မြေမျက်နှာပြင်ပေါ်ရှိ သဘာဝ အလျောက်ပေါက်ရောက်နေသည့် သဘာဝ ပေါက်ပင်များ ဆုံးရှုံးသွားမှုကြောင့်လည်း ဖြစ်သည်။ မြေကြီးပေါ်ရှိ နိမ့်ရာမှမြင့်ရာသို့ ဒေါင်လိုက်ပေါက်သော သဘာဝပေါက်ပင်များ၏ ဖွဲ့စည်းမှုပုံစံ၊ မြေသားအတွင်းရှိ အာဟာရဓာတ်များနှင့် မြေသားတည်ဆောက်ပုံများမှာ သစ်တောများမီးလောင်မှုကြောင့်လည်းကောင်း သို့မဟုတ် သတ္တုတူးဖော်မှုများကြောင့်လည်းကောင်း ပျက်စီးဆုံးရှုံးသွားရမှုကြောင့်လည်း ဖြစ်သည်။ မြေပြိုမှု၏ အခြားအကြောင်းများကိုကြည့်ပါက မြေပြင်ပေါ်ရှိ အပေါ်ယံမြေသားတို့အား မိုးသည်းထန်စွာရွာသွန်းမှုကလည်းကောင်း၊ အမြဲမပြတ် စီးဆင်းနေသော မြစ်များကလည်းကောင်း ဖယ်ရှားပစ်ခြင်း၊ ဆီးနှင်းများကျဆင်းခြင်းနှင့် ရေခဲမြစ်များအရည်ပျော်မှုများက ဖယ်ရှားပစ်ခြင်းနှင့် ငလျင်လှုပ်ခြင်းနှင့် မီးတောင်ပေါက်ကွဲမှုတို့ကြောင့်လည်း ဖြစ်ပေါ်သည်ကို တွေ့ရသည်။ လူသားတို့၏လုပ်ဆောင်မှုကြောင့် မြေပြိုမှုကိုဖြစ်ပေါ်စေသည့် အကြောင်းရင်းများမှာ သစ်တောများခုတ်ထွင်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ပြုလုပ်ခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ လေးလံသော သယ်ယူပို့ဆောင်ရေးယာဉ်များ ဖြတ်သန်းသွားလာမှု၏ တုန်ခါမှုကြောင့်နှင့် ချုံနွယ်ပင်များအားမီးရှို့ခြင်းအားဖြင့် နက်ရှိုင်းစွာ အမြစ်တွယ်နေသော သဘာဝပေါက်ပင်များ ဖျက်ဆီးဖယ်ရှားလိုက်ခြင်းကြောင့်ဖြစ်သည်။

မြေပြိုခြင်း၏ နောက်ဆက်တွဲ အကျိုးဆက်များကိုကြည့်ပါက စီးပွားရေးဆိုင်ရာ ဆုံးရှုံးမှုများ အနေဖြင့် ပျက်စီးသွားသောအဆောက်အအုံများအား ပြန်လည်ပြင်ဆင်ရခြင်း၊ အစားထိုးဆောက်လုပ်ရခြင်းနှင့် ထိန်းသိမ်းမှုများပြုလုပ်ရသောကြောင့် တိုက်ရိုက်ဆုံးရှုံးမှုများဖြစ်ပေါ်သကဲ့သို့ သွယ်ဝိုက်သော ဆုံးရှုံးမှုများအနေဖြင့် ကုန်ထုတ်လုပ်မှုများဆုံးရှုံးခြင်း၊ အခွန်ငွေများဆုံးရှုံးခြင်း၊ မြေသားများ၏ တန်ဖိုးများလျော့နည်းသွားခြင်းတို့အား ကြုံတွေ့ရသည်။ ကမ္ဘာတစ်ဝန်း မြေပြိုမှုကြောင့် ငွေကြေးဆိုင်ရာ ဆုံးရှုံးနေရမှုများကိုကြည့်ပါက မှတ်တမ်းများအရ နှစ်စဉ် ဆုံးရှုံးငွေများအဖြစ် ဂျပန်နိုင်ငံတွင် အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၇၀၀၊ အီတလီနိုင်ငံတွင် သန်း ၂၆၀၀၊ အမေရိကန်ပြည်ထောင်စုတွင် သန်း ၁၈၀၀၊ အိန္ဒိယနိုင်ငံတွင် သန်း ၃၅၀၀၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် သန်း ၅၀၀၊ စပိန်နိုင်ငံတွင် သန်း ၂၂၀၊ ကနေဒါနိုင်ငံတွင် သန်း ၅၀၊ ဟောင်ကောင်တွင် ၂၅ သန်း၊ နယူးဇီလန်နိုင်ငံတွင် ၁၂ သန်းနှင့် နော်ဝေနိုင်ငံတွင် ခြောက်သန်းခန့် အသီးသီးဖြစ်သည်ကို တွေ့ရှိရသည်။ ထို့ပြင် ကမ္ဘာတစ်ဝန်း နှစ်စဉ်မြေပြိုမှုကြောင့် အသက်ဆုံးရှုံးရသည့် လူပေါင်းမှာ ၆၀၀ မှ ၁၀၀၀ ခန့် အတွင်းရှိကြောင်း တွေ့ရှိရသည်။

**မြေထိန်းနံရံများ တည်ဆောက်**

မြေပြိုမှုများ ဖြစ်ပေါ်ပြီးပါကလည်း နောက်ဆက်တွဲမဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းများအနေဖြင့် မြေပြိုသည့်နေရာများ၏ ရေစီးကြောင်းများတွင်ရှိနေသော ပျက်စီးသွားသည့် ပစ္စည်းများကို ဖယ်ရှားရန်၊ မြေပြိုမှုကြောင့်ဖြစ်ပေါ်လာသော ကျောက်တုံးကြီးများ၊ အခြားအကျိုးအပဲ့ အပျက်အစီးများ၊ သစ်ကိုင်းသစ်ခက်များကို ဖယ်ရှားရန်နှင့် ဆင်ခြေလျှောပေါ်ရှိ မြေသားများ၏ ခိုင်မာမှုအား ပြုလုပ်ပေးရန်လည်း လိုအပ်မည်ဖြစ်သည်။ မြေပြိုမှုများမဖြစ်ပေါ်စေရန် ကာကွယ်သည့် လုပ်ငန်းများအနေဖြင့် မြေပြိုနိုင်ခြေရှိသော နေရာများကို မျဉ်းဆွဲ၍ ခွဲခြားသတ်မှတ်ထားရန်၊ မြေပြင်ပေါ်ရှိ ဆင်ခြေလျှောနေရာများအား လျော့နည်းအောင် ပြုလုပ်ထားရန်၊ မြေပြင်ပေါ်ရှိ ဆင်ခြင်လျှောနေရာများ၏ ခြေရင်းများတွင် အခြားပစ္စည်းများအား စုပုံထားရန်၊ ဆင်ခြေလျှောပေါ်ရှိ ကျောက်များ၊ မြေသားများ၏ ပမာဏအား လျှော့ချထားရန်၊ ဆင်ခြေလျှောပေါ်ရှိ မြေသားများပေါ်တွင် ကြီးထွားနှုန်းမြန်ဆန်သည့်အပင်များ၊ ကြံ့ခိုင်သောအမြစ်ရှိသည့်အပင်များကို စိုက်ပျိုးထားရန်နှင့် ဆင်ခြေလျှော၏ ခြေရင်းများတွင် ထူးကဲသည့် မြေထိန်းနံရံများ တည်ဆောက်ထားရန်တို့ဖြစ်သည်။

မြေပြိုမှုများနှင့်ပတ်သက်၍ မြေပြိုသည့်နေရာများတွင် မြေပြိုရသည့် အကြောင်းအချက်များကို ရှာဖွေရန်နှင့် မြေပြိုမှုဖြစ်ပွားသည့်ဖြစ်စဉ်နှင့် ဆင်ခြေလျှောများတွင် မြေပြိုမှုများအား ဖြစ်ပွားစေရန်အတွက် လွှမ်းမိုးထားသည့်အချက်များကိုလည်း နားလည်သဘောပေါက်ထားရန် လိုအပ်သည်။ နယ်သာလန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ အာကာသလေ့လာရေးနှင့် မြေပြင်ဆိုင်ရာ သိပ္ပံတက္ကသိုလ်၊ အိန္ဒိယနိုင်ငံ ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဗဟိုဌာနတို့၏ မြေပြိုခြင်း၊ မြေပြိုမှုလျှော့ချရေးနှင့်ပတ်သက်သည့် လေ့လာတွေ့ရှိချက်များသည်။ မြေပြိုမှုများ၏ ဖြစ်စဉ်နှင့်မြေပြိုရခြင်း၏ အဓိကအကြောင်းများအားသိရှိပြီး မြေပြိုမှုအန္တရာယ်အား လျှော့ချသွားရန်အတွက် လေ့လာရမည့်အချက်များဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့အနောက်ပိုင်း အောင်သစ်လွင်ရပ်ကွက်တွင် ၂၀၂၂ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့ နံနက် ၆ နာရီ ၂၅ မိနစ်ခန့်က မြေပြိုမှုကြောင့် ၁၁ ဦး သေဆုံးကာ သုံးဦးကိုအသက်ရှင်လျက် ကယ်ဆယ်ရရှိခဲ့ကြောင်း မိုးကုတ်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ထံမှ သိရသည်။ ဖြစ်စဉ်မှာ မိုးကုတ်မြို့အနောက်ပိုင်း အောင်သစ်လွင်ရပ်ကွက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူနေအိမ်လေးလုံးပေါ်သို့ မြေပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူ ၁၄ ဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနများက သဘာဝဘေးဖြစ်ပွားသည့်အချိန်တွင် အရေးပေါ်စားနပ်ရိက္ခာများ၊ ကယ်ဆယ်ရေးပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများနှင့် ဆန်ရိက္ခာဖိုးငွေများအပြင် သဘာဝဘေးကြောင့် သေဆုံး၊ ဒဏ်ရာရသူများအတွက် ထောက်ပံ့ကြေးပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ သဘာဝဘေးဖြစ်ပွားပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် သဘာဝဘေးနှင့် လူစည်ကားရာနေရာများတွင် အသိပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

**ဒုတိယအများဆုံးနိုင်ငံ**

အညာဒေသအချို့တွင် လတ်တလော ရေစီးဆင်းခြင်းမရှိသည့် ချောင်းခြောက်များမှလည်း မိုးသည်းထန်မှုကြောင့် ရေများအလုံးအရင်းဖြင့် ကျဆင်းလာနိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။ ရုတ်တရက်ရေလွှမ်းမိုးမှုတွင် ဖြစ်ပေါ်လေ့ရှိသည်မှာ မြေပြိုခြင်း၊ မြစ်ချောင်းကမ်းပါးများ၊ တောင်ကုန်းကမ်းပါးများပြိုကျခြင်း၊ ပြင်းထန်သော ရေစီးကြောင်းများဖြစ်ပေါ်ခြင်း၊ မြို့များတွင် ရေဖုံးလွှမ်းသွားသည့်အခါ ဘေးအန္တရာယ်မျိုးစုံကြုံတွေ့နိုင်ခြင်းများသည် မလွဲမသွေကျရောက်နိုင်သည်။ သဘာဝဘေးအန္တရာယ်ဆိုသည်မှာ အချိန်မရွေးပေါ်ပေါက်လာနိုင်သဖြင့် ကြိုတင်ကာကွယ်ပြင်ဆင်ခြင်းဖြင့် သတိပြုကြရန်ဖြစ်သည်။ ၂၀၁၅ ခုနှစ်က ထုတ်ပြန်ထားသည့် Climate Risk Index, German Watch အစီရင်ခံစာများအရ ကမ္ဘာပေါ်ရှိနိုင်ငံများတွင် မြန်မာနိုင်ငံသည် ဘေးအန္တရာယ်ကျရောက်ခံရမှုတွင် ဒုတိယအများဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။ အချိန်အခါမရွေး ကျရောက်လာနိုင်သော သဘာဝဘေးအန္တရာယ်က မြန်မာတို့၏ အိမ်တံခါးကို ခေါက်လျက်ရှိသည်။ မွန်ပြည်နယ် ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာတွင် ၂၀၁၉ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့က မြေပြိုမှုဖြစ်ပွားခဲ့သည်။ အဆိုပါနေရာရှိ အိမ်ခြေများ မြေကြီးအောက်သို့ ချက်ချင်းရောက်သွားသည်။ မြေပြိုမှုဖြစ်စဉ်ကို မျက်မြင်ထင်ရှားတွေ့လိုက်ရသူများအတွက် သဘာဝဘေးအန္တရာယ်ကို သတိပြုမိကြပြီဖြစ်သည်။ နောက်ဆုံးစာရင်းအရ မြေပြိုမှုကြောင့် လူ ၆၆ ဦး သေဆုံးခဲ့ရသည်။

၂၀၁၀ ပြည့်နှစ် ရခိုင်ပြည်နယ် ဘူးသီးတောင် မောင်တောတွင် မြေပြိုမှုကြောင့် လူ ၄၆ ဦး သေဆုံးပြီးနောက် ယခုတစ်ကြိမ်သည် အများဆုံးသေဆုံးမှုဖြစ်သည်။ မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ်တွင် ကျောက်တူးဖော်ရေးလုပ်ငန်းများလည်းရှိရာ ယင်းလုပ်ငန်းများကြောင့်လည်း မြေပြိုမှုဖြစ်စဉ်အပေါ် သက်ရောက်မှုရှိနိုင်ကြောင်း ဘူမိဗေဒပညာရှင်များက သုံးသပ်ပြောကြားသည်။ ကျောက်မိုင်းလုပ်ငန်းများကြောင့် သဘာဝတောတောင်များ တဖြည်းဖြည်းပျောက်ဆုံးလာခြင်း၊ ရာသီဥတုပြောင်းလဲမှု ပြင်းထန်လာခြင်း၊ ရေကြီးခြင်း၊ တောင်ပြိုခြင်းနှင့် ကမ်းပါးပြိုခြင်းတို့ ထိခိုက်ခံစားရကြောင်း ယင်းဒေသခံ ၅၀ ဒသမ ၂၁ ရာခိုင်နှုန်းက အစီရင်ခံစာတွင် ဖော်ပြထားသည်။ ပေါင်မြို့နယ် ကုလားမတောင်ပေါ်တွင် ကျောက်မိုင်း မိုင်းခွဲသံများကြောင့် ထိတ်လန့်ခြင်း၊ စမ်းချောင်း နှစ်ခု ရေခန်းခြောက်ကာ လယ်ဧက ၂၀၀ ကျော် သဲနုန်းဖုံးလွှမ်းခြင်း၊ ဥယျာဉ်ခြံမြေစိုက်ပျိုးမှု အခက်အခဲများကြုံရခြင်း စသည်တို့ကြောင့် အကြိမ် ၇၀ ခန့် ကန့်ကွက်စာတင်ပြပြီး ဆန္ဒထုတ်ဖော်မှု နှစ်ကြိမ် လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ရာသီဥတုပြောင်းလဲခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ပြောင်းလဲခြင်းဒဏ်ကို ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံလည်း ခံစားနေရပြီဖြစ်သည်။ သဘာဝဘေးဒဏ်ကို ဆင်းရဲသောနိုင်ငံများက ပိုမိုခံစားရလေ့ရှိကြောင်း ပညာရှင်များကဆိုကြသည်။ မြန်မာ့သမိုင်းတွင် လူအသေအပျောက် အများဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့သော နာဂစ်မုန်တိုင်းသည် ၂၀၀၈ ခုနှစ်တွင် လူ နှစ်သိန်းနီးပါး သေဆုံးခဲ့ရသည်။ ကျပ် ၁၁ ဒသမ ၇၄ ထရီလီယံခန့် ဆုံးရှုံးခဲ့ရသည်ဟု သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ အချက်အလက်များအရ သိရသည်။ တောင်စောင်း၏ ဆင်ခြေလျှောများပေါ်ရှိ မြေဆီလွှာ၊ ကျောက်များနှင့်

စာမျက်နှာ ၁၂ သို့ ☆

> **မြေပြိုမှု၏ အခြားအကြောင်းများကိုကြည့်ပါက မြေပြင်ပေါ်ရှိ အပေါ်ယံမြေသားတို့အား မိုးသည်းထန်စွာရွာသွန်းမှုကလည်းကောင်း၊ အမြဲမပြတ် စီးဆင်းနေသောမြစ်များကလည်းကောင်း ဖယ်ရှားပစ်ခြင်း၊ ဆီးနှင်းများကျဆင်းခြင်းနှင့် ရေခဲမြစ်များအရည်ပျော်မှုများက ဖယ်ရှားပစ်ခြင်းနှင့် ငလျင်လှုပ်ခြင်းနှင့် မီးတောင်ပေါက်ကွဲမှုတို့ကြောင့်လည်း ဖြစ်ပေါ်သည်ကို တွေ့ရသည်။ လူသားတို့၏လုပ်ဆောင်မှုကြောင့် မြေပြိုမှုကိုဖြစ်ပေါ်စေသည့် အကြောင်းရင်းများမှာ သစ်တောများခုတ်ထွင်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများပြုလုပ်ခြင်း၊ အဆောက်အအုံများဆောက်လုပ်ခြင်း၊ လေးလံသောသယ်ယူပို့ဆောင်ရေးယာဉ်များ ဖြတ်သန်းသွားလာမှု၏ တုန်ခါမှုကြောင့်နှင့် ချုံနွယ်ပင်များအားမီးရှို့ခြင်းအားဖြင့် နက်ရှိုင်းစွာအမြစ်တွယ်နေသော သဘာဝပေါက်ပင်များ ဖျက်ဆီးဖယ်ရှားလိုက်ခြင်းကြောင့်ဖြစ်**

# ဓမ္မဂဝေသီတက္ကသိုလ်ဓမ္မာရုံ ရေစက်ချအလှူတော်မင်္ဂလာ ကျင်းပ

**ဘားအံ နိုဝင်ဘာ ၂၇**

ဘားအံတက္ကသိုလ်၌ ဘာသာရေးဆိုင်ရာ အခမ်းအနားများ၊ ပွဲလမ်းသဘင်များ ဆင်ယင်ကျင်းပရာတွင် အသုံးပြုနိုင်ရန် တည်ဆောက်ပြီးစီးသော ဓမ္မဂဝေသီတက္ကသိုလ်ဓမ္မာရုံ ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

**ကြွရောက်ချီးမြှင့်တော်မူ**

ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားသို့ ပြည်နယ်သြဝါဒါစရိယ ဖွဲ့ကပင်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သီရိပျံချီ ဘဒ္ဒန္တကဝိဓဇ၊ တောင်ကလေးပရိယတ္တိ ပဋိပတ္တိသာသနာ့အေးရိပ်သာနာယကချုပ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တပညာသာမိ (တောမိရဟန်း) အမှူးပြုသော ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး ဆရာတော်ကြီးများက ဓမ္မာရုံအတွင်း သီတင်းသုံးတော်မူသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဗုဒ္ဓါဘိသေကအနေကဇာတင် ဆင်ယင်ကျင်းပတော်မူကြသည်။



ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ဘားအံတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ကထိကများ၊ ဌာနမှူးများနှင့် တက်ရောက်လာသူများက ပြည်နယ်သြဝါဒါစရိယ ဖွဲ့ကပင်ကျောင်းဆရာတော် ဘဒ္ဒန္တကဝိဓဇထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ဘားအံတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ၊ ကထိက၊ဌာနမှူးများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြပြီး ဖွဲ့ကပင်ကျောင်းဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကာ ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အင်းစိန်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြသ

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ မီးဘေးကာကွယ်ရေး အသိပညာပေးခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြသခြင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် အင်းစိန်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးရှေ့၌ ဆောင်ရွက်သည်။

မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အင်းစိန်မြို့နယ် စည်ပင်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့် စည်ပင်ဝန်ထမ်းများကို အင်းစိန်မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်ဇင်လတ်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကာကွယ်ရေး အသိပညာပေးခြင်းနှင့် မီးသတ်ဆေးဘူး အသုံးပြုနည်းအဆင့်ဆင့်အား လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြသခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# ကြားဝင်စေ့စပ်ဖြေရှင်းခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်း သိကောင်းစရာသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲ ပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၂၇**

Myanmar International Arbitration Center (MIAC) Incorporated က ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိသည့် Introduction to Mediation and Arbirtation Course ကြားဝင်စေ့စပ်ဖြေရှင်းခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်း သိကောင်းစရာသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၆ ရက်က အမှတ်(၄၉) တတိယထပ် ကျွန်းတောလမ်းနှင့် ဖျာပုံလမ်းထောင့် စမ်းချောင်းမြို့နယ်ရှိ MIAC သင်တန်းခန်းမ၌ ကျင်းပရာ အသင်းကြီး၏ ဗဟိုဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်း၊ ဗဟိုအလုပ်အမှုဆောင်များ၊ သင်တန်းနည်းပြဆရာကြီး ဆရာမကြီးများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သင်တန်းနှင့်ပတ်သက်၍ သင်တန်းတာဝန်ခံ ဦးကျူးခေါင်က ရှင်းလင်းပြောကြားပြီး ဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်းက အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြဆရာကြီး ဆရာမကြီးများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်းက တစ်ဦးချင်းပေးအပ်ခဲ့သည်။ သင်တန်းသား သင်တန်းသူများအား အောင်လက်မှတ်များ တစ်ဦးချင်းပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။



**မောင်မောင်(လှျပ်စစ်)**

# ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု

☆စာမျက်နှာ ၁၁ မှ

ပြန့်ကျဲလျက်ရှိသည့် ကျောက်စ၊ ကျောက်နအရောအနှောများနှင့် သစ်ပင်၊ ဝါးပင်များသည် ကမ္ဘာမြေ၏ ဆွဲအားကြောင့်သော်လည်းကောင်း၊ ငလျင်ကြောင့်သော်လည်းကောင်း၊ မိုးသည်းထန်ခြင်းကြောင့်သော်လည်းကောင်း တောင်ခြေသို့ လျှောကျခြင်း၊ ပြုတ်ကျခြင်း၊ စီးဆင်းခြင်းနှင့် ကမ်းပါးပြိုခြင်းတို့သည် မြေပြိုခြင်းပင်ဖြစ်သည်။ မိုးရာသီတွင် မိုးသည်းထန်ခြင်းကြောင့် အောက်ခံကျောက်စ၊ ကျောက်နများပြိုကျခြင်း၊ အက်ကွဲကြောင်းများ စပေါ်လာခြင်း၊ ဆင်ခြေလျှောရှိအပင်များ ယိုင်နဲ့လာခြင်းစသည့် လက္ခဏာများကို ဖော်ပြလေ့ရှိသည်ဟု ဘူမိဗေဒပညာရှင်များက ဆိုသည်။

မြန်မာနိုင်ငံတွင် မြေပြိုတောင်ပြိုခြင်းများ၏ မှတ်တမ်းများအရ ၁၉၉၀ ပြည့်နှစ်မှစ၍ တဖြည်းဖြည်းအဖြစ်များလာသည်ကို တွေ့ရှိရပြီး လောလောဆယ် ကြုံတွေ့နေရသော ချင်းပြည်နယ် ဟားခါးနှင့် ပတ်ဝန်းကျင်ဒေသတစ်လျှောက်ရှိ နေရာအတော်များများတွင် မြေပြိုတောင်ပြိုခြင်း၊ နိမ့်ဆင်းသွားခြင်းများကို ကြုံတွေ့ရလေ့ရှိပြီး အလားတူဖြစ်ရပ်များသည် တောင်တန်းဒေသများဖြစ်သော နာဂတောင်တန်း၊ ရှမ်း၊ တနင်္သာရီတောင်တန်းနှင့် ပဲခူးရိုးမတစ်လျှောက်တွင်လည်း တွေ့ရှိရသည်။ နှစ်စဉ်ကြုံတွေ့နေရသည့် ရေကြီးခြင်း၊ မြေပြိုခြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များ လျော့ပါးရေးအတွက် စိမ့်တောများကို ကာကွယ်ခြင်းနှင့် သစ်တောများကို အထူးသဖြင့် ရေဝေရေလဲဒေသများတွင် စနစ်တကျ ပြန်လည်ထူထောင်ထားသင့်ကြောင်း ဘူမိဗေဒပညာရှင်များက ပြောသည်။ မြေပြိုသည့်နောက်တွင် အက်ကွဲရာဖြစ်ပေါ်လေ့ရှိပြီး အက်ကွဲရာတဖြည်းဖြည်းကျယ်ပြန့်လာပါက ပြန်ပြိုနိုင်သည့် အလားအလာရှိသည်။ မြေပြိုပြီးသားနေရာများတွင် ထပ်မံပြိုကျနိုင်သည့် အလားအလာများရှိနေတတ်သည်။ ရာသီဥတုအပေါ်မူတည်ကာ မိုးသည်းထန်ပြီး ဆိုးရွားသည့်ရာသီဥတုကြောင့်လည်း ဆင့်ကဲပြိုကျလေ့ရှိသည်ဟု သိရသည်။

**သဘာဝဘေးအန္တရာယ်အခံရဆုံး ထိပ်ဆုံးသုံးနိုင်ငံစာရင်းဝင်**

မြန်မာနိုင်ငံမှာ နာဂစ်ပြီးနောက် ဒုတိယအကြီးဆုံး သဘာဝဘေးဟုယူဆနိုင်သည့် ရေကြီးရေလျှံမှုကို ၂၀၁၅ ခုနှစ်က ကြုံတွေ့ခဲ့ရပြီး အခုအခါတွင်လည်း မလတ်တောင်မြေပြိုမှုသည် လူဦးရေအများဆုံး အသက်ဆုံးရှုံးရသည့် မြေပြိုမှုတစ်ခုဖြစ်သည်။ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် သဲဖြူကုန်းကျေးရွာမြေပြိုမှုအပြင် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် မြေပြိုခြင်း၊ မြေအက်ကွဲခြင်းများ ဖြစ်ပေါ်ခဲ့သည်။ ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ် အခံရဆုံး ထိပ်ဆုံးသုံးနိုင်ငံစာရင်းဝင် မြန်မာနိုင်ငံအတွက် ယနေ့အချိန်အထိ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ သင်ခန်းစာယူပြီး အကောင်းဆုံးမပြင်ဆင်နိုင်သေးခြင်းမှာလည်း ကြီးမားသည့် အားနည်းချက်ဖြစ်၏။ အနည်းဆုံး ပြည်သူ ၇၀ သေဆုံးစေခဲ့ပြီး နေအိမ်၊ ဘုန်းကြီးကျောင်း၊ ဈေးဆိုင်နှင့်ကားများကို စက္ကန့်ပိုင်းအတွင်း ဖျက်ဆီးခဲ့သော သဲဖြူကုန်းကျေးရွာမှ မလတ်တောင် မြေပြိုမှုမှာ အဆိုးရွားဆုံးမြေပြိုမှုဖြစ်သည်။

မြေပြိုကျမှုဖြစ်နေသော နေရာများအနီးသို့ မလိုအပ်ဘဲ မသွားပါနှင့်။ မြေပြိုကျမှုဖြစ်နေသော နေရာများတွင် ရောက်နေပါက တတ်နိုင်သမျှ အမြန်ဆုံး ဘေးလွတ်ကင်းရာသို့ပြေးပါ။ အမြန်ဆုံးမရှောင်ခွာနိုင်ပါက နီးစပ်ရာ ခိုင်ခံ့သောနေရာ၊ အဆောက်အအုံများတွင် ခိုလှုံပါ။ မြေပြိုမှုဖြစ်နေသော နေရာအနီးသို့လာသည့် လူနှင့် ယာဉ်များအား အသိပေးပါ။ မြေပြိုထားသော ပတ်ဝန်းကျင်၊ အဆောက်အအုံများ၊ လျှပ်စစ်မီးကြိုးနှင့် ဝေးဝေးနေပါ။ မြေပြိုခြင်းဒဏ်ခံရသော နေအိမ်အဆောက်အအုံများအား သက်ဆိုင်ရာတာဝန်ရှိသူများ၏ ခွင့်ပြုချက်ရမှသာလျှင် ဝင်ရောက်နေထိုင်ပါ။ မြေပြိုမှုကြောင့် ဒဏ်ရာရသူ ပိတ်မိနေသူများရှိပါက ကယ်ဆယ်ရေးအဖွဲ့သို့ ချက်ချင်းအကြောင်းကြားပြီး လိုအပ်သောအကူအညီများပေးပါ။ မိသားစုဝင်များ ပျောက်ဆုံးကွဲကွာပါက သက်ဆိုင်ရာသို့ ချက်ချင်းအကြောင်းကြားပါ။ မြေပြိုခြင်းများကြောင့် နောက်ဆက်တွဲဖြစ်လာနိုင်သော ရေလွှမ်းမိုးမှု၊ ရွှံ့နုန်းမြေများ၊ မြေသားအစိုင်အခဲများ ပြိုကျစီးဆင်းလာနိုင်မှုတို့အား အထူးသတိပြုနေထိုင်ပါ။ မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်။ မြေပြိုထားသောနေရာများ၌ အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များ၊ တာဝန်ရှိသူများ၏ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ပါ။ ဘေးအန္တရာယ်ကျရောက်ပြီးနောက် ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ နို့တိုက်မိခင်များ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသူများအား အထူးဂရုပြုစောင့်ရှောက်ပေးပါရန်နှင့် သက်ဆိုင်ရာမှ ထုတ်ပြန်ချက်များကို သတိပြုလိုက်နာကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပါကစ္စတန်နိုင်ငံ၌ သီတင်းသုံးပတ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကြောင့် အနည်းဆုံး ၂၀ သေဆုံး



**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၂၇**

ပါကစ္စတန်နိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရသူ အရေအတွက် မြင့်တက်လာခြင်းကြောင့် လွန်ခဲ့သည့်သီတင်းသုံးပတ်အတွင်း ပါကစ္စတန်နိုင်ငံ၏ ဒေသအသီးသီးတွင် သွေးလွန်တုပ်ကွေးရောဂါဖြင့်သေဆုံးသူ အနည်းဆုံး ၂၀ ရှိကြောင်း ဒေသဆိုင်ရာကျန်းမာရေးဌာနများက သတင်းထုတ်ပြန်သည်။

အဆိုပါ သီတင်းသုံးပတ်အတွင်း ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်အရှေ့ပိုင်းတွင် သွေးလွန်တုပ်ကွေးရောဂါကြောင့်သေဆုံးသူ ၁၅ ဦး၊ ဆင်းပြည်နယ်တောင်ပိုင်းတွင် သုံးဦးနှင့် ခိုင်ဘာပက်တွန်ခွာပြည်နယ်အနောက်မြောက်ပိုင်းတွင် နှစ်ဦး အသီးသီးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက နိုဝင်ဘာ ၂၆ ရက်တွင် ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များ အရ သိရသည်။

လွန်ခဲ့သည့် တစ်ရက်အတွင်း ပန်ဂျပ်ပြည်နယ်တစ်ခုတည်းအတွင်း မှာပင် သွေးလွန်တုပ်ကွေးရောဂါကြောင့် လေးဦးသေဆုံးခဲ့ပြီး ပြည်နယ်တစ်ဝန်းတွင် သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူပေါင်း ၄၅ ဦးရှိလာကြောင်း ပြည်နယ်ကျန်းမာရေးဌာနက ပြောကြားသည်။ ပန်ဂျပ်ပြည်နယ်တွင် လက်ရှိအချိန်အထိ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူပေါင်း ၁၈၄၈၇ ဦး ရှိသွားပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဆင်းပြည်နယ်၌ လွန်ခဲ့သည့် တစ်ရက်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၀၄ ဦး တွေ့ရှိခြင်းကြောင့် ဆင်းပြည်နယ်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူပေါင်း ၂၂၀၃၈ ဦးရှိလာကြောင်းနှင့် သေဆုံးသူပေါင်း ၆၁ ဦးရှိလာကြောင်း သိရသည်။

မြို့တော်အစ္စလာမ္မာဘတ်တွင်မူ လွန်ခဲ့သည့်တစ်ရက်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ လေးဦး ထပ်မံတွေ့ရှိပြီး မြို့တော်တစ်ဝန်းတွင် ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ပေါင်း ၅၃၇၈ ဦးရှိကာ သေဆုံးသူ ၁၁ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



## အင်ဒိုနီးရှားနိုင်ငံ၌ ငလျင်လှုပ်ခတ်မှုကြောင့်သေဆုံးသူပေါင်း ၃၂၁ ဦးရှိလာ

**ဂျကာတာ နိုဝင်ဘာ ၂၇**

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်တွင် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့်သေဆုံးသူ ၃၂၁ ဦးအထိရှိလာကြောင်းနှင့် လက်ရှိအချိန်အထိ ၁၁ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ၏ သဘာဝဘေးအေဂျင်စီမှ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ပြင်းအား ၅ ဒသမ ၆ အဆင့်ရှိ မြေငလျင်သည် အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်တွင် နိုဝင်ဘာ ၂၁ ရက်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၂၆ ရက်တွင် ပြုလုပ်သည့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ်အတွင်း သေဆုံးသူရုပ်အလောင်း ရှစ်လောင်းထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် မြေငလျင်လှုပ်ခတ်မှုကြောင့်သေဆုံး သူပေါင်း ၃၁၈ ဦးအထိရှိလာခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ အမျိုးသားဘဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ဘေးအန္တရာယ်လျော့ပါးရေးအေဂျင်စီမှ တာဝန်ရှိသူ ဖာဂျာဆီတီယာဝန်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

ယင်းမြေငလျင်လှုပ်ခတ်မှုဒဏ်အခံရဆုံးဖြစ်သည့် စီယန်ဂျာခရိုင်တွင် လူပေါင်း ၇၇၂၉ ဦး ဒဏ်ရာရရှိခဲ့ပြီး လူနေအိမ် ၅၈၀၄၉ လုံးပျက်စီးခဲ့ကာ ပြည်သူ ၇၃၆၉၃ ဦးသည် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း ဆီတီယာဝန်က ပြောကြားသည်။

မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ငလျင်ဒဏ်သင့်သူများအား ရှာဖွေကယ်ဆယ်ရေးများ လုပ်ဆောင်ရာတွင် အနှောင့်အယှက်ဖြစ်စေခဲ့ကြောင်း အနောက်ဂျာဗားပြည်နယ် ရှာဖွေကယ်ဆယ်ရေးရုံးမှပြောရေးဆိုခွင့်ရှိသူ ဂျိုရှူယာဘန်ဂျာနာဟောက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

စီယန်ဂျာခရိုင်တွင် နောက်သုံးရက်အတွင်း မိုးရွာသွန်းမှုများ ဆက်လက်ဖြစ်ပေါ်မည်ဖြစ်ကြောင်း မိုးလေဝသ၊ ရာသီဥတုဗေဒနှင့် ဘူမိရူပဗေဒ အေဂျင်စီက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၈၉၈ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ နိုဝင်ဘာ ၂၇**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၈၉၈ ဦး ထပ်မံတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၄၉၈၄၂၇၂ ဦးရှိကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါကူးစက်ခံရသူများအနက် နှစ်ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၂၈၉၆ ဦးသည် ပြည်တွင်းကူးစက်ခံရသူများ ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း လေးဦးထပ်မံသေဆုံးခဲ့ရာအဆိုပါရောဂါကူးစက်ခံရမှုကြောင့် သေဆုံးသူပေါင်း ၃၆၆၄၈ ဦး ရှိလာပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း လူနာ ၂၇၈၉ ဦး ကျန်းမာရေးပြန်လည် ကောင်းမွန်လာသည့် အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ရောဂါပြန်လည်သက်သာလာသူပေါင်း ၄၉၂၀၆၁၆ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၇၀၀၈ ဦး ရှိပြီး ယင်းတို့အနက် ၉၇ ဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရပြီး လူနာ ၅၇ ဦးသည် အသက်ရှူအထောက်အကူ ပြုကိရိယာများတပ်ဆင်ထားရကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၆ ဒသမ ၁ ရာခိုင်နှုန်းသည် ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်သည်။ ပြည်သူ ၈၄ ဒသမ ၃ ရာခိုင်နှုန်းသည် ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ပြီး ပြည်သူ ၄၉ ဒသမ ၈ ရာခိုင်နှုန်းသည် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူပြီးဖြစ်ကာ ပြည်သူ ၁ ဒသမ ၇ ရာခိုင်နှုန်းသည် ဒုတိယအကြိမ် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**






## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ခြောက်သောင်းကျော်ရှိလာ

**မနီလာ နိုဝင်ဘာ ၂၇**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၂၃ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၄၅၉၄ ဦး ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၁၃၂၆ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၀၃၃၆၈၂ ဦး ရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၈၄၈၂ ဦးရှိပြီး ၄၅၇ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

လက်ရှိအချိန်အထိ မြို့တော်မနီလာ၌ ရောဂါကူးစက်ခံရသူပေါင်း ၁၂၉၀၇၇၃ ဦးရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှု အရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၇ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၂ ဒသမ ၅ သန်းကျော်အား ကိုဗစ်- ၁၉ ရောဂါကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

■

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၇**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**ဖမ်းဆီးထိန်းသိမ်း**

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အမှတ်(၇)ရပ်ကွက်နေ ကောင်းဇော်ထွန်းသည် ၎င်းအသုံးပြုသည့် "Kaung Zaw Tun" Facebook အကောင့်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် အမှတ်(၅)ရပ်ကွက်နေ ဂျေမန်သည် ၎င်းအသုံးပြုသည့် "J Mann" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



စောအယ်တူလိုနှင့် စောအယ်ဒိုထူးတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## ဝေါမြို့နယ်၌ ငွေကျပ် နှစ်ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် ငွေကျပ်နှစ်ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၁ ရက် ည ၈ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဘုရားကြီး-ဝေါသွားကားလမ်း ညောင်ခါးရှည်ကျေးရွာအနီးတွင် ဘုရားကြီးဘက်မှ မော်လမြိုင်ဘက်သို့ စောအယ်တူလို မောင်းနှင်ပြီး စောအယ်ဒိုထူး လိုက်ပါလာသည့် ခြောက်ဘီးယာဉ်ကို သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုးငွေကျပ် နှစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ဒသမ ၄ သိန်း၊ အိုက်စ် နှစ်ကီလိုနှင့် ဆိုင်ကယ် တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်မှ မွန်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးညှင်းမြို့နယ် ဟိုပင်နှင့် သံဖြူဇရပ်မြို့နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၆ ရက် မွန်းလွဲ ၃ နာရီတွင် မိုးညှင်းမြို့နယ် ဟိုပင်မြို့ ရွာသစ်ကြီးကျေးရွာအနီး ဟိုပင်-နန့်မွန်းသွားကားလမ်းတွင် ခင်မောင်မြင့် မောင်းနှင်လာသော ဆိုင်ကယ်နှင့် ဇော်ဇော်အောင် မောင်းနှင်လာသော ဆိုင်ကယ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၁၀၀ ပြား၊ ဘိန်းဖြူ သုည ဒသမ ၁၁ ကီလိုတို့ကို လည်းကောင်း၊ ထိုနေ့ ညနေ ၄ နာရီတွင် သံဖြူဇရပ်မြို့နယ် စခန်းကြီးကျေးရွာအုပ်စု ရဲတံခွန်ကျေးရွာအနီး သင်္ကေ့ာ-ဘုရားသုံးဆူသွားကားလမ်းတွင် ထွန်းထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၁၇၉၂၇ ပြားကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးစက်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၇**



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှုမှတ်တမ်းဓာတ်ပုံ။

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၄ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ် ကံလှကျေးရွာ နတ်မောက်လမ်းနှင့် သင်ကြားရေးလမ်းဆုံအနီး၌ လိုင်စင်မဲ့ ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ မင်းဘူးမြို့ ထောက်ရှာပင်-ထန်းကိုင်း- မန်းရေနံမြေ ဟေလာတောင်နယ်မြေအတွင်း၌ တရားမဝင်ရေနံစိမ်း ၁၀ ဂါလန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀)ကို ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးအက်ဥပဒေအရလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၃၀၀၀၀)ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်လျက်ရှိ**

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် နိုဝင်ဘာ ၂၄ ရက်တွင် တာဝန်ကျအကောက်ခွန်အဖွဲ့က သတင်းအရ ပဲခူးမြို့နယ် ရန်ကုန်-မော်လမြိုင်ကားလမ်း ရွှေသံလွင်တိုးဂိတ်၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းများဖြစ်သော Lactasoy Soy Milk ၊ Royal-D (Electrolyte Beverage)၊ Nestle Milo၊ ထိုင်းနိုင်ငံထုတ် စားသုံးဆီများ၊ ရေခဲသေတ္တာနှင့် အဝတ်လျှော်စက်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၆၄၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသော ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းအရလည်းကောင်း၊ နိုဝင်ဘာ ၂၅ ရက်တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင် ကျောက်တံခါးမြို့နယ်၌ တရားမဝင် ကျွန်းပါကေး(အကြမ်းတုံး)များ၊ ကျွန်းသစ်ခွဲသားနှင့် ပျဉ်းကတိုးသစ်ခွဲသားများ ၁ ဒသမ ၅၀၇၆ တန်(ခန့်မှန်းတန်ဖိုးငွေ ၈၀၂၆၄၂ ကျပ်)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေ ၄၁၅၆၆၄၂ ကျပ်)ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၄ ရက်တွင် (၁၆)မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်တင်ပို့ခွင့် အထောက်အထားတင်ပြနိုင်ခြင်းမရှိသော နှမ်းနက် ၈၉၀၀ ကီလိုဂရမ်(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၈၀၀၀၀၀)၊ အဆိုပါကုန်စည်များ တင်ဆောင်လာသော ယာဉ်တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို လည်းကောင်း၊ နိုဝင်ဘာ ၂၅ ရက်တွင် လက်ပံလှ-စဉ့်ကူး ယာယီစစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရုတ်နိုင်ငံထုတ် အနွေးထည် အင်္ကျီလက်ရှည်နှင့် ဘောင်းဘီရှည်များ အထည် ၃၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၅၀၀၀၀)၊ အဆိုပါ အဝတ်အထည်များတင်ဆောင်လာသော ယာဉ်တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၅၀၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းရမိ**

ထို့ပြင် နိုဝင်ဘာ ၂၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်ကုန်လှောင်ရုံ၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်နှင့် ကိုက်ညီမှုမရှိသော လုပ်ငန်းသုံးစက် အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေ ၁၃၃၆၁၂၃၉ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၆ မှု (ခန့်မှန်းတန်ဖိုးငွေ ၁၇၀၀၀၇၈၈၁ ကျပ်) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦး ဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

## SIM Card များ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့် အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက်မှန်ကန်စွာ ဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်မှတ်ပုံတင်သည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်/မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)အတွက် ***601#**၊ Atomအတွက် ***979*3*3#**၊ Ooredoo အတွက် ***666#**၊ Mytel အတွက် ***966#** သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား

"အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအဆုံးသတ်ရေး အားလုံးပေါင်းစုလှုပ်ရှားပေး"

UNITE! Activism to End Violence Against Women & Girls

၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ (၂၅)ရက် မှ ဒီဇင်ဘာလ (၁၀)ရက်

# ပုသိမ်မြို့၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးအတွက် ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ပုသိမ် နိုဝင်ဘာ ၂၇**

တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပုသိမ်တက္ကသိုလ်ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ ဆရာမများ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုကြမည့် ကျောင်းတွင်းနှင့် ပြင်ပဖြေ ကျောင်းသားကျောင်းသူများ အောင်ချက်မြင့်မားရေးအတွက် အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဖြေဆိုမည့်သူများသည် စာသင်ကြားပေးသည့် နေရာတစ်ခုခုတွင် တက်ရောက်သင်ယူနေမှသာ အောင်မြင်စွာ ဖြေဆိုနိုင်မည်ဖြစ်ပြီး ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် ကျောင်းသား မိဘများက ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးအတွက် အလေးထား ပံ့ပိုးပေးလျက်ရှိကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲမှ အကျိုးရှိသော ရလဒ်ကောင်းများ ရရှိမည်ဟု ယုံကြည်ပါကြောင်း၊ တက်ရောက်လာသော ဆရာ ဆရာမများနှင့် သင်ကြားဆွေးနွေးပေးမည့် ဆရာကြီး ဆရာမကြီးတို့အနေဖြင့် အပြန်အလှန် ဆွေးနွေးပေးရန် ပြောကြားသည်။

ဆက်လက်၍ ပုသိမ်တက္ကသိုလ်ပါမောက္ခချုပ်က တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မာ့ရေး ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ဆရာ ဆရာမများအတွက် ဂုဏ်ပြုထောက်ပံ့ငွေများအား ပေးအပ်ရာ ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ်က လက်ခံရယူခဲ့ပြီး ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုသိမ်တက္ကသိုလ် အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုယာဉ်နှင့်တွဲဖက်၍ ယိမ်းကပြရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကဝမြို့နယ် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး တောင်သူများနှင့် တွေ့ဆုံဆွေးနွေး

**ကဝ နိုဝင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ယမန်နေ့နံနက်တွင် အောင်ကံလှိုင်ကျေးရွာသို့ သွားရောက်၍ ပဲတီစိမ်းစိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးကြသည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက ပဲတီစိမ်းစိုက်တောင်သူများအတွက် တစ်ဧကလျှင် ငွေကျပ် ၁၂၀၀၀၀ နှုန်းဖြင့် လိုအပ်သော သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများ ထောက်ပံ့ဆောင်ရွက်ပေးခြင်း၊ သွင်းအားစုတန်ဖိုးနှင့် ညီမျှသော ပဲတီစိမ်းများအား တောင်သူများက ပြန်လည်ရောင်းချပေးခြင်း အပါအဝင် ပံ့ပိုးဆောင်ရွက်ပေးမည့် အခြေအနေများအား ရှင်းလင်းပြောကြားပြီး တောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှု ကြီးကြပ်ရေးဌာနဆိုင်ရာများမှ တက်ရောက်လာသော တောင်သူများအား ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဆွေးနွေးကြပြီး ကဝမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ပဲတီစိမ်းစိုက်ဧက ၇၀၀၀၀ ခန့်ကို စီမံကိန်းလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မင်းလှမြို့နယ် ပုသိမ်-မုံရွာကားလမ်းမကြီးမှ ဈေးကြီးကျေးရွာအဝင် ကျေးရွာချင်းဆက် လမ်းဖောက်လုပ်ပြီးစီး

**မင်းလှ နိုဝင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက မကွေးမြို့နယ်အတွင်း ပုသိမ်-မုံရွာ ကားလမ်းမကြီးမှ ဈေးကြီးကျေးရွာအဝင်လမ်း မြေသားတာပေါင်တင်ခြင်းနှင့် မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ယာယီခရိုင်တာဝန်ခံ ဒေါ်ဇာလှိုင်သန်းနှင့် မင်းလှမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တာဝန်ရှိသူများက မင်းလှမြို့နယ် ပုသိမ်-မုံရွာကားလမ်းမကြီးမှ ဈေးကြီးကျေးရွာအဝင်လမ်း မြေသားတာပေါင်တင်ခြင်းနှင့် မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ ပုသိမ်-မုံရွာ ကားလမ်းမကြီးမှ ဈေးကြီးကျေးရွာအဝင် ကျေးရွာချင်းဆက်လမ်း အရှည် ၁ မိုင် ၅ ဖာလုံ၊ အကျယ်ပေ ၄၀ မြေသားတာပေါင်တင်ခြင်း၊ အကျယ် ၁၈ ပေ၊ အမြင့် ၈ လက်မဒု မြေနီခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၇ ဒသမ ၈၃ သန်းဖြင့် မြတ်နန်းစံကုမ္ပဏီက ဇူလိုင်လမှစတင်ကာ လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သရက်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

**ငွေကြယ်**

■

# မန္တလေးမြို့၌ အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်သင်တန်း ဖွင့်လှစ်

**မန္တလေး နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ခရိုင်ငါးလုပ်ငန်းဦးစီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝမြင့်မားလာစေရန် အခြေခံ ငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်သင်တန်းကို နိုဝင်ဘာ ၂၂ ရက်မှ ၂၃ ရက်အထိ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ဖွင့်လှစ်ခဲ့ရာ အမရပူရမြို့နယ် ဘုံးအိုးကျေးရွာမှ ရေလုပ်သား ၂၀ တက်ရောက်သည်။

အဆိုပါ သင်တန်းကို မန္တလေးခရိုင်ငါးလုပ်ငန်းဦးစီးဌာန ခရိုင်တာဝန်ခံ ဒေါ်ဝေဝေက အဖွင့်အမှာစကားပြောကြားပြီး ငါးသယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် ငါးသယံဇာတ ထိန်းသိမ်းခြင်း၊ တားမြစ်ငါးဖမ်းနည်းဖြင့် ငါးမဖမ်းဆီးစေရေးနှင့် ဖမ်းဆီးပါက ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကိုပြောကြားခြင်း၊ အခြေခံငါးမွေးမြူရေးအတွက် မြေနေရာရွေးချယ်ခြင်းများကို ပို့ချဆောင်ရွက်ခဲ့ပြီး အမရပူရမြို့နယ်ဦးစီးမှူး ဦးဌေးမင်းက အခြေခံငါးမွေးမြူခြင်းနှင့် ဆေးထိုးသားဖောက်ခြင်း နည်းပညာများအား စာတွေ့ပို့ချခြင်း၊ ပြန်လည်ဆွေးနွေးခြင်းများ ပို့ချဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၀၅ | ၂၀၅၀ | ၂၀၄၅ | ၂၀၁၀ | ၂၀၅၀ | ၂၀၇၀ | ၂၀၅၅ | ၂၀၃၅ | ၂၁၃၀ | ၂၁၄၅ | ၂၀၄၀ | ၂၀၅၀ | ၂၀၈၅ | ၂၀၈၅ | ၂၀၉၀ | ၂၃၀၅ | ၂၉၂၀ |
| 95 Ron | ၂၁၁၀ | ၂၁၅၅ | ၂၁၅၅ | ၂၁၁၅ | ၂၁၅၅ | ၂၁၇၅ | ၂၁၆၀ | ၂၁၄၀ | ၂၂၃၅ | ၂၂၅၀ | ၂၁၄၅ | ၂၁၆၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၄၁၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၃၈၅ | ၂၄၃၀ | ၂၄၂၅ | ၂၃၉၀ | ၂၄၃၀ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၅ | ၂၅၃၀ | ၂၅၂၅ | ၂၄၂၀ | ၂၄၃၀ | ၂၄၆၅ | ၂၄၆၅ | ၂၄၆၅ | ၂၆၈၅ | ၃၆၄၀ |
| HSD (50 ppm) | ၂၄၆၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၆၅ | ၂၅၀၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၉၀ | ၂၆၀၅ | ၂၆၀၀ | ၂၄၉၅ | ၂၅၀၅ | ၂၅၄၀ | ၂၅၄၀ | ၂၅၄၅ | ၂၇၆၀ | ၃၆၆၅ |
| HSD (10 ppm) | ၂၄၆၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၆၅ | ၂၅၀၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၉၀ | ၂၆၀၅ | ၂၆၀၀ | ၂၄၉၅ | ၂၅၀၅ | ၂၅၄၀ | ၂၅၄၀ | ၂၅၄၅ | ၂၇၆၀ | ၃၆၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၀၅ | ၁၉၇၇ |
| 95 Ron | ၂၀၀၇ | ၂၀၈၁ |
| HSD (500 ppm) | ၂၂၇၃ | ၂၃၄၈ |
| HSD (50 ppm) | ၂၃၄၇ | ၂၄၂၃ |
| HSD (10 ppm) | ၂၃၄၇ | ၂၄၂၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ရှာငံမြို့နယ် တက်တောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

ရှာငံ နိုဝင်ဘာ ၂၇

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းဖြင့် ဒုတ္ထိုးရေ ကျေးရွာအုပ်စု တက်တောင် ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှာငံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် တက်တောင်ကျေးရွာတွင် အရှည် ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ ဒု ၄ ပေ ၅ လက်မရှိ ကျေးရွာအဝင်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မြို့နယ်ဦးစီးမှူးက ဆွေးနွေးမှာကြားခဲ့သည်။

တက်တောင်ကျေးရွာ အဝင်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၁၇ သိန်းကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ ကွင်းဆင်းကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှု၊အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင် ဇူလိုင်လ စတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျေးရွာရှိ အကျိုးပြုအိမ်ခြေ ၃၁ အိမ်၊ လူဦးရေ ၁၆၁ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူပြီး ရာသီမရွေး သွားလာနိုင်မည်ဖြစ်ကြောင်း ရှာငံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်ထံမှ သိရသည်။ ၂၂၂



## သာပေါင်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်

ပုသိမ် နိုဝင်ဘာ ၂၇

ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် နှစ်သန်းဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လျှပ်စစ်ဝါယာရိန်း သင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၇ ရက်ကကျင်းပရာ ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဌေးနိုင်(ဒုတိယညွှန်ကြားရေးမှူး) တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် တောင်ကလေးကျေးရွာတွင် အရှည် ပေ ၈၅၀၊ အနံ ခြောက်ပေ ဒုခြောက်လက်မဖြင့် နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် တစ်သန်း စုစုပေါင်းငွေကျပ် ၁၁ သန်းဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးသည်။ ဆက်လက်၍ လဟာဂမုန်ကျေးရွာအုပ်စု တောဂရက်ကျေးရွာ အစမ်းတွင်းတူးဖော်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီအောင်ဆောင်ရွက်ရန်နှင့် အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ ၂၂၂

## စလင်းမြို့နယ်၌ အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်သင်တန်း ဖွင့်လှစ်ပို့ချ

ပွင့်ဖြူ နိုဝင်ဘာ ၂၇

ငါးလုပ်ငန်းဦးစီးဌာနသည် ငါးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဒေသခံပြည်သူများ အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်ခြင်းနည်းပညာများရရှိစေရန်နှင့် ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရန်ရည်ရွယ်၍ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် မင်းဘူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ယနေ့တွင် မင်းဘူးခရိုင် စလင်းမြို့နယ် ဖောင်းလင်းကျေးရွာ၌ အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်သင်တန်းကို ဖွင့်လှစ်သည်။

အဆိုပါသင်တန်းသို့ မင်းဘူးခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဦးထွန်းလှအောင်၊ ပွင့်ဖြူမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးသိန်းကိုကိုထွန်းတို့က သင်တန်းအထောက်အကူပစ္စည်းများ ပေးအပ်ခဲ့ပြီး ပညာပေးသင်တန်းဖွင့်လှစ်ပို့ချဆောင်ရွက်ခဲ့ရာ သင်တန်းသားသင်တန်းသူ ၂၀ တက်ရောက်ကြပြီး အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်ခြင်းနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်မှုဖြင့် ၂၀၂၃ ခုနှစ်၏ ခရီးသွားရာသီအဖွင့် ကောင်းမွန်မည်ဟု မျှော်မှန်းထား

**ရန်ကုန် နိုဝင်ဘာ ၂၇**

၂၀၂၂ ခုနှစ်တွင် အခါကြီးရက်ကြီးရုံးပိတ်ရက်တို့၌ ပြည်တွင်းခရီးသွားများ ပြန်လည်စည်ကားမှုဖြင့် ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ခဲ့ပြီး ပြည်ပခရီးသွားလုပ်ငန်းအချို့လည်း ပြည်လည်အစပျိုးနိုင်ခဲ့ရာ ၂၀၂၃ ခုနှစ်၏ ခရီးသွားရာသီအဖွင့်သည် ကောင်းမွန်နေမည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

**ကြိုတင်ပြင်ဆင်ထားရန်လိုအပ်**

အရှိန်ရစပြုနေသော ခရီးသွားလုပ်ငန်းကို နှစ်ကူးကာလမှစ၍ အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ခရီးသွားဝင်ရောက်ရာဒေသတို့ရှိခရီးသွားကုမ္ပဏီများအနေဖြင့်ကြိုတင်ပြင်ဆင်ထားရန်လိုအပ်ပြီး နှစ်သစ်ကူးကာလမှစ၍ သင်္ကြန်ကာလအထိ ပြည်တွင်း/ပြည်ပခရီးသွားများ ဝင်ရောက်တတ်မှုကြောင့် မြန်မာ့ခရီးသွားလုပ်ငန်းပြန်လည်ဦးမော့ရန် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များ မျှော်မှန်းလျက်ရှိသည်။ ပွင့်လင်းရာသီအစ နိုဝင်ဘာလတွင် နိုင်ငံခြားခရီးသွားအချို့ဝင်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ အထင်ကရနေရာများဖြစ်သော ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ပြင်ဦးလွင်၊ မြိတ်ကျွန်းစုများနှင့် ပင်လယ်ကမ်းခြေအပန်းဖြေစခန်းများသို့ ခရီးသွားများလည်ပတ်လျက်ရှိကာ ယခင်ကကဲ့သို့ ရက်ရှည်ခရီးသွားလာမှုထက်ရက်တိုခရီးသွားမှုပိုမိုတွင်ကျယ်လာလျက်ရှိသည်။

၂၀၂၃ ခုနှစ်၏ နှစ်ဦးခရီးသွားရာသီအဖွင့် ကောင်းမွန်နိုင်မှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနောင်းနောင်းဟန်က "၂၀၂၂ ခုနှစ်မှာပြည်တွင်း/ ပြည်ပခရီးသွားအစလေးတွေကောင်းခဲ့တယ်။ ပြည်တွင်းခရီးသွားဆိုရင် ဒီနှစ်မှာ သိန်းနဲ့ချီပြီး ခရီးသွားပြန်လည်စတင်ခဲ့တယ်ဆိုတော့ ခရီးသွားကဏ္ဍအဖွင့်ကောင်းခဲ့တယ်လို့ ပြောလို့ရပါတယ်။ ခရီးသွားကဏ္ဍကို အရှိန်အဟုန်မြှင့်ပြီး တိုးတက်သွားဖို့ဆိုရင် ကြိုတင်ပြင်ဆင်မှုတွေ လုပ်ဆောင်ခြင်းအားဖြင့် ၂၀၂၃ ခုနှစ်ခရီးသွားရာသီဟာ ပိုပြီးကောင်းမွန်လာမယ်လို့ မှန်းလို့ရတယ်။ နှစ်သစ်ကူးကာလကစပြီး ခရီးသွားလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင်ရမှာဖြစ်တဲ့အတွက် ဒီအချိန်မှာ ခရီးသွားပရိုမိုးရှင်းကိစ္စတွေကို အလေးထားပြီးဆောင်ရွက်ဖို့လိုပါတယ်။ ပြည်ပခရီးသွားပြန်လည်ဝင်ရောက်ဖို့ရှိတဲ့အတွက် ဒီနှစ်မှာခရီးသွားလုပ်ငန်းကို အောင်အောင်မြင်မြင်နဲ့စီစဉ်ထားနိုင်မယ်ဆိုရင်၂၀၂၃ ခုနှစ် ခရီးသွားရာသီအဖွင့်ကောင်းလိမ့်မယ်လို့မျှော်မှန်းထားကြတယ်"ဟု ပြောသည်။

မြန်မာ့ခရီးသွားကဏ္ဍနည်းတူ ဥရောပနှင့် အာရှနိုင်ငံများတွင်လည်း နှစ်သစ်ကူးချိန်နှင့် နှစ်ဆန်းပိုင်းခရီးသွားရာသီကို မျှော်မှန်း၍ ခရီးသွားလုပ်ငန်းများကို အပြိုင်အဆိုင်စွဲဆောင်လျက်ရှိပြီး ပုံမှန်အားဖြင့် အနောက်တိုင်းခရီးသွားဝန်ဆောင်မှုဈေးကွက်သည် ဒီဇင်ဘာခရစ္စမတ်ကာလ၌ ပြည်ပခရီးသွားကဏ္ဍ ကျဆင်းတတ်ပြီး ပြည်တွင်းခရီးသွားကဏ္ဍ များပြားလေ့ရှိကာ ပြည်တွင်းလေကြောင်းလိုင်းဝန်ဆောင်မှုဈေးနှုန်းများ မြင့်တက်လေ့ရှိပြီး နှစ်သစ်ကူးပြီးဆုံးချိန်၌ ခရီးသွားလာမှုပြန်လည်စည်ကားလေ့ရှိသဖြင့် ပြည်ပခရီးသွားများ တဖွဲဖွဲပြန်လည်ဝင်ရောက်နိုင်ရန် ခရီးသွားဝန်ဆောင်မှုတွင် အပြိုင်အဆိုင် စွဲဆောင်ကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ဒီဇင်ဘာလ၌ ပြည်တွင်း/ပြည်ပခရီးသွားများစည်ကားလေ့ရှိပြီး ဘုရားဖူးခရီးစဉ်၊ အလည်အပတ်ခရီးစဉ်နှင့် အပန်းဖြေခရီးစဉ်တို့ဖြင့် ခရီးသွားများလေ့ရှိရာ တစ်ဆက်တည်း ဧပြီလသင်္ကြန်ကာလအထိ လည်ပတ်ကြလေ့ရှိသည်။ ၂၀၂၂ ခုနှစ်တွင် အောက်တိုဘာလနှင့် နိုဝင်ဘာလသည် ရုံးပိတ်ရက်ရှည်တို့ဖြင့် ခရီးသွားလာမှုအများဆုံးလများအဖြစ် ပြည်တွင်းခရီးသွားကဏ္ဍတိုးတက်ခဲ့ပြီး ယခုနှစ်ကုန်ပိုင်းအထိ အရှိန်ရလာသော ပြည်တွင်း/ပြည်ပ ခရီးသွားမှုသည် ခရီးသွားလုပ်ငန်း ပြန်လည်စတင်နိုင်ခဲ့မှု၏ အကျိုးဆက်အဖြစ် ၂၀၂၃ ခုနှစ်၏ ခရီးသွားရာသီ အဖွင့်ကောင်းမွန်မည်ဟု မျှော်မှန်းထားကြခြင်းဖြစ်သည်။

**ညိမ်းသူ( သတင်းစဉ် )**

## မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ သက်ကြီးပူဇော်

**ရန်ကုန် နိုဝင်ဘာ ၂၇**

မြန်မာ့အလင်း သတင်းစာ မြို့နယ် သတင်းထောက်များ လူမှုကူညီရေးအဖွဲ့၏ ပဉ္စမအကြိမ်မြောက် အသက်(၇၅)နှစ်အထက်အဖွဲ့ဝင် သတင်းထောက်ကြီးများအား သက်ကြီးပူဇော်ကန်တော့ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရား သင်္ဃသုခမ္မာရုံ၌ကျင်းပသည်။



**မုဒိတာစကားပြောကြား**

ရှေးဦးစွာ မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များလူမှုကူညီရေးအဖွဲ့နာယက မြန်မာ့အလင်းသတင်းစာ စာတည်းမှူးချုပ်အငြိမ်းစား ဦးရဲမြင့်ဖေ၊ ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးခင်မောင်မြင့်တို့က မုဒိတာစကားပြောကြားသည်။

ထို့နောက် ပူဇော်ကန်တော့ပွဲကျင်းပရသည့် ရည်ရွယ်ချက်များအားအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးသန်းဝင်း (သန်လျင်)က ရှင်းလင်းပြောကြားပြီးအတွင်းရေးမှူး ဦးတင်ဝင်းလေး (ကြည့်မြင်တိုင်)က ငွေစာရင်းအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်သတင်းထောက်များကိုယ်စား ဦးအောင်ဖြိုးရှိန် (မောင်ယဉ်ကျေး-တာချီလိတ်)က မုဒိတာစကား ပြောကြားပြီး သက်ကြီးသတင်းထောက်ကြီးများအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း (ကျောက်တန်း)နှင့် ဦးဆိုက်ကျင် (သုံးခွ)တို့အား နေအိမ်များသို့ သွားရောက်၍ ကန်တော့ငွေများနှင့် ဂါရဝပစ္စည်းများ ပေးအပ်ကြသည်။ ယင်းနောက်မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ အစည်းအဝေးပြုလုပ်ခဲ့ကြသည်။

**ဗလစိုး**

## မိုးနဲမြို့နယ်၌ ကလေးငယ်များအား ပိုလီယိုအကြောသေရောဂါ ကာကွယ်ဆေး(ဒုတိယ)အကြိမ် အပိုဆောင်းတိုက်ကျွေး

**မိုးနဲ နိုဝင်ဘာ ၂၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ်၌ ပိုလီယိုအကြောသေရောဂါကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းကို ဆိုင်းဖယ်ရွာသစ်ကျေးရွာတွင် ဒုတိယအကြိမ်အဖြစ် နိုဝင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းက ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်း၍ ဆက်လက် တိုက်ကျွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**အပိုဆောင်းတိုက်ကျွေး**

မိုးနဲမြို့ ဆိုင်းဖယ်ရွာသစ်ကျေးရွာ၌ လတ်တလော ပျော့ခွေအကြောသေရောဂါ သံသယလူနာတစ်ဦးကို အောက်တိုဘာလက တွေ့ရှိခဲ့မှုကြောင့် Outbreak Response Immunization-ORI ဆေးကို အဆိုပါကျေးရွာရှိ အသက် ၁၅ နှစ်အောက်ကလေး ၃၉၉ ဦးကို ပိုလီယိုအကြောသေရောဂါကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးမှုကို (ဒုတိယ)အကြိမ်အဖြစ် ဆက်လက်တိုက်ကျွေးရခြင်းဖြစ်ကြောင်း၊ ကာကွယ်ဆေးအကြိမ်ပြည့် နှစ်ကြိမ်တိုက်ကျွေးပြီးဖြစ်သည့်အတွက် နောက်ထပ်ကာကွယ်ဆေးများ ထပ်မံတိုက်ကျွေးရန် မလိုအပ်တော့ကြောင်း မြို့နယ်ကျန်းမာရေးဌာနမှ တာဝန်ရှိသူ၏ ပြောကြားချက်အရ သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၆/ ၂၀၂၂)ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် နိုဝင်ဘာ ၂၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွှာငံ နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာသင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ် ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာနှစ်အတွင်း သင်တန်းအပတ်စဉ်(၆/၂၀၂၂)အား (၂၈-၁၁-၂၀၂၂)ရက်နေ့မှ (၆-၁-၂၀၂၃)ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/ အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနက အသိပေးဖော်ပြထားပါသည်-

- **အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း- ၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်
  စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရွှာငံ)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊
  အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ၊ ရွှာငံမြို့၊ ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့
  တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**သတင်းစဉ်**

# မွန်ပြည်နယ်တွင် ဒေသခရီးသွားလာရေးလုပ်ငန်းအခွင့်အလမ်းများ ကောင်းမွန်လာစေရန်အတွက် အလေးထားဆောင်ရွက်

**မော်လမြိုင် နိုဝင်ဘာ ၂၇**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီ ဆုတောင်းပြည့်ရေလယ်ဘုရားသို့သွားသည့် လမ်းမကြီးတစ်လျှောက်မှ ကျေးရွာများတွင် အပန်းဖြေကမ်းခြေများစွာရှိသည့်အနက် ကဒတ်ထောက်ကျေးရွာမှ တစ်မိုင်ခန့်ရှိပြီး ကျိုက္ခမီ-စက်စဲ ခရီးစဉ်ဒေသနှင့် တစ်ဆက်တည်းသွားရောက် အပန်းဖြေလေ့လာနိုင်သော သဘာဝကျောက်ပန်းချီ ကမ်းခြေကို သဘာဝအလှတရားများ အခြေခံထားသည့် ခရီးသွားနေရာတစ်ခုအဖြစ် ဖော်ဆောင်လျက်ရှိသည်။



**ခရီးစဉ်များ ဆောင်ရွက်ထား**

ကဒတ်ထောက်ကျေးရွာရှိ သဘာဝကျောက်ပန်းချီကမ်းခြေကို ၂၀၁၉ ခုနှစ်မှစတင်ကာ အပန်းဖြေသူများနှင့် ကျန်းမာရေးကဏ္ဍကို များစွာအထောက်အကူပြုနိုင်ရန်အတွက် ဖော်ဆောင်ထားကြောင်း၊ စက်ဘီးစီးဝါသနာရှင်များအတွက် တစ်မိုင်ကျော်နင်းနိုင်မည့် ခရီးစဉ်၊ တောတောင်သဘာဝ အလှတရားများနှင့် ငှက်များလာရောက်ကြည့်ရှုနိုင်ရန် တောင်တက်ခရီးစဉ်၊ ပင်လယ်အတွင်းရှိ သဘာဝအလှတရားများကို လေ့လာနိုင်ခြင်း၊ ငါးမျှားခြင်းနှင့် အပန်းဖြေနိုင်မည့် ခရီးစဉ်များကို ဆောင်ရွက်ထားရှိသည်။

မွန်ပြည်နယ်အတွင်း ကမ်းခြေများစွာရှိသည့်အနက် တစ်မူထူးခြားသော သဘာဝကျောက်ပန်းချီ ကမ်းခြေသည် ရှားသုံးမျိုးဖြစ်သည့် ပင်လယ်သဲသောင်ပြင်ကမ်းခြေ၊ သဘာဝကျောက်ဆောင်ကျောက်ခဲများနှင့် ကျောက်ပန်းချီခင်းကျင်းပြသမှုများ၊ တောတောင်သဘာဝပေါက်ပင်များကို လေ့လာနိုင်အောင်ဆောင်ရွက်ထားသော ကမ်းခြေတစ်ခုဖြစ်သည်။

အဆိုပါကမ်းခြေသို့ခရီးသွားအပန်းဖြေလာရောက်သူများအနေဖြင့် လေကောင်းလေသန့် အပြည့်အဝရရှိစေရန်၊ လမ်းလျှောက်ခြင်းအမူအကျင့်များ၊ ကိုယ်လက်လှုပ်ရှားမှုများ စသည့် ကျန်းမာရေးကဏ္ဍများကို ပြုလုပ်နိုင်စေရန်နှင့် ကျောင်းသားကျောင်းသူ လူငယ်လူရွယ်များ၊ အခြားအဖွဲ့အစည်းများမှ သဘာဝအလှတရားတို့ကို အသိပညာဗဟုသုတ ပိုမိုရရှိစေရန်အတွက် ဆောင်ရွက်ထားကြောင်း သဘာဝကျောက်ပန်းချီ ကမ်းခြေဖော်ဆောင်သူ ဦးအောင်ကျော်မိုးက ပြောသည်။

မွန်ပြည်နယ်တွင် သဘာဝကို အခြေခံသည့် ခရီးသွားလာရန်နေရာ များစွာရှိပြီး ပြည်နယ်အတွင်း ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကိုဗစ်-၁၉ အလွန်ကာလအတွင်း ခရီးသွားလုပ်ငန်းများ ပြန်လည်ဦးမော့လာရေး၊ လက်ရှိခရီးသွားဒေသများကို ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် ပြည်နယ်အတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သားငယ်(မုဒုံ)**

# စွန့်ပစ်ပစ္စည်းများမှတစ်ဆင့် အကောင်းဆုံး သဘာဝမြေသြဇာပြုလုပ်သည့်နည်းဖြစ်သော ဘိုကာရှီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သင့်

**ရန်ကုန် နိုဝင်ဘာ ၂၇**

စွန့်ပစ်ပစ္စည်းများအား တန်ဖိုးရှိစွာ ပြန်လည်အသုံးပြုကြမည့် သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးကြသော ပြည်သူများအနေဖြင့် နေ့စဉ် မီးဖိုချောင်စွန့်ပစ်ပစ္စည်းများ၊ သစ်ရွက်ခြောက်များနှင့် ခြံထွက် အမှိုက်သရိုက်များမှ တစ်ဆင့် အကောင်းဆုံး သဘာဝမြေသြဇာ ပြုလုပ်သည့်နည်းဖြစ်သော ဘိုကာရှီစနစ်ကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပြီဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက အသိပေးထုတ်ပြန်ထားသည်။

"လေထု အရည်အသွေးကို ညစ်ညမ်းစေတဲ့ အဓိကအကြောင်းအရင်းက သစ်ရွက်ခြောက်နဲ့ အမှိုက်သရိုက်တွေကို နေ့စဉ်မီးရှို့နေတာကြောင့်ဖြစ်ပြီး ထွက်ရှိတဲ့ မီးခိုးငွေ့က ပြည်သူလူထု ကျန်းမာရေးအတွက် ထိခိုက်စေနိုင်တာကို သတိပြုကြစေလိုပါတယ်။ သစ်ရွက်ခြောက်တွေနဲ့ ခြံထွက်အမှိုက်သရိုက်တွေကို မီးမရှို့ဘဲ မြေဆွေး ပြုလုပ်ကြပါလို့ တိုက်တွန်းချင်ပါတယ်" ဟု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ပညာရှင်တစ်ဦးက တိုက်တွန်းအကြံပြု ပြောကြားသည်။

သစ်ရွက်ခြောက်များကြွေသည့် ဆောင်းရာသီကာလ သစ်ရွက်ခြောက်နှင့် အမှိုက်သရိုက်များအား နေ့စဉ် မီးရှို့ဖျက်ဆီးခြင်းကြောင့် ထွက်ရှိလာသည့် မီးခိုးငွေ့များမှ တစ်ဆင့် ကျန်းမာရေး ထိခိုက်နိုင်သည်ကို ပြည်သူများအနေဖြင့် ဂရုမပြုမိကြကြောင်း၊ ယခုအခါ လေထု အရည်အသွေးသည် ပြည်သူလူထုတိုင်း၏ ကျန်းမာရေးအတွက် အန္တရာယ်ရှိသည့် အနီရောင်အဆင့်သို့ ရောက်ရှိလာနေပြီဖြစ်သောကြောင့် အဆိုပါပြဿနာရပ်များအားလုံးအတွက် အဆင်ပြေစေမည့် နည်းလမ်းဖြစ်သော ဘိုကာရှီစနစ် (သစ်ရွက်ခြောက်များကို မီးမရှို့ဘဲ မြေဆွေးပြုလုပ်သည့်စနစ်)ကို အကောင်အထည်ဖော် ဆောင်ရွက်သင့်ပြီဖြစ်ကြောင်း အဆိုပါပညာရှင်က ထပ်လောင်းအကြံပြု ပြောကြားသည်။

အဆိုပါ ဘိုကာရှီစနစ် ပြုလုပ်ရန်အတွက် သံဆန်ခါ၊ သစ်သား၊ အမှိုက်ခြင်း၊ ဝါးကပ် အစရှိသည့် မည်သည့် ပစ္စည်းကိုမဆို အသုံးပြုနိုင်ပြီး ယင်းပစ္စည်းတစ်ခုခုဖြင့် သစ်ရွက်ခြောက်ထည့်ရန် နေရာပေးနိုင်သည့် သိုလှောင်ကန်သဘောမျိုး အဆင်ပြေသလို ပြုလုပ်ကာ သစ်ရွက်ခြောက်များ ထည့်၍ ရေလောင်းပြီး သိုလှောင်ကန်အတွင်း ဖိသိပ်ထည့်ပေးထားရကြောင်း၊ သုံးလ (သို့မဟုတ်) လေးလတာကာလ ကြာပြီးနောက်ပိုင်းတွင် သစ်ရွက်ခြောက်များမှာ မြေဆွေးအဖြစ်သို့ ပြောင်းလဲလာသောကြောင့် ၎င်းမြေဆွေးကို ဖြည့်စွက်မြေသြဇာ (နွားချေး၊ ကြက်ချေး) တို့နှင့် ရောနှော၍ အပင်စိုက်ရာတွင် ပြန်လည်အသုံးပြုနိုင်ကြောင်း၊ သစ်ရွက်ခြောက်များ စွန့်ပစ်ရန်အတွက်ကိုပါ ပူပန်မှုမရှိရတော့သည့်အပြင် ကမ္ဘာမြေအတွက်ကိုပါ အထိုက်အလျောက် ကူညီပြီးသား ဖြစ်သောကြောင့် သစ်ရွက်ခြောက်များနှင့် ခြံထွက်အမှိုက်များအား မီးရှို့ရန်မလိုအပ်တော့ကြောင်း သိရသည်။

**သတင်း - ပွင့်သစ္စာ**
**ဓာတ်ပုံ - စိုးမြင့်အောင်**





# မြိတ်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ စပါးရိတ်သိမ်းရာသီတွင် လယ်ယာလုပ်သားရှားပါးလာ၍ စက်ကိရိယာများ ငှားရမ်းအသုံးပြုသူ ပိုမိုများပြား

**မြိတ် နိုဝင်ဘာ ၂၇**

တနင်္သာရီ တိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသအများစု၌ ယခုနှစ် စပါးရိတ်သိမ်းရာသီတွင် လယ်ယာလုပ်သားရှားပါးမှု အခက်အခဲကြောင့် စပါးရိတ်သိမ်းစက်နှင့် ခြွေလှေ့စက် ကိရိယာများကို ငှားရမ်းအသုံးပြုသူ ပိုမိုများပြားလာကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"ကျေးရွာအများစုက တောင်သူတွေမှာ စပါးစိုက်ပျိုးချိန်နဲ့ စပါးရိတ်သိမ်းချိန်တွေဆို လုပ်သားရှားပါးမှုတွေနဲ့ ကြုံနေရတယ်။ လယ်ယာလုပ်ငန်းက လုပ်အားခနည်းတယ်။ တခြားလုပ်ငန်းတွေနဲ့စာရင် လုပ်အားခချင်းကကွာခြားတော့ တခြားလုပ်ငန်းတွေမှာပဲ သွားရောက်လုပ်ကိုင်ကြတဲ့သူ များတယ်။ ဒါကြောင့် စပါးစိုက်ပျိုးချိန်နဲ့ စပါးရိတ်သိမ်းချိန်တွေမှာ လယ်ယာလုပ်သားငှားရမ်းရတဲ့အခက်အခဲ ရှိလာတယ်။ ဒါကြောင့် အခု တောင်သူအများစုက စက်ကိရိယာတွေကို ငှားရမ်းလုပ်ကိုင်တဲ့သူ များပြားလာတယ်။ စက်ကိရိယာနဲ့ လုပ်ရတာက စပါးအကျိုးအကြေနည်းပါးတယ်။ ဆန်အရည်အသွေးကလည်း ကောင်းတယ်။ စပါးအလေအလွင့် နည်းပါးပြီး အချိန်ကုန်သက်သာတဲ့အပြင် အချိန်တိုအတွင်းမှာ ရိတ်သိမ်းခြွေလှေ့ကာ အိတ်ထဲအရောက် ပြီးစီးတဲ့အတွက် ဈေးကွက်ထဲကို အမြန်ရောက်တော့ ပိုအဆင်ပြေပါတယ်" ဟု တောင်ဖီလာကျေးရွာမှ ဒေသခံတောင်သူ ဦးအေးလွင်က ပြောကြားသည်။

စပါးရိတ်သိမ်း ရာသီချိန်တွင် လယ်တစ်ကေလျှင် လူခြောက်ဦးခန့် အနည်းဆုံး အသုံးပြုရပြီး ကုန်ကျမှုမှာ လယ်တစ်ကေလျှင် ရိတ်ခ၊ ကောက်လှိုင်းစည်းခ၊ သယ်ယူခ၊ ခြွေလှေ့ခ စုစုပေါင်း ငွေကျပ် ၁၂၈၀၀၀ မှ ၁၃၅၀၀၀ ဝန်းကျင်ခန့် ကုန်ကျစရိတ်ရှိသည်။ ကောက်လှိုင်းများကို သယ်ယူရသည့်အပြင် စပါးခြွေလှေ့စက်ကိုလည်း ထပ်မံငှားရမ်းရသည့်အတွက် အလုပ်ပိုလာခြင်းနှင့်အတူ စပါးအလေအလွင့်လည်း များပြားသည်။

ထို့ကြောင့် ဒေသခံတောင်သူအများစုသည် စပါးရိတ်သိမ်းချိန် ခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခြွေလှေ့မည်ဆိုပါက လယ်တစ်ကေလျှင် ငွေကျပ် ၁၀၀၀၀၀ ဝန်းကျင်ခန့် ကုန်ကျပြီး သက်သာမှုရှိသောကြောင့် ယခုနှစ် စပါးရိတ်သိမ်းရာသီတွင် စက်ကိရိယာများကို ပိုမိုငှားရမ်းအသုံးပြုသူ များပြားလာကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် စပါးရိတ်သိမ်းမည်ဆိုပါက တစ်ရက်လျှင် လယ်ရှစ်ကေမှ ၁၀ ကေဝန်းကျင်ခန့် ပြီးစီးကြောင်း၊ မြိတ်မြို့နယ်၌ မိုးစပါးစိုက်ရာသီတွင် စိုက်ကေ စုစုပေါင်း ၄၂၄၇၆ ကေ စိုက်ပျိုးခဲ့ပြီး ယခုနှစ် စပါးရိတ်သိမ်းချိန်တွင် တစ်ကေ စပါးအစို တင်း ၁၀၀ ကျော်ခန့် ထွက်ရှိကြောင်း မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မြင့်ဦး(မြိတ်)**

# သတိပြုဆင်ခြင်ဖွယ် အိမ်တွင်းလေထုညစ်ညမ်းမှုအန္တရာယ်

**– – – – ကိုငြိမ်းငယ်(ကျွန်းဒေါင့်) – – – –**

အိမ်တွင်းလေထုညစ်ညမ်းမှု (Indoor Air Pollution) ဆိုသည်မှာအဘယ်နည်း။ အိမ်တွင်းလေဝင်လေထွက်စနစ် အားနည်းခြင်းကြောင့် အိမ်တွင်းသို့ ခိုအောင်းလျက်ရှိသော ကျန်းမာရေးနှင့် မညီညွတ်သည့်လေများကို ရှူမိရာမှ နောက်ဆက်တွဲ ကျန်းမာရေးဆိုးကျိုးများ ဖြစ်ပွားမှုကိုဆိုလိုခြင်းဖြစ်သည်။ အိမ်တွင်းလေထုညစ်ညမ်းမှုသည် အချိန်မတိုင်ခင် ရောဂါဖောက်ပြန်ခြင်းနှင့် အချိန်မတိုင်ခင် သေဆုံးကြရခြင်း၏ အကြောင်းရင်းများစွာထဲမှ တစ်ခုအပါအဝင်ဖြစ်သည်။

အိမ်တွင်းလေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသော အဓိကအကြောင်းရင်းများမှာ ထင်းမီးနှင့် မီးသွေးဖိုများကိုအသုံးပြု၍ အစားအစာများ ချက်ပြုတ်ခြင်း၊ ဖယောင်းတိုင်များ၊ ခြင်ဆေးခွေများ ထွန်းခြင်း၊ အိမ်တွင်းဆေးလိပ်သောက်ခြင်း၊ အိမ်မွေးတိရစ္ဆာန်များနှင့် အိမ်အနီးပတ်ဝန်းကျင်ရှိ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများမှ အမွေးအမျှင်နှင့် အညစ်အကြေးများထွက်ရှိခြင်း၊ အိမ်အနီးပတ်ဝန်းကျင်တွင် အမှိုက်များကို မီးရှို့ခြင်း စသည်တို့ပင်ဖြစ်သည်။ ထိုဖြစ်စဉ်များကို ဝင်ငွေနိမ့်ပါးသောနိုင်ငံများတွင် အများဆုံးတွေ့ရလေ့ရှိပါသည်။

လေထုညစ်ညမ်းမှုများသည် နှလုံးနှင့် သွေးလည်ပတ်မှုဆိုင်ရာရောဂါများ၊ ပန်းနာရင်ကျပ်ရောဂါ စသောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကို ဖြစ်ပွားစေသော အကြောင်းရင်းများဖြစ်သည်။ ယနေ့ကာလ ဖြစ်ပေါ်နေသော ရောဂါအသစ်အဆန်းများနှင့် လူနေမှုဘဝများ အဆင့်အတန်းမြင့်မားလာခြင်းတို့ကြောင့် လူအများစုသည် နေအိမ်များ၊ အဆောက်အအုံများအတွင်း၌သာ နေထိုင်မှုများရှိလာကြသည်။ ဥပမာအားဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် Monkeypox ဟုခေါ်သော မျောက်ကျောက်ရောဂါတို့ကြောင့် မလိုအပ်ဘဲ အပြင်မထွက်ကြဘဲ အိမ်တွင်းအောင်းနေခဲ့ကြသည့် အခိုက်အတန့်များရှိလာခဲ့သည်။ ထို့ပြင် တိုးတက်လာသော ဝန်ဆောင်မှုစနစ်များကို အသုံးပြု၍ အွန်လိုင်းမှတစ်ဆင့် ဈေးဝယ်ခြင်း၊ လုပ်ငန်းကိစ္စအတော်များများကို အွန်လိုင်းဖြင့် လုပ်ကိုင်လာနိုင်ခြင်းတို့ကြောင့် အိမ်တွင်းမှာပင် လူမှုဘဝများ၏ ကိစ္စရေးရာများကို ဖြတ်သန်းလုပ်ဆောင်လာကြသည်။ ထိုအချက်များကြောင့် လူသားအများစုသည် အိမ်တွင်း (သို့မဟုတ်) အဆောက်အအုံများတွင် နေထိုင်ကြသော အချိန်တို့မှာ များပြားလာပါသည်။ ထို့ကြောင့် နေအိမ်နှင့် အဆောက်အအုံများအတွင်းရှိ လေထု၏အရည်အသွေးသည် အလွန်အရေးကြီးလှသည်။

နေအိမ်နှင့် အဆောက်အအုံများအတွင်း ကျွန်ုပ်တို့ရှိနေစဉ် ရှူသွင်းလိုက်သောလေထဲတွင် ပါဝင်သည့် အမှုန်အမွှားများ၏ အဓိကအရင်းအမြစ်မှာ လောင်ကျွမ်းမှုဖြစ်စဉ်များကြောင့် အများဆုံးဖြစ်ရသည်။ အထူးသဖြင့် အစားအစာများ ချက်ပြုတ်ခြင်း၊ သန့်ရှင်းရေးလုပ်ခြင်း စသည့်ဖြစ်စဉ်များမှ ထွက်ရှိလာခြင်းဖြစ်သည်။ မီးဖိုများမှထွက်ရှိသည့် အလွန်သေးငယ်သော အမှုန်များ၊ ဖယောင်းတိုင်ထွန်းခြင်း၊ အမွှေးတိုင်ထွန်းခြင်းနှင့် ခြင်ဆေးထွန်းခြင်း စသည့် လောင်ကျွမ်းမှုဖြစ်စဉ်များမှ ထွက်ရှိလာသော အမှုန်များသည် လေထုညစ်ညမ်းစေမှု၏ အကြောင်းရင်းများဖြစ်သည်။ ထို့ပြင် အဝတ်များခါ၍ ခေါက်သိမ်းခြင်း၊ တံမြက်စည်းလှည်းခြင်း၊ ဖုန်ခါခြင်း စသည့်အိမ်မှုကိစ္စများပြုလုပ်ရာမှ ထွက်ပေါ်လာသောအမှုန်များသည်လည်း ကျွန်ုပ်တို့နေ့စဉ်ရှူသွင်းနေသော လေထုကို ညစ်ညမ်းမှုဖြစ်စေသည့်အထဲတွင် ပါဝင်နေပါသည်။ ထိုသို့ လေထုထဲရောက်ရှိလာသော သေးငယ်သည့်အမှုန်များ၊ မျက်စိဖြင့်မမြင်နိုင်သော အလွန်သေးငယ်သည့် အမှုန်များသည် ကြီးမားသော ဆိုးကျိုးသက်ရောက်မှုကို ဖြစ်စေပါသည်။ ကျွန်ုပ်တို့၏ နေအိမ်များနှင့် အဆောက်အအုံများသည် ပြင်ပမှ ဝင်လာနိုင်သော လေထုညစ်ညမ်းမှုဖြစ်စေသည့် အမှုန်အမွှားများကို ကာကွယ်ပေးထားသော်လည်း အိမ်ထဲမှ ထွက်ပေါ်လာသော ထိုအမှုန်အမွှားများကိုမူ နေအိမ်နှင့် အဆောက်အအုံများ၏အတွင်းမှာပင် စုစည်းနေစေသလိုဖြစ်နေခြင်းကို အထူးသတိပြုရပါမည်။

> **လူအများစုသည် နေအိမ်တွင်း လေထုညစ်ညမ်းမှုဟုဆိုလိုက်သည်နှင့် ချက်ပြုတ်ရာမှ ထွက်သောမီးခိုးများ၊ ဖယောင်းတိုင်၊ အမွှေးတိုင်များနှင့် ခြင်ဆေးခွေ စသောနေ့စဉ်သုံး မီးခိုးထွက်စေသည့် ပစ္စည်းများကိုပင် ပြေးမြင်တတ်ကြပါသည်။ စက္ကူများ၊ ပရင့်ထုတ်ရာတွင် သုံးသောမင်များ၊ အိမ်သုတ်ဆေးများ၊ ကပ်ခွာကော်များ၊ သန့်ရှင်းရေးလုပ်ရာတွင် သုံးသောဓာတုပစ္စည်းများ၊ တစ်ကိုယ်ရေသုံးသန့်ရှင်းရေးနှင့် အလှပြင်ပစ္စည်းများမှလည်း အိမ်တွင်းလေထုညစ်ညမ်းမှုကိုဖြစ်ပေါ်စေ**

### သတိမထားမိသော အိမ်တွင်းလေထုညစ်ညမ်းစေမှုများ

လူအများစုသည် နေအိမ်တွင်း လေထုညစ်ညမ်းမှုဟု ဆိုလိုက်သည်နှင့် ချက်ပြုတ်ရာမှ ထွက်သောမီးခိုးများ၊ ဖယောင်းတိုင်၊ အမွှေးတိုင်များနှင့် ခြင်ဆေးခွေ စသောနေ့စဉ်သုံး မီးခိုးထွက်စေသည့် ပစ္စည်းများကိုပင် ပြေးမြင်တတ်ကြပါသည်။ စက္ကူများ၊ ပရင့်ထုတ်ရာတွင် သုံးသောမင်များ၊ အိမ်သုတ်ဆေးများ၊ ကပ်ခွာကော်များ၊ သန့်ရှင်းရေးလုပ်ရာတွင် သုံးသောဓာတုပစ္စည်းများ၊ တစ်ကိုယ်ရေသုံးသန့်ရှင်းရေးနှင့် အလှပြင်ပစ္စည်းများမှလည်း အိမ်တွင်းလေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် အမှုန်အမွှားများကို ထွက်ရှိစေပါသည်။ အထူးသဖြင့် ရေချိုးခန်းသုံး ပစ္စည်းများဖြစ်သော ရနံ့ပါသည့် ဆပ်ပြာအရည်များ၊ ခေါင်းလျှော်ရည်များနှင့် ချွေးနံ့ပျောက်ဖျန်းဆေးကဲ့သို့သော အလှပြင်ပစ္စည်းများ၊ ဘော်ဒီစပရေးများ စသည်တို့မှ အငွေ့ပြန်၍ထွက်လာသော အမှုန်အမွှားများသည် အိမ်တွင်းလေထုညစ်ညမ်းမှုများကို ဖြစ်စေပါသည်။

### လတ်တလော ခံစားရနိုင်သော ရောဂါလက္ခဏာများ

အိမ်တွင်းလေထုညစ်ညမ်းမှုကြောင့်ဖြစ်သော လတ်တလောခံစားရနိုင်သည့် ရောဂါလက္ခဏာများကို သိရှိထားသင့်ပါသည်။ ထိုလက္ခဏာများမှာ ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အသက်ရှူမဝခြင်း၊ ပျို့အန်ခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်းနှင့် အရေပြားယားယံခြင်း စသည်တို့ပင်ဖြစ်သည်။ အိမ်တွင်း လေထုညစ်ညမ်းမှုများဖြစ်နေပါက အထက်ပါ ရောဂါလက္ခဏာ အသေးစားများကို ခံစားရနိုင်ပါသည်။ ထို့ကြောင့် မိမိတို့၏ နေအိမ်မိသားစုဝင်များ၊ ရုံးခန်းများအတွင်း တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် အဆောက်အအုံများအတွင်း အလုပ်ဝင်နေကြသော အလုပ်ဝန်ထမ်းများအနေဖြင့် ထိုလက္ခဏာများကို ခံစားလာရပါက အိမ်တွင်းလေထုညစ်ညမ်းမှု ရှိ၊ မရှိကို ပြန်၍သုံးသပ်ဆင်ခြင်ကြရပါမည်။

### ရေရှည်ခံစားရခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးပြဿနာများ

အိမ်တွင်းလေထုညစ်ညမ်းမှုနှင့် ရေရှည်ရင်ဆိုင်နေကြရသူများသည် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကျန်းမာရေးပြဿနာများနှင့် အခြားသောရောဂါများကို ခံစားရနိုင်ပါသည်။ ဥပမာအားဖြင့် ပန်းနာရင်ကျပ်ရောဂါ၊ အဆုတ်ပွရောဂါနှင့် လေပြွန်ကျဉ်းရောဂါများကို ခံစားရစေနိုင်ပါသည်။ ထို့ပြင် နှလုံးသွေးကြောကျဉ်းရောဂါ၊ လေဖြတ်ရောဂါ၊ လည်ချောင်းနှင့် အသံအိုးကင်ဆာရောဂါများနှင့် ကလေးငယ်များတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ဖွံ့ဖြိုးမှုအားနည်းခြင်းနှင့် ခန္ဓာကိုယ်ကြီးထွားမှု နှေးကွေးခြင်းများကို ဖြစ်စေနိုင်ပါသည်။

### ကာကွယ်ရန်နည်းလမ်းများ

အိမ်တွင်းလေထုညစ်ညမ်းမှုကို လျော့နည်းစေရန်နှင့် ကာကွယ်ရန်နည်းလမ်းများကို လူသားတိုင်း သိရှိထားသင့်ပါသည်။ ထိုနည်းလမ်းများမှာ နေအိမ်အခန်းများ၊ မီးဖိုချောင်နှင့် အဆောက်အအုံများကို လေဝင်လေထွက်ကောင်းအောင် ပြုလုပ်ရပါမည်။ မိမိတို့၏ နေအိမ်အတွင်း ဆေးလိပ်သောက်ခြင်း၊ နေအိမ်အခန်းများကို အလုံပိတ်၍ မီးစက်မောင်းခြင်းနှင့် နေအိမ်အခန်းများကို အလုံပိတ်၍ ဖယောင်းတိုင်ထွန်းခြင်း၊ အမွှေးတိုင်ထွန်းခြင်း၊ ခြင်ဆေးခွေထွန်းခြင်းတို့ကို ရှောင်ကြဉ်ရပါမည်။ အစားအစာများကိုချက်ပြုတ်ရာတွင် ထင်းမီးနှင့် မီးသွေးတို့အစား လျှပ်စစ် (သို့မဟုတ်) ဓာတ်ငွေ့ လောင်စာကို သင့်တင့်အောင် သုံးစွဲသင့်ပါသည်။ ထို့ပြင် အိမ်အနီးပတ်ဝန်းကျင်တွင် အမှိုက်သရိုက်များကို စုပုံမီးရှို့ခြင်းကိုလည်း ရှောင်ရှားရပါမည်။ စားသောက်ကုန်လုပ်ငန်း စက်ရုံများသည်လည်း အနံ့ဆိုးများထွက်လေ့ရှိသောကြောင့် လူနေရပ်ကွက်များနှင့် ဝေးသောနေရာများတွင် ပတ်ဝန်းကျင်သန့်ရှင်းရေး စံချိန်စံညွှန်းများနှင့်အညီ စည်းကမ်းရှိရှိ လုပ်ကိုင်ဆောင်ရွက်သင့်ပါသည်။

ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပို၍ကောင်းသည်ဆိုသော စကားလည်းရှိပါသည်။ သို့ရာတွင် လူအများစုသည် အခြေခံသတိပြုရမည့် ကျန်းမာရေးဆိုင်ရာ အချက်အလက်အသေးများကိုပင် လက်တွေ့လိုက်နာရာတွင် အားနည်းနေတတ်ပါသည်။ ရောဂါဖြစ်မှ ဆေးရုံ၊ ဆေးခန်းသို့ သွားမည်ဆိုလျှင် ဝေဒနာကိုခံစားရသည့်အပြင် ကုန်ကျစရိတ်လည်း များနိုင်ပါသည်။ အနည်းငယ်မျှသော သတိပြုလိုက်နာ ကြိုတင်ကာကွယ်ခြင်းသည် ကျန်းမာရေးဆိုင်ရာ ကြီးမားသောကောင်းကျိုးများကို ရရှိစေပါသည်။ ထိုသဘောတရားများကို ကောင်းစွာနားလည်ကြ၍ လူသားတိုင်း အိမ်တွင်းလေထုညစ်ညမ်းမှု အန္တရာယ်များမှ ကင်းဝေးကြပြီး ကျန်းမာပျော်ရွှင်သောဘဝများကို ရရှိပိုင်ဆိုင်နိုင်ကြပါစေဟု ဆန္ဒပြုရင်း မျှဝေရေးသားလိုက်ရပါသည်။ ။

ကိုးကား – ကျန်းမာရေးဝန်ကြီးဌာန (လက်ကမ်းစာစောင်)

> **အိမ်တွင်းလေထုညစ်ညမ်းမှုကြောင့်ဖြစ်သော လတ်တလောခံစားရနိုင်သည့် ရောဂါလက္ခဏာများမှာ ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အသက်ရှူမဝခြင်း၊ ပျို့အန်ခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်းနှင့် အရေပြားယားယံခြင်း စသည်တို့ပင်ဖြစ်သည်။ အိမ်တွင်းလေထုညစ်ညမ်းမှုများဖြစ်နေပါက အထက်ပါ ရောဂါလက္ခဏာ အသေးစားများကို ခံစားရနိုင်ပါသည်။ ထို့ကြောင့် မိမိတို့၏ နေအိမ်မိသားစုဝင်များ၊ ရုံးခန်းများအတွင်း တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် အဆောက်အအုံများအတွင်း အလုပ်ဝင်နေကြသော အလုပ်ဝန်ထမ်းများ အနေဖြင့် ထိုလက္ခဏာများကို ခံစားလာရပါက အိမ်တွင်းလေထုညစ်ညမ်းမှု ရှိ၊ မရှိကို ပြန်၍သုံးသပ်ဆင်ခြင်ကြရပါမည်**

ပုံပြင်

# ရွှေချိုးဖြူ။

မင်းယုဝေ

ရှေးသရောအခါ ကုန်သည်တစ်ဦးရှိလေသည်။ သူ့တွင် သမီးသုံးယောက်ရှိ၏။ တစ်နေ့တွင် သူသည် ခရီးသွားရန် ပြင်ဆင်သည်။ သို့မသွားမီ သူသည် သမီးတို့ကိုခေါ်၍ သူအပြန်တွင် သမီးတို့အတွက် မည်သည့်လက်ဆောင်ပစ္စည်းများ ဝယ်ယူခဲ့ရပါမည်နည်းဟုမေးမြန်း၏။ ထိုအခါ သမီးအကြီးဆုံးက သူ့အတွက် ပုလဲများဝယ်ခဲ့ပါဟုမှာသည်။ သမီးအလတ်ကလည်း ကျောက်မျက်ရတနာများဝယ်ခဲ့ပါဟုမှာသည်။ သမီးအငယ်ဆုံးကမူ သူသည် အခြားဘာမှမလို၊ နှင်းဆီပန်းတစ်ပွင့်ရလျှင် ကျေနပ်ပါပြီဟု ပြောလေသည်။ ထိုအချိန်ရာသီမှာ နှင်းဆီပန်းမပေါ်သော အချိန်ရာသီဖြစ်သည်။ သို့ရာတွင် ဖခင်သည် အချစ်ဆုံး သမီးထွေးကလေး၏အလိုကို ကြိုးစား၍ဖြည့်ပါမည်ဟု ကတိပေးလိုက်လေသည်။ ထို့နောက် သူသည် အားလုံးကို နှုတ်ဆက်ပြီးလျှင် နောက်ပါတစ်ယောက်နှင့်အတူ ခရီးထွက်ခဲ့လေသည်။

သူသည် ကိစ္စရပ်များ ပြီးဆုံး၍ အိမ်သို့ပြန်မည်ပြုသောအခါ သမီးကြီးနှစ်ယောက်အတွက် ပုလဲနှင့် ကျောက်မျက်ရတနာများကို ဝယ်ယူခဲ့လေသည်။ သမီးထွေးကလေးမှာသည့် နှင်းဆီပန်းကိုမူကား သူသည် ရှာ၍မရခဲ့ချေ။ သူသည် အချစ်ဆုံးသမီးလေး၏ဆန္ဒကို မဖြည့်စွမ်းနိုင်သည့်အတွက် များစွာ စိတ်မကောင်းခြင်းဖြစ်မိလေ၏။ သို့ဖြင့် သူသည် သမီးကလေးအတွက် မည်သည့်လက်ဆောင်များ ဝယ်ယူသွားရပါအံ့နည်းဟု တွေးတောရင်း အိမ်သို့ ပြန်လာခဲ့လေသည်။ လမ်းတွင် သူသည် ခမ်းနားသော ရဲတိုက်ကြီးတစ်ဆောင်ကို တွေ့ရလေသည်။ ထိုရဲတိုက်သည် ဥယျာဉ်တစ်ခုအတွင်းဝယ် တည်ရှိသည်။

ထူးဆန်းသော ဥယျာဉ်တစ်ဝက်သည် နွေဥတု အချိန်၌ ကျရောက်နေ၍ ကျန်တစ်ဝက်မှာမူ ဆောင်းဥတုအချိန်၌ ကျရောက်နေလေသည်။ နွေရာသီ၌ ကျရောက်နေသော ဥယျာဉ်တစ်ဖက်ဝယ် ပန်းမျိုးစုံတို့သည် ဖူးငုံပွင့်အာနေကြသည်။ ထိုအထဲတွင် သူလိုက်ရှာနေသော နှင်းဆီပန်းပွင့်များကို တွေ့ရလေသည်။

ကုန်သည်သည် ဝမ်းသာအားရဖြင့် နှင်းဆီတစ်ပွင့်ကို ခူးယူလိုက်၏။ ထိုခဏ၌ပင် ခြင်္သေ့ကြီးတစ်ကောင်သည် ရုတ်တရက်ပေါ်လာလေသည်။ ခြင်္သေ့ကြီးက…"ကျွန်ုပ်၏ နှင်းဆီပန်းများကို ခူးယူသူအား အရှင်လတ်လတ် ကိုက်စားရလိမ့်မည်"ဟု ကြုံးဝါးလေ၏။ ကုန်သည်လည်း ထိတ်လန့်စွာဖြင့် ထိုဥယျာဉ်ကို ခြင်္သေ့ကြီး ပိုင်ဆိုင်မှန်းမသိ၍ ပြုမိကြောင်း ပြန်ပြောလေသည်။ ထို့အပြင် သူ့အသက်ကို လွှတ်ရန်လည်း တောင်းပန်၏။

ထိုအခါ ခြင်္သေ့က…

"သင့်အသက်ကို ချမ်းသာပေးရမည်ဆိုလျှင် ကျွန်ုပ်ကို ကတိတစ်ခုပြုရမည်။ သင်သည် အိမ်သို့ ပြန်ရောက်သည့်အခါ ပထမဆုံးတွေ့ရသူကို ကျွန်ုပ်ထံ လွှတ်ပါ၊ ထိုသူကို ကျွန်ုပ်ကိုက်ပါအံ့၊ သင် သဘောတူညီ၍ ကတိပြုပါက သင်၏အသက်ကိုလည်း ချမ်းသာပေးမည်။ နှင်းဆီပန်းကိုလည်း ပေးလိုက်မည်" ဟု ဆိုလေသည်။

ကုန်သည်သည် ထိုကတိကိုမပေးလိုပေ။ အဘယ့်ကြောင့်ဆိုသော် သူအိမ်ရောက်လျှင် ပထမဆုံးတွေ့ရမည့်သူမှာ သူ၏အချစ်ဆုံး သမီးထွေးပင်ဖြစ်သောကြောင့်တည်း။ ထိုသမီးကလေးသည် သူအိမ်သို့ ပြန်လာတိုင်း ပြေးလာကြိုဆိုလေ့ရှိသည် မဟုတ်ပါလော။ သို့ရာတွင် ခြင်္သေ့ကြီးကို ကြောက်ရွံ့လှပြီဖြစ်သော နောက်ပါလူက ကုန်သည်အား အမြန်ကတိပေး၍ ပြန်ကြရန်တိုက်တွန်း၏။ သူက ကုန်သည်အား..

"အိမ်ရောက်လျှင် ပထမဆုံးတွေ့ရမည့်သူမှာ သမီးထွေးဖြစ်ကောင်းမှ ဖြစ်လိမ့်မည်။ ခွေးများ၊ ကြောင်များလည်း ဖြစ်နိုင်ပါသေးသည်"ဟု ဆို၏။ ဤတွင် ကုန်သည်လည်း စိတ်လေးစွာနှင့်ပင် ခြင်္သေ့ကြီးအား ကတိပေးကာ ထွက်ခွာလာခဲ့၏။

သူ အိမ်သို့ရောက်သောအခါ ရှေးဦးစွာ တွေ့ရသူမှာကား သူထင်သည့်အတိုင်းပင် သမီးထွေးကလေး ဖြစ်နေလေတော့သည်။ မိန်းကလေးသည် သူ့အား ဝမ်းသာအားရ ပြေးလာဆီးကြိုလေသည်။ သူသည် သူ့အတွက် နှင်းဆီပန်းပါလာသည်ကို တွေ့ရ၍ အထူးပင် ပျော်ရွှင်နေလေ၏။ ထိုအခါ ကုန်သည်သည် သမီးငယ်အား အကြောင်းစုံ ပြန်ပြောပြ၏။ ထို့နောက် သူက မည်သို့ပင် သူကတိထားခဲ့စေကာမူ သမီးငယ်ကို ခြင်္သေ့ထံမလွှတ်ပါ။ ဖြစ်လိုရာဖြစ်စေတော့ဟု ဆို၏။ ထိုစကားကိုကြားလျှင် မိန်းကလေးသည် ဖခင်အား နှစ်သိမ့်၏။ သူသွားမည်ဖြစ်ကြောင်း ပြောပြ၏။ သူသည် ခြင်္သေ့ကြီးအား ကျေနပ်အောင် ဖျောင်းဖျပြောဆိုပါက ခြင်္သေ့ကြီးသည် မုချပြန်လွှတ်လိမ့်မည်ဟု သမီးထွေးကဆို၏။

သို့ဖြင့် နောက်တစ်နေ့တွင် သမီးထွေးသည် ခြင်္သေ့ကြီးရှိရာသို့ ထွက်ခဲ့လေ၏။ စင်စစ်သော်ကား ခြင်္သေ့ကြီးသည် ပြုစားခြင်းခံနေရသော မင်းသားတစ်ပါးသာဖြစ်လေသည်။ သူသည် နေ့အခါတွင် သူ၏နောက်ပါများနှင့်အတူ ခြင်္သေ့များဘဝသို့ ရောက်ရှိကာ လှည့်လည်သွားလာနေရသည်။ ညနေအခါတွင်ကား ပင်ကိုမူလ လူအသွင်ကို သူတို့ပြန်ရကာ မင်းစည်းစိမ်ကို ခံစားနေနိုင်ပေသည်။

မိန်းကလေးရောက်သွားသည့်အချိန်တွင် မင်းသားလေးမှာ လူအသွင်ကို ပြန်ရနေခိုက်ဖြစ်လေသည်။ သူသည် မိန်းကလေးအား ခရီးဦးကြိုဆို၍ ကောင်းစွာ ပြုစုသည်။ ကြင်နာဖွယ်ကောင်းသော စကားကို ဆိုသည်။ ဤတွင် မိန်းကလေးမှာ မင်းသားလေးကို များစွာချစ်ခင်ခြင်း ဖြစ်မိလေသည်။ ထို့ကြောင့် မင်းသားလေးက လက်ထပ်ရန် တောင်းပန်သောအခါ မိန်းကလေးက အလွယ်တကူပင် သဘောတူလိုက်သည်။ ထို့နောက် သူတို့သည် ပျော်ရွှင်စွာ နေထိုင်ကြလေ၏။


မင်းသားလေးသည် ညအချိန်၌သာ ရဲတိုက်သို့ ပြန်လာလေ့ရှိသည်။ ထို့နောက် မိန်းကလေးနှင့် တစ်ညလုံးအတူနေ၍ နံနက်လင်းသည်နှင့်တစ်ပြိုင်နက် ပျောက်သွားပြန်လေသည်။ တစ်ဖန် ညနေတွင် ပြန်လာပြန်လေသည်။ တစ်ညတွင် မင်းသားလေးက "ချစ်နှမ… မနက်ဖြန်တွင် နှမ၏ အစ်မကြီး လက်ထပ်လိမ့်မည်။ နှမသွားလိုပါက မောင်တော်၏ ခြင်္သေ့များက လိုက်ပို့ပေးပါလိမ့်မည်"ဟု ပြောဆို၏။


မိန်းကလေးသည် သူ၏ဖခင်အား တွေ့လိုသဖြင့် သွားမည်ဟုဆိုလေသည်။ ဖခင်နှင့်တကွ ရွာသူရွာသားအပေါင်းတို့လည်း သူ့အား ပြန်လည်တွေ့ရသဖြင့် များစွာဝမ်းမြောက်ကြကုန်၏။ သူတို့၏စိတ်တွင် မိန်းကလေးသည် ခြင်္သေ့ကြီး၏လက်ချက်ဖြင့် ကာလအတန်ကြာကပင် သေဆုံးခဲ့ပြီဟု ထင်မှတ်ခဲ့ကြသည်။ မိန်းကလေးသည် သူတို့နှင့် တစ်နေ့လုံး နေထိုင်ကာ ညနေချမ်းတွင် တောသို့ပြန်ခဲ့လေ၏။

(ဆက်လက်ဖော်ပြပါမည်)

ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။



ကဗျာ

## ရွှေချီး

❖ အဖော်ဝေးပါတဲ့ ရွှေချီးပျို၊
❖ ညောင်ညိုညို ပင်ပျိုထက်မှာ
တေးမြွက်လို့ဆို၊
❖ ရွှေချီးပျိုရယ်
ဆိုပါနဲ့ သည်တေး။
❖ သည်တေးသံ ခင်မကြားရင်
အားလျော့လှသေး။
❖ ရပ်ဝေးကိုတဲ့ မောင်သွားတယ်
ကျန်ရစ်သူ မေကတိုးမှာ
ညိုးငွေ့ပေါ့ကွယ်။
❖ ညိုးသင့်ပါတယ်
တွယ်တာတဲ့ချစ်ရေး။
❖ သည့်ထက်သာ ပိုမညိုးအောင်
ကြိုးခဲ့ရလေး။
❖ ဆိုးဝါးတဲ့ ရွေးကံ
ခင်နဲ့မောင် ဖော်ကွာဝေးငယ်မို့
ဆွေးပူမပြန်။
❖ ပူရေးငယ်ထန်
ပြန်ပါတော့လေး။
❖ တစ်ရပ်ဌာန် တစ်မြေခြားမှာ
အားငယ်လှသေး။
❖ နယ်ရှစ်ခွင် အုံ့ဆိုင်းလို့
မှုန်းမှိုင်းပေါ် သည်ရာသီ။
❖ မယ့်ဒါလီမပြန်သေးတယ်။
❖ ဆွေးရလေပြီ၊
❖ လွမ်းမှုငယ်ညီ
မပီတဲ့ချစ်ရေး။
❖ ခင်နဲ့ မောင် အနေဝေးတယ်
ဖေးကူပါလေး။
❖ ကူလိုက်ပါတဲ့ ရွှေချီးပျို၊
❖ မလေးခင် ရင်ဖိုလေးအောင်
တေးမြွက်လို့ချီ။
❖ ရွှေချီးပျိုရယ်
ဆိုပါနဲ့သည်တေး။
❖ သည်တေးသံ ခင်မကြားရင်
အားလျော့လှသေး။

ငွေတာရီ

ဆရာမငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှကဗျာကို စာရေးသူမိသားစု၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။



(ဆက်လက်ဖော်ပြပါမည်)

လူမှု ဘဝ

# လူငယ်များသိသင့်သော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ

## ဘီလ်ဂိတ်

**မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)**

ကမ္ဘာ့ထိပ်တန်း အချမ်းသာဆုံးပုဂ္ဂိုလ်များအနက် တစ်ဦးဖြစ်သော ဘီလ်ဂိတ်သည် မိုက်ခရိုဆော့ဖ် (Microsoft) ကုမ္ပဏီကို တည်ထောင်ခဲ့သူဖြစ်သည်။ ယခုတော့ သူသည် လူမှုပရဟိတ အကျိုးစီးပွား အတွက် Bill & Melinda Gates ဖောင်ဒေးရှင်းကို ဇနီးဖြစ်သူနှင့်အတူ ထူထောင်ဆောင်ရွက်နေသည်။

၁၉၅၅ ခုနှစ် အောက်တိုဘာလတွင် ဘီလ်ဂိတ်ကို ဖခင်ဖြစ်သူ ဝီလျံအိတ်ချ်ဂိတ်စ်စီနီယာနှင့် မိခင်ဖြစ်သူ မေရီမက်စ်ဝဲဂိတ်စ်တို့မှ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဆီးတဲလ်တွင် မွေးဖွားခဲ့သည်။ သူ့တွင် အစ်မတစ်ဦးနှင့် ညီမငယ်တစ်ဦး ရှိသည်။ သူ့မိဘများသည် အင်္ဂလိပ်-ဂျာမန်နှင့် စကော့အိုင်းရစ် သွေးပါသူများ ဖြစ်ကြသည်။ သူ့ဖခင်မှာ ထိပ်တန်းရှေ့နေကြီးတစ်ဦးဖြစ်ပြီး မိခင်ဖြစ်သူမှာ First Interstate Banc System နှင့် United Way တို့၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦး ဖြစ်သည်။ ဘီလ်ဂိတ်သည် ငယ်စဉ်ကတည်းက Longregational ဘုရားကျောင်းတွင် ဓမ္မကျမ်းကွက် ဝတ်ပြုခဲ့သည်။ သူသည် မိဘဘိုးဘွားများထံမှ စံနမူနာယူခဲ့သည်။

ဘီလ်ဂိတ်သည် အသက် (၁၃) နှစ်အရွယ်တွင် Lake Side ဟု ခေါ်သော တန်ဖိုးမြင့် ပုဂ္ဂလိကကျောင်း တစ်ကျောင်းတွင် ပညာသင်ယူခဲ့သည်။ သူ ရှစ်တန်း ကျောင်းသားအရွယ်တွင် သူတို့ကျောင်း၏ အမေများ အဖွဲ့က နှစ်စဉ်ကျင်းပမြဲဖြစ်သော ပစ္စည်းဟောင်းမျိုးစုံ ရောင်းချပွဲမှ Tele-type မော်ဒယ် 33ASR ကွန်ပျူတာ တစ်လုံးနှင့် General Electric ကွန်ပျူတာတစ်လုံးကို ကျောင်းသားများအတွက် ဝယ်ယူပေးခဲ့ကြသည်။ ဘီလ်ဂိတ်သည် GE System နှင့် ပရိုဂရမ်များကို စတင်စိတ်ဝင်စားခဲ့သည်။ သူစိတ်ဝင်စားသော ပရိုဂရမ်မင်းကို စမ်းသပ်ချင်သဖြင့် သင်္ချာစာသင်ချိန်ကို ပျက်ကွက်ခဲ့သည်။ သူသည် ယင်းပထမဦးဆုံး လက်တွေ့စမ်းသပ်ရရှိလာသော tic-tactoe အမည်ရှိ ဂိမ်းအတွက် Program တစ်ခုကို အောင်မြင်စွာ ရေးသားနိုင်ခဲ့သည်။ သူသည် ထိုအချိန်မှစ၍ ကွန်ပျူတာရှေ့ကမခွာဘဲ ကွန်ပျူတာနှင့် ပျော်မွေ့ခဲ့သည်။ ထို့နောက် အမေများအဖွဲ့က DEC PDP ကွန်ပျူတာ တစ်လုံးကို ကျောင်းသားများအတွက် လှူဒါန်းခဲ့သည်။ ဘီလ်ဂိတ်အပါအဝင်ကျောင်းသားလေးဦးသည် Computer Centre Corporation (CCC) ကို စိတ်တူကိုယ်တူ ဖွဲ့စည်းခဲ့ကြသည်။ နွေရာသီကျောင်းပိတ်ရက်ပါမကျန် Operation System အတွက် မနားမနေ ကြိုးစားခဲ့ကြသည်။ ကျောင်းပြန်ဖွင့်သောအခါ ကွန်ပျူတာအချိန် သီးသန့်ရရှိစေရန် ကြိုးပမ်းခဲ့ကြသည်။ သူတို့အဖွဲ့သည် စမ်းသပ်မှုများစွာကို လက်တွေ့လုပ်ပြနိုင်ခဲ့သည်။ ထို့ပြင် သူတို့၏ Lake Side ကျောင်းအတွက် အချိန်စာရင်းအတွက် ပရိုဂရမ်များ ရေးသားခဲ့သည်။

> မိုက်ခရိုဆော့ဖ်ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်နေစဉ် ဘီလ်ဂိတ်သည် Chief Software Architect တာဝန်ပါ ထမ်းဆောင်ခဲ့သည်။ ဘီလ်ဂိတ်သည် မိုက်ခရိုဆော့ဖ်ကုမ္ပဏီ၏ ရှယ်ယာအများဆုံးပိုင်ဆိုင်ထားပြီး စာအုပ်များလည်း ရေးသားခဲ့သည်။ သူသည် ပါစင်နယ် ကွန်ပျူတာများကို တစ်ခေတ်ဆန်းခဲ့သော လူသိအများဆုံးပညာရှင် တစ်ဦးဖြစ်

၁၉၇၃ ခုနှစ်တွင် ဘီလ်ဂိတ်သည် အမှတ်ကောင်းကောင်းနှင့် Lake Side မှ ဘွဲ့ရရှိပြီး ဟားဗတ်တက္ကသိုလ်သို့ တက်ရောက်ခဲ့သည်။ မိုက်ခရိုဆော့ဖ်၏ လက်ရှိ CEO ဖြစ်သူ Steve Baliner နှင့် ဟားဗတ်တက္ကသိုလ်တွင် တွေ့ဆုံခဲ့သည်။ ဘီလ်ဂိတ်၏ ဒုတိယနှစ် ကျောင်းသားဘဝတုန်းက တတိယနှစ်ကျောင်းသားများ အခက်အခဲတွေ့နေသော ပရိုဂရမ်မင်း ပုစ္ဆာတစ်ပုဒ်ကို တတိယနှစ်ကျောင်းသားတွေထက် မြင့်မားတဲ့တောင်တမှု ဖြေရှင်းပြနိုင်ခဲ့သည်။ သူ၏လုပ်သောအဖြေကို ဟားဗတ်တက္ကသိုလ် ကွန်ပျူတာသိပ္ပံ၏ သင်ရိုးညွှန်းတမ်းပေါ်တွင် ပြဋ္ဌာန်းခဲ့သည်။ ဂိတ်သည် သူ၏ စာကျက်ချိန်များကို ကျောင်းကွန်ပျူတာရှေ့တွင် အချိန်ကုန်လွန်ခဲ့သဖြင့် ဟားဗတ်တက္ကသိုလ် မပြီးဆုံးခဲ့ချေ။ ဂိတ်သည် CCC အဖွဲ့ဝင်တစ်ဦးဖြစ်သူ Paul Allen နှင့် အဆက်အသွယ်ရှိနေသဖြင့် ၁၉၇၅ ခုနှစ်တွင် မိုက်ခရိုဆော့ဖ်ကုမ္ပဏီကို စတင်တည်ထောင်ရန် အကြံရခဲ့သည်။

ဘီလ်ဂိတ်သည် မိုက်ခရိုဆော့ဖ်ကို စတင်တည်ထောင်စဉ်က CEO အဖြစ် တာဝန်ယူပြီး ယခုအခါ ဥက္ကဋ္ဌတာဝန်ယူနေသည်။ ဘီလ်ဂိတ်သည်သူငယ်ချင်း ပေါလ်အလန် (Paul Allen) နှင့်တွဲဖက်၍ မိုက်ခရိုဆော့ဖ်ဝဲကုမ္ပဏီကို တည်ထောင်ခဲ့သည်။ ဘီလ်ဂိတ်သည် ၁၉၉၅ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ (၂၀၀၈ ခုနှစ်မှလွဲ၍) ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်ဖြစ်ခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် သူသည် အမေရိကန်ပြည်ထောင်စုတွင် အချမ်းသာဆုံးပုဂ္ဂိုလ်ဖြစ်ခဲ့ပြီး တစ်ကမ္ဘာလုံးတွင် ဒုတိယအချမ်းသာဆုံးပုဂ္ဂိုလ်ဖြစ်ခဲ့သည်။ မိုက်ခရိုဆော့ဖ်ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်နေစဉ် ဘီလ်ဂိတ်သည် Chief Software Architect တာဝန်ပါ ထမ်းဆောင်ခဲ့သည်။ ဘီလ်ဂိတ်သည် မိုက်ခရိုဆော့ဖ်ကုမ္ပဏီ၏ ရှယ်ယာအများဆုံး ပိုင်ဆိုင်ထားပြီး စာအုပ်များလည်း ရေးသားခဲ့သည်။ သူသည် ပါစင်နယ်ကွန်ပျူတာများကို တစ်ခေတ်ဆန်းခဲ့သော လူသိအများဆုံးပညာရှင် တစ်ဦးဖြစ်သည်။

ဘီလ်ဂိတ်သည် ၁၉၉၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် Melinda Fre-nch နှင့် လက်ထပ်ခဲ့ပြီး သမီး နှစ်ယောက်၊ သား တစ်ယောက် ထွန်းကားခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် Bill & Melinda Gates ဖောင်ဒေးရှင်းကို စတင်တည်ထောင်ခဲ့ပြီး ပရဟိတလုပ်ငန်းများစွာကို ဇနီးသည်နှင့်အတူ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ အခြားကုသိုလ်ဖြစ် အဖွဲ့အစည်းများသို့ အလှူငွေများ လှူဒါန်းခဲ့သည်။ သိပ္ပံသုတေသနလုပ်ငန်းများသို့ ထောက်ပံ့လှူဒါန်းခဲ့သည်။

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလတွင် ဘီလ်ဂိတ်သည် CEO ရာထူးမှ အနားယူကာ ဥက္ကဋ္ဌရာထူးတာဝန်ကို ထမ်းဆောင်ရင်း Cheif Software Architet ရာထူးပါ ပူးတွဲထမ်းဆောင်ခဲ့သည်။ ၂၀၀၆ ခုနှစ်မှစ၍ အချိန်ပိုင်းသာ တာဝန်ယူဆောင်ရွက်ခဲ့သည်။ ထို့ပြင် Ozzie ကုမ္ပဏီ၏ Chief Software Architect အဖြစ်လည်းကောင်း၊ Crais Mandie ကုမ္ပဏီ၏ Chief Researcher နှင့် Strategy Officer အဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်ခဲ့သည်။ ။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၆၄၂၇ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၇-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၆-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၇-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၄၂၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၆၄၁,၀၀၆)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၁၆၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၆၆) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၆၈၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၆-၁၁-၂၀၂၂) ရက်နေ့အထိ အသက်(၁၈)နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၇၆၄,၇၂၉)ဦးနှင့် အသက်(၁၈)နှစ်အောက် လူဦးရေစုစုပေါင်း (၆,၇၅၆,၄၇၆)ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု (၂၆-၁၁-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၇၆၄,၇၂၉ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၇၅၆,၄၇၆ |

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၃၆)ရက်ဆက်တိုက် (၂)ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကိုလျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal)နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်)အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း)ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန



ကျောင်းကုန်းမြို့နယ်၌ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၂၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၃၀၇၆ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၁၈၃၈ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံ တပ်မတော်သားများက ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မော်လမြိုင်ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူခဲ့သော နိုင်ငံ့ဝန်ထမ်းများအတွက် ဆေးကုသစရိတ်ထောက်ပံ့ငွေ ပေးအပ်

**မော်လမြိုင် နိုဝင်ဘာ ၂၇**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ကျန်းမာရေးဝန်ကြီးဌာန မွန်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍမြှင့်တင်ပေးနိုင်ရန်အတွက် နိုင်ငံ့ဝန်ထမ်းများကို သင့်လျော်သည့် ခံစားခွင့်ရရှိအောင် ဦးစားပေးဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက မော်လမြိုင် ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူခဲ့သော နိုင်ငံ့ဝန်ထမ်းများအတွက် ထပ်ဆောင်းကုန်ကျခဲ့သော ဆေးကုသစရိတ်ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို မော်လမြိုင်ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မွန်ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒဝင်းက နိုင်ငံ့ဝန်ထမ်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးနေသော အခမဲ့ဆေးဝါးကုသခွင့်အပြင် ထပ်ဆောင်းကုန်ကျခဲ့သော ပြည်တွင်း ဆေးကုသစရိတ်များကိုထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ ပြည်တွင်း ဆေးကုသစရိတ်ထောက်ပံ့ပေးရာတွင် သတ်မှတ်ချက်များနှင့်အညီ စနစ်တကျစိစစ်ထုတ်ပေးလျက်ရှိကြောင်း၊ ပြည်သူ့ဆေးရုံတွင် နိုင်ငံ့ဝန်ထမ်းများက ဆေးကုသစရိတ်တင်ပြတောင်းခံလာပါက အမြန်ဆုံးစိစစ်ပြီး ထပ်ဆောင်းဆေးဝါးကုသစရိတ် ကုန်ကျငွေများကို ရက်သတ္တတစ်ပတ်အတွင်း ဆေးကုသစရိတ်များ ပြန်လည်ထုတ်ပေးနိုင်ရေး အလေးပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးကိစ္စအတွက် ကုန်ကျစရိတ်ကို နိုင်ငံတော်က တာဝန်ယူဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းစွာဖြင့် နိုင်ငံ့တာဝန်များကို ပိုမိုကျေပွန်စွာထမ်းဆောင်နိုင်ပြီး ပြည်သူ့အကျိုး တိုးတက်သယ်ပိုးနိုင်ရန် ရည်ရွယ်ချက်များဖြင့် ထောက်ပံ့ပေးအပ်ခြင်း ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် မော်လမြိုင်ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူခဲ့သော နိုင်ငံ့ဝန်ထမ်းများအတွက် ဆေးကုသစရိတ်ထောက်ပံ့ငွေများကို ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒဝင်းက ပေးအပ်ရာ သက်ဆိုင်ရာ ကုသမှုခံယူခဲ့သော ဝန်ထမ်းများက လက်ခံရယူခဲ့ကြသည်။

ယနေ့တွင် မော်လမြိုင်ခရိုင်မှ ဝန်ထမ်းလေးဦး၊ သထုံခရိုင်မှ ဝန်ထမ်းသုံးဦး စုစုပေါင်း ဝန်ထမ်းခုနစ်ဦးအား ထောက်ပံ့ငွေကျပ် ၁၉၁၆၈၁၀ ကို လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

**ကျန်းမာဖို့အရေး လမ်းညွှန်ပေး**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

**၂၅-၁၁-၂၀၂၂ ရက်မှအဆက်**

ဦးကျော်ဒင်သည် တစ်ဖက်သို့ငေး၍ ကြည့်နေရင်း သူ၏ထိခိုက်နေသော အတွင်းစိတ်ကို မပေါ်စေရန် အတတ်နိုင်ဆုံး ဟန်ဆောင်နေရဟန် ရှိသည်။

ပြီးမှ တံတွေးကို မျိုချလိုက်သည်။

"အေး…မိဘဝတ်ငါးပါးထဲမှာ ထိမ်းမြားခြင်းဆိုတဲ့ ဝတ္တရားတစ်ခုလည်း ပါတယ်ဆိုတာ သမီးလည်းသိတယ်နော်။ ဒါပေမဲ့ ဖေဖေဟာ ခေတ်ကို မေ့ထားတဲ့လူမျိုး မဟုတ်ပါဘူး။ သမီးတို့ စိတ်ကြိုက်ရွေးချယ်ဖို့လည်း လွတ်လပ်ခွင့်ပေးခဲ့ပါတယ်။ သမီး ခု ဆုံးဖြတ်မယ့်ကိစ္စကတော့ မစောလွန်းပေဘူးလား။ ဒီလိုပြောလို့ သမီးရဲ့အလိုကို ဟန့်ထားတာမဟုတ်ဘူးနော်။ သမီးတွေထဲမှာ ဖေဖေဟာ ငါ့သမီးကို အချစ်ဆုံးပါ။ ဒါ သမီးအသိဆုံးနော်။ လောကဓမ္မတာအရ အိမ်ထောင်ကျလို့ ခွဲရမယ်ဆိုတောင် ငါ့သမီးကို ဖေဖေ မခွဲရက်ဘူး။ ဖေဖေဟာ ဒီထက်အရွယ်ကြီးလို့ အိုမင်းမစွမ်း ဖြစ်နေရင်တောင် ငါ့သမီးကို ဆေးပေးမီးယူ အနားမှာရှိစေပြီး သမီးရဲ့ စောင်းသံကလေး နားထောင်ရင်း သေခြင်းတရားကို ခဏတာဖြင့် မေ့ပျောက်ပြီး ကြည်နူးနေချင်တာပါကွယ်။ ဒါဟာ အရွယ်ကြီးရင့်တဲ့သူတွေရဲ့ စိတ်ကူးယဉ်တာပေါ့ကွယ်။ ဒါပေမဲ့ ဖေဖေ ဒီအထိ ချုပ်ချယ်ဖို့ မရည်ရွယ်ပါဘူး။ ဘဝရေစက်ကြောင့် တွေ့ဆုံပေါင်းသင်းရခြင်းနဲ့ ကွေကွင်းခြင်းသဘောကို ဖေဖေနားလည်ပါတယ်။ တစ်နေ့ သမီးတို့ဟာ အလှျိုအလှျို ခွဲထွက်သွားကြလိမ့်မယ် ဆိုတာလည်း ဖေဖေ ကြိုတင်နားလည်ပြီးသားပါ။ ခုကိစ္စမှာတော့ သမီး စဉ်းစားစေချင်တယ်။ ခြေလှမ်းမှားပြီး ပင်ပန်းမှာ ဖေဖေ စိုးရိမ်တယ်"

ဦးကျော်ဒင်သည် မည်မျှပင် ဟန်ဆောင်စေကာမူ သူ့အသံမှာ ကြေကွဲစရာကောင်းလှသည်။

'မ' သည် ခေါင်းကို ငုံ့ထားရင်းမှ တရှုပ်ရှုပ် ငိုနေတော့သည်။

"သမီးထိုက်နဲ့ သမီး ရှိပါစေတော့ ဖေဖေ။ သမီးဟာ တစ်သက်နဲ့တစ်ကိုယ် မိဘစကားကို မပယ်ရှားခဲ့ပါဘူး။ ခုတစ်ကြိမ်တော့ သမီးကို ခွင့်လွှတ်ပါတော့ ဖေဖေ"




'မ' သည် ပြောရင်း အသံထွက်အောင် ငိုချလိုက်သည်။ ပြီးမှ ဦးကျော်ဒင်အား သုံးကြိမ်သုံးလီ ရှိခိုးလိုက်သည်။ ဦးကျော်ဒင်သည် ကျောက်ရုပ်ကဲ့သို့ မလှုပ်မယှက် ရှိနေတော့သည်။

'မ' သည် တစ်သက်နှင့်တစ်ကိုယ် မခွဲဖူးသော ဖခင်ကို ကျောပေး၍ ထွက်လေသည်။

'မ' သည် သားရေသေတ္တာကိုဆွဲ၍ လှေကားမှ တစ်ထစ်ချင်း ဆင်းခဲ့လေသည်။

'မ' ခြေလှမ်းများသည် ယိုင်၍နေသည်။ တစ်ထစ်မှတစ်ထစ်သို့ ဆင်းလျှင် နောက်တစ်ထစ်မှ ရပ်၍နေသော ခြေထောက်က တဆတ်ဆတ်တုန်၍ နေသည်။ 'မ'သည်လှေကားလက်ရန်းကို အသာမှီ၍ နေလိုက်ရသည်။

ပြီးမှ နောက်တစ်ထစ်သို့ ကြိုးစား၍ ဆင်းလိုက်ပြန်သည်။

'မ' ရင်တွင်း၌ကား မုန်တိုင်းဆင်လျက်ရှိသည်။ လှေကားမှ အောက်သို့ ကြည့်လိုက်သောအခါ အံ့သြငေးမောကြည့်နေသော မွန့်ကို ရေးဦးစွာ မြင်ရသည်။ မွန့်ဘေးတွင် စက်ဆုပ်ရွံမုန်းသောအကြည့်ဖြင့် ကြည့်နေသော မော့်ကို တွေ့ရပြန်သည်။

အပေါက်ဝတွင် ကြီးမားသောမျှော်လင့်ချက်ဖြင့် စောင့်စားနေသော ကိုဘခက်ကို မြင်ရပြန်သည်။

"သမီးလေး … 'မ' …

ဦးကျော်ဒင်၏ ကြေကွဲစရာကောင်းလှသောခေါ်သံကြောင့် 'မ' တစ်ကိုယ်လုံး မလှုပ်နိုင်အောင် ရှိတော့သည်။ 'မ' သည် အနိုင်နိုင် အားယူ၍ ဦးကျော်ဒင်အား လှည့်၍ကြည့်လိုက်သည်။

ဦးကျော်ဒင်၏ မျက်လုံးများသည် မျက်ရည် များ ပြည့်လျှံစီးကျ၍ နေတော့သည်။

ဦးကျော်ဒင်သည် အချိုသာဆုံးအသံဖြင့် 'မ' ကို တောင်းပန်လိုက်သည်။

"ဒီအတိုင်းပဲ ဆုံးဖြတ်တော့မလား သမီးရယ်၊ သမီးစိတ်ချမ်းသာဖို့အတွက် ဖေဖေ တာဝန်ယူပါတယ်။ အချိန်ယူပါဦးလားကွယ်"

ချစ်သူ၏ မေတ္တာခေတ်သည် 'မ' နှလုံးသားကို အေးမြမာကျောစေသော်လည်း သံယောဇဉ်မီးဖြင့် တွေ့သောအခါ အရည်ပျော်ရပြန်သည်။

အောက်သို့ ကြည့်လိုက်ပြန်တော့လည်း မွန့်မျက်နှာ။ ပြီးတော့ ခက်ထန်လှသော မော့်မျက်နှာ။ နောက်ပြီးတော့လည်း မျှော်လင့်ချက် ကြီးစွာဖြင့် စောင့်စားနေသော ချစ်သူမျက်နှာ။

နောက်သို့ ကြည့်ပြန်တော့လည်း ကျေးဇူးရှင်ဖခင်၏မျက်နှာ၊ ထောင့်ငါးရာနှင့် ငါးရာနှစ်ဆယ့်ရှစ် မေတ္တာလွန်ပွဲသည် အပြိုင်အဆိုင် ဆွဲကြလေပြီ။ ဤကြားဝယ် 'မ' လို နုနယ်သိမ်မွေ့သော မိန်းကလေးတစ်ယောက်သည် မည်သို့ ရပ်တည်နိုင်ပါအံ့နည်း။

သည်တစ်ကြိမ်တွင် 'မ' သည် ဖခင်၏ မျက်နှာကို ကြာကြာမကြည့်ရဲတော့ချေ။ ချစ်သောဖခင်၏ မျက်လုံးအိမ်အတွင်းမှ စီးဆင်းလာကုန်သော မျက်ရည်တို့သည် 'မ' ၏ရင်တွင်းသို့ ပြင်းထန်စွာ ရိုက်ခတ်ကုန်သည်။

'မ' သည် မျက်လုံးကိုမှိတ်၍ ဖခင်ကို မျက်နှာလွှဲလိုက်သည်။ နောက် အောက်သို့ တစ်ချက်မျှ ဆင်းလိုက်ပြီးလျှင် အားယူ၍ မျက်လုံးကိုဖွင့်လိုက်ပြန်သည်။ ကိုဘခက်၏ တောက်ပသော မျက်လုံးနှင့် 'မ' ၏ ရီဝေသောမျက်လုံးတို့ သည် တန်းတန်းမတ်မတ် ဆုံစည်းမိကြပြန်သည်။ ချစ်သူ၏ မျက်လုံးအိမ်အတွင်းမှ တောက်ပသောအရောင်သည် 'မ' ကို မျှော်လင့်နေခြင်းသာ အဓိပ္ပာယ်ရလေသည်။ 'မ' ရင်တွင်း၌ တိုက်ဆင်လျက်ရှိသော မုန်တိုင်းသည် လှိုင်းတံပိုးနှင့် မီးလျှံကို ပင့်၍ပေးသလို နေတော့သည်။

အချစ်အတွက် တောက်လောင်ရသောမီးသည် မုန်တိုင်းနှင့် တွေ့သောအခါ တရှိန်ရှိန် ကြီးမား၍လာသည်။

သံယောဇဉ်အတွက် စီးဆင်းယိုဖိတ်လာကုန်သော ဖခင်၏မျက်ရည်သည် 'မ' ရင်တွင်းဝယ် မုန်တိုင်းနှင့်တွေ့သော ပင်လယ်လှိုင်းတံပိုးကဲ့သို့ ပြင်းထန်လေတော့သည်။

ရေနှင့်မီးသည် ရေများက ရေနိုင်၏။ မီးများက မီးနိုင်၏။ ယခုမူ ဘယ်အရာက ပို၍စွမ်းအားကြီးသည်ကို ဆုံးဖြတ်၍ မရပေ။ ဤစွမ်းအားနှစ်ခုကြားဝယ် ရပ်တည်နေရသော 'မ'သည် တစ်ဖက်ဖက်သို့ ပါမသွားလျှင် မည်သို့ ကြံ့ကြံ့ခံနိုင်ပါအံ့နည်း။

'မ' မျက်လုံးများသည် ဝေ၍လာသည်။ မြင်သမျှအရာတို့သည် ဝါး၍လာသည်။ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်၍လာသည်။ ရင်ထဲ၌လည်း တလှပ်လှပ်ခုန်၍လာသည်။ လှေကားလက်ရန်းကိုကိုင်၍ ထားသော 'မ' လက်များသည် ပြုတ်၍ ကျသွားသည်။

'မ' သည် မုန်တိုင်း၏ဒဏ်ကြောင့် အောက်သို့ လွင့်စဉ်ကျသွားလေသည်။

မီးလျှံထဲတွင် လောင်ကျွမ်း၍သွားသလော၊ လှိုင်းတံပိုးအောက်တွင် နစ်မျော၍သွားသလော ဆိုသည်ကိုကား 'မ' ကိုယ်တိုင်ပင် သိရှာလိမ့်မည် မဟုတ်ပေ။

ဦးကျော်ဒင်၏ အက်ကွဲသောအသံကြီးသည် ဧည့်ခန်းတစ်ခုလုံးကို ဟည်း၍ သွားလေသည်။

"သမီး…သမီး"

ဦးကျော်ဒင်၏ အသံနှင့်အတူ မော်၏ စူးရှသောအသံကိုလည်း ကြားလိုက်ရသည်။ ကိုဘခက် ရုတ်တရက် ကြောင်၍ နေရာမှ လှေကားရင်းသို့ အပြေးသွားလိုက်သည်။ 'မ' သည် လှေကားအလယ် ဆင့်လောက်မှ အောက်သို့ ချာချာလည်၍ ကျလာသည်။ ကိုဘခက်သည် 'မ' ကို ဆီး၍ပွေ့လိုက်သည်။

ကိုဘခက်သည် 'မ' ကို အသာလှုပ်၍ ခပ်တိုးတိုးခေါ်လိုက်မိသည်။

'မ' ကား ပြန်၍မထူးနိုင်၊ ကိုဘခက် လက်ထဲ၌သာ ပျော့ခွေလျက်ရှိသည်။

ထိုအတွင်း မွန်သည် ကိုဘခက်ကို တွန်းဖယ်၍ ကိုဘခက်၏လက်မှ 'မ' ကို ပွေ့ယူလိုက်သည်။ ကိုဘခက်ကမူ မွန်၏ အပြုအမူကို ဂရုမထားနိုင်။ 'မ' ကိုသာ စိုးရိမ်တကြီး ကြည့်နေမိသည်။ 'မ' ၏ နှုတ်ခမ်းထောင့်မှ သွေးများ စီးကျလာသည်။ 'မ' အနားသို့ အားလုံးဝိုင်း၍ နေကြသည်။

ကိုဘခက်က 'မ' ၏ လက်ကလေးကို ယောင်ယမ်း၍ ဆွဲကိုင်ထားလိုက်မိသည်။

မွန်သည် 'မ' လက်တစ်ဖက်ကို သွေးစမ်း၍ ကြည့်နေရာမှ ကိုဘခက်ကို ဒေါသဖြင့် စိုက်၍ကြည့်လိုက်သည်။

"ရှင် သွားရင်ကောင်းမယ်၊ ရှင့်ကြောင့် အားလုံး ဒုက္ခရောက်နေပြီ … သိလား။ ရှင် စိုးရိမ်စရာမလိုဘူး၊ ရှင် ခုသွားရင် ကောင်းမယ်"

ကိုဘခက်သည် မွန့်ကို တစ်ခဏမျှ ကြည့်လိုက်ရင်း တယုတယကိုင်၍ထားသော 'မ' လက်ကလေးကို မလွှတ်ချင် လွှတ်ချင် လွှတ်လိုက်သည်။

နာကြည်းသော မျက်လုံးများဖြင့် အားလုံးကို အတန်ကြာမျှ စိုက်ကြည့်နေလိုက်သည်။ ပြီးမှ အံကိုကြိတ်၍ အက်ကွဲသောအသံဖြင့် 'မ' ကို နှုတ်ဆက်လိုက်၏။

"ကိုယ်သွားတော့မယ် 'မ' ရေ၊ ကိုယ့်နောက်ကိုလိုက်မယ့် 'မ' ကို ကိုယ် ထမ်းပြီးခေါ်သွားချင်ပေမယ့် ကိုယ့်မှာ ခေါ်ပိုင်ခွင့်မရှိဘူးမဟုတ်လား။ မခွဲချင်ပေမယ့် ကိုယ်တစ်ယောက်တည်းပဲ သွားရတော့မယ်။ ဒါပေမဲ့ 'မ' ကို ကိုယ် စောင့်နေပါ့မယ်ကွယ်"

ကိုဘခက်သည် 'မ' ကို နှုတ်ဆက်၍ နေရာမှ ထလိုက်သည်။ ပြီးမှ ဧည့်ခန်းဝဆီသို့ တစ်လှမ်းချင်း ထွက်သွားလေသည်။

ဦးကျော်ဒင်နှင့် မွန်သည် 'မ'ကို အပေါ်ထပ်သို့ ပွေ့ယူသွားလေသည်။

ကိုဘခက် အပေါက်ဝသို့ရောက်သောအခါ နောက်မှ တံခါးပိတ်သံကို ကြားလိုက်ရသည်။ နောက်သို့ လှည့်ကြည့်လိုက်သောအခါ သူ့အား ရွံမုန်းသောအကြည့်ဖြင့် ကြည့်နေသော မော့်မျက်နှာကို တံခါးကြားမှ မြင်လိုက်ရသည်။

မော်သည် ကိုဘခက်အား တစ်ချက်မျှ မဲ့ရွဲ့၍ကြည့်လိုက်ပြီးလျှင် နောက်သို့ ဝင်သွားလေသည်။

ကိုဘခက်သည် သံတံခါးကြားမှ ဧည့်ခန်းဆီသို့ ငေးကြည့်နေမိသည်။ တစ်ကြိမ်က 'မ' နှင့်သူသည် ဤလှေကားရင်း၌ပင် တစ်ယောက်ကိုတစ်ယောက် နှစ်သိမ့်ယုယခဲ့ကြသည်။ ယခုမူ 'မ' အနားသို့ သွားရန်ပင် မလွယ်တော့ပေ။

**ဆက်လက်ဖော်ပြပါမည်။**

"ချစ်သူ၏ မေတ္တာဓာတ်သည် 'မ' နှလုံးသားကို အေးမြမာကျောစေသော်လည်း
သံယောဇဉ်မီးဖြင့်တွေ့သောအခါ အရည်ပျော်ရပြန်သည်။
အောက်သို့ ကြည့်လိုက်ပြန်တော့လည်း မွန့်မျက်နှာ။
ပြီးတော့ ခက်ထန်လှသော မော့်မျက်နှာ။
နောက်ပြီးတော့လည်း မျှော်လင့်ချက်ကြီးစွာဖြင့် စောင့်စားနေသော ချစ်သူမျက်နှာ။
နောက်သို့ကြည့်ပြန်တော့လည်း ကျေးဇူးရှင်ဖခင်၏ မျက်နှာ၊
ထောင့်ငါးရာနှင့် ငါးရာနှစ်ဆယ့်ရှစ် မေတ္တာလွန်ပွဲသည် အပြိုင်အဆိုင် ဆွဲကြလေပြီ။
ဤကြားဝယ် 'မ' လို နုနယ်သိမ်မွေ့သော မိန်းကလေးတစ်ယောက်သည်
မည်သို့ ရပ်တည်နိုင်ပါအံ့နည်း။"

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

## မွန်ပြည်နယ်၌ ဒီဇင်ဘာလူထုအားကစားလအကြို စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၂၇**

ကျန်းမာရေး ဝန်ကြီးဌာနက တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် ပြည်သူလူထုအများပါဝင်သော နံနက်စောစောထ လမ်းလျှောက်ခြင်းဖြစ်သည့် လူထုအားကစားလှုပ်ရှားမှုကို နှစ်စဉ်ဆောင်းရာသီတွင် ကျင်းပလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက ဒီဇင်ဘာ လူထုအားကစားလအကြို မွန်ပြည်နယ် မော်လမြိုင်မြို့ တောင်ဝိုင်းတောင်တက် စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပသည်။

**အင်အား ၃၀၀ ကျော်**

စုပေါင်းလမ်းလျှောက်အားကစားလှုပ်ရှားမှုသည် ပြည်သူလူထုကျန်းမာကြံ့ခိုင်စေရန်၊ ရောဂါကြိုတင် ကာကွယ်နိုင်ရန်နှင့် သက်တမ်းစေ့နေနိုင်ရန်၊ အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ လေ့ကျင့်ရေးကျောင်း (မော်လမြိုင်) မှ ကျောင်းသားကျောင်းသူများ၊ အားကစားစိတ်ပါဝင်စားသူ အင်အား ၃၀၀ ကျော်သည် စုရပ်ဖြစ်သည့် တောင်ဝိုင်းတောင်တက်ကားလမ်း၏ အဝင်မုခ်ဦးထိပ်မှစတင်ပြီး တောင်ဝိုင်းတောင်ပေါ်ရှိ ငြိမ်းချမ်းသစ္စာနိမိတ္တမျက်ရှင်တော် စေတီတော် ရင်ပြင်တော်အနီးသို့ တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး တောင်ဝိုင်းတောင်ပေါ်၌ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်ဆက်)





## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား နိုဝင်ဘာ ၂၇**

ကချင်ပြည်နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ပြည်နယ်စီးပွားမြှင့်တင်နိုင်ရေး အတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် ဒေသတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလက်မှု သမဝါယမအသင်းများ ထူထောင်၍ ကုန်ထုတ်လုပ်မှု မြင့်မားလာရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့နယ်အတွင်း လှည့်လည် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ ရွှေညောင်ပင်ရပ်ကွက် အတွင်း နို့စားနွားမွေးမြူရေးလုပ်ငန်းနှင့် နို့ထွက် စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်လျက်ရှိသည့် ဦးစိုးငြိမ်း၏ နို့စားနွားမွေးမြူရေးခြံတွင် နို့စားနွားကောင်ရေ ၈၅ ကောင်တို့အား စနစ်တကျ မွေးမြူထားရှိမှု၊ နို့နှင့် နို့ထွက်ပစ္စည်းများအား တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် နို့ဆီ၊ နို့ခဲ၊ ထောပတ်၊ ဒိန်ချဉ်၊ မလိုင်များ ထုတ်လုပ်ရောင်းချနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ နို့နှင့် နို့ထွက်ပစ္စည်း ထုတ်ကုန်များ ပိုမိုတိုးချဲ့ထုတ်လုပ်နိုင်ရေး သမဝါယမအစုအဖွဲ့အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေဖြင့် ပံ့ပိုးကူညီပေးနိုင်ရေး ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကာ မွေးမြူရေးအထောက်အကူပြု ဆေးဝါးများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့သည်။

**လက်ရက်ကန်း**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အဆိုပါရပ်ကွက်အတွင်းရှိ ဦးထွန်းရီ၏ ရိုးရာအဝတ်အထည်များ ရက်လုပ်သည့် အသေးစား လက်ရက်ကန်းရုံ၊ ဦးသန်းဆွေ၏ ရက်ကန်းရုံ၊ ဦးပီတာဆိုင်းအောင်၏ ရက်ကန်းရုံနှင့် မြို့သစ်ကြီးရပ်ကွက်ရှိ ခရူးရက်ကန်းရုံတို့အား သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ရက်ကန်းရုံများအတွင်း လက်ရက်ကန်း၊ စက်ရက်ကန်းတို့ဖြင့် ရိုးရာအထည်များကို ရက်လုပ်နေမှု၊ ရက်ကန်းချည် ဆိုးဆေးထုတ်လုပ်မှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြသည်။

ထို့မှတစ်ဆင့်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနား စိုက်ပျိုးရေးသိပ္ပံ ကျောင်းဝင်းအတွင်း ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နွားနှင့် ဆိတ်မွေးမြူရေး သရုပ်ပြ သုတေသနခြံ တည်ဆောက်ရေးလုပ်ငန်းနှင့် တိရစ္ဆာန်အစာအဖြစ် နေဗီယာမြက်များ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှု၊ နွားမွေးမြူရေးခြံ တည်ဆောက်ပြီးစီးမှုနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်းအတွင်း မွေးမြူရေးဘာသာရပ် တိုးချဲ့သင်ကြားနိုင်ရေး စာသင်ဆောင်၊ အသေးစား သုတေသန ဓာတ်ခွဲခန်းနှင့် အစာသိုလှောင်ရုံများ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်အတွင်းရှိ မိုးစပါးစိုက်ပျိုးသည့် လယ်ယာမြေများအတွင်း မိုးစပါးသီးနှံ ရိတ်သိမ်းပြီးချိန်အတွင်း ဆောင်းသီးထပ်သီးနှံအဖြစ် နေကြာစိုက်ပျိုးနိုင်ရေး ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

## စလင်းမြို့နယ်၌ အခြေခံလူတန်းစား အိမ်ထောင်စု ၅၀၀ အား စားသောက်ကုန်များ ဈေးနှုန်းသက်သာစွာရောင်းချပေး

**စလင်း နိုဝင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စလင်းတပ်နယ်မှ အခြေခံစားသောက်ကုန်များအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်းကို ယနေ့နံနက် ၇ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်း အခြေခံလူတန်းစားအိမ်ထောင်စုများအား ရောင်းချပေးခဲ့ကြောင်း သိရသည်။

စလင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စလင်းမြို့တွင် အိမ်ထောင်စု ၅၀၀ နှင့် ဆီစက်ပိုင်၊ ဆန်စက်ပိုင် ကုန်သည်ကြီးများအသင်းက အိမ်ထောင်စု ၂၀၀၊ ဆင်ဖြူကျွန်းမြို့တွင် အခြေခံလူတန်းစား အိမ်ထောင်စု ၅၀၀ စုစုပေါင်းအိမ်ထောင်စု ၁၂၀၀ အား အခမဲ့ဝေငှခဲ့ပြီး ယနေ့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စလင်းတပ်နယ်မှ မြို့နယ်အတွင်းရှိ ပြည်သူများအား စားသောက်ကုန်များ ရောင်းချပေးရာတွင် ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၅၀၀၊ ဆီ ၅၀ ကျပ်သားတစ်ဘူးလျှင် ငွေကျပ် ၃၀၀၀၊ အမဲသား၊ ဝက်သား ၂၅ ကျပ်သားလျှင် ငွေကျပ် ၂၀၀၀ နှင့် ဆား၊ ဟင်းသီးဟင်းရွက်နှင့် ကြက်ဥများကို ဈေးနှုန်းချိုသာစွာဖြင့် အခြေခံလူတန်းစားအိမ်ထောင်စု ၅၀၀ အား စလင်းတပ်နယ်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်း (၄)ကြိမ်မြောက် ရောင်းချပေးခြင်းဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးမှ သိရသည်။

မောင်လွင်(စလင်း)

## ပင်လောင်းမြို့နယ်၌ ဝက်မျိုးကောင်းမျိုးသန့်တိုးချဲ့မွေးမြူနိုင်ရေး ကျပ်သိန်း ၃၀၀ ပေးအပ်

**နောင်တရား နိုဝင်ဘာ ၂၇**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ဘုရားဖြူကျေးရွာ၌ မွေးမြူရေးကဏ္ဍချေးငွေဖြင့် ဝက်မျိုးကောင်းမျိုးသန့် တိုးချဲ့မွေးမြူရန်အတွက် ချေးငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့နံနက် ၉ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် ပင်လောင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဇော်ထက်က အဖွင့်အမှာစကားပြောကြားပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာနီနီဝင်းက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေဖြင့် ဝက်မျိုးကောင်းမျိုးသန့် တိုးချဲ့မွေးမြူနိုင်ရန်အတွက် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးခြင်းဖြစ်ကြောင်း၊ သတ်မှတ်ကာလအတွင်း မွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ချေးငွေနှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများကိုလည်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့မှတစ်ဆင့် ထုတ်ချေးသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေကျပ်သိန်း ၃၀၀ ကို ပင်လောင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ဘုရားဖြူကျေးရွာ ဝက်မွေးမြူရေးအစုအဖွဲ့ ကြီးကြပ်မှုကော်မတီထံသို့ လွှဲပြောင်းပေးအပ်သည်။



နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မွေးမြူရေးကဏ္ဍချေးငွေကျပ်သိန်း ၃၀၀ မှ အိမ်ထောင်စုတစ်စုလျှင် ဝက်မျိုးကောင်းမျိုးသန့်ငါးကောင်နှုန်းဖြင့် အိမ်ထောင်စု ၃၀ အတွက် စုစုပေါင်းဝက်ကောင်ရေ ၁၅၀ အား ထပ်မံတိုးချဲ့မွေးမြူသွားမည်ဖြစ်သည်။ ပင်လောင်းမြို့နယ် ဘုရားဖြူကျေးရွာ၌ တစ်ပိုင်တစ်နိုင် ဝက်မွေးမြူသူ ၃၅ ဦးရှိပြီး ဝက်ကောင်ရေ ၂၀၀ ကျော်ခန့် မွေးမြူထားရှိကြောင်း သိရသည်။

ခွန်အောင်(နောင်တရား)

## ဒေါ်လန်းကျေးရွာ၌ ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ကွင်းဆင်းထိုးနှံပေး

**ပိုင်ကျုံ နိုဝင်ဘာ ၂၇**

ကရင်ပြည်နယ် ပိုင်ကျုံမြို့ ဒေါ်လန်းကျေးရွာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံခြင်းကို ယမန်နေ့က ကွင်းဆင်းထိုးနှံပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဌာနမှဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ လေးလနှင့်အထက်ရှိသူများ၊ ကာကွယ်ဆေးတစ်ကြိမ်တစ်ခါမှ မထိုးရသေးသည့် ကျေးလက်နေပြည်သူများအား ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ပိုင်ကျုံမြို့တွင် မြို့ပေါ်ငါးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၇ အုပ်စုရှိရာ ဒေသနေပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံနိုင်ရေးအတွက် အပတ်စဉ် အင်္ဂါနေ့တွင် ပိုင်ကျုံမြို့တိုက်နယ်ဆေးရုံ၌ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

နော်ခူး(ပြန်/ဆက်)

# ကမ္ဘာ့ဖလားလက်ရှိချန်ပီယံအသင်းတွေရဲ့ မှတ်တမ်းဆိုးကို ချေဖျက်နိုင်ခဲ့တဲ့ ပြင်သစ်အသင်း



ကမ္ဘာ့ဖလားလက်ရှိချန်ပီယံအသင်းဖြစ်တဲ့ ပြင်သစ်အသင်းဟာ နိုဝင်ဘာ ၂၆ ရက်ညပိုင်းက ဒိန်းမတ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ (၁၆)သင်းအဆင့်ကို တက်လှမ်းနိုင်ခဲ့တဲ့ ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ပြီဖြစ်ပါတယ်။

ပြင်သစ်အသင်းဟာ ဒိန်းမတ်အသင်းကို အနိုင်ရရှိကာ (၁၆)သင်းအဆင့်ကို တက်လှမ်းနိုင်ခဲ့တာကြောင့် ကမ္ဘာ့ဖလားလက်ရှိချန်ပီယံအသင်းတွေ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စုအဆင့်ကနေ ထွက်ခဲ့ရတဲ့ မှတ်တမ်းဆိုးကို ကျော်ဖြတ်နိုင်ခဲ့တာဖြစ်ပါတယ်။

ပြင်သစ်အသင်းနဲ့ ဒိန်းမတ်အသင်းတို့ပွဲစဉ်မှာ ပြင်သစ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးစလုံးကို ပွဲကစားချိန် ၆၁ မိနစ်နဲ့ ၈၆ မိနစ်တို့မှာ တိုက်စစ်မှူး အမ်ဘတ်ပီက သွင်းယူပေးခဲ့တာဖြစ်ပြီး ဒိန်းမတ်အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန် ၆၈ မိနစ်မှာ ခရစ္စတန်ဆန်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ယခင်က ကမ္ဘာ့ဖလားလက်ရှိချန်ပီယံအသင်းတွေရဲ့ သမိုင်းကိုကြည့်မယ်ဆိုရင် ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားချန်ပီယံ အီတလီအသင်းဟာ ၂၀၁၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အုပ်စုအဆင့်ကနေ ပြိုင်ပွဲကထွက်ခဲ့ရသလို ၂၀၁၀ ကမ္ဘာ့ဖလားချန်ပီယံ စပိန်အသင်းကလည်း ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာအုပ်စုအဆင့်ကနေပဲ ပြိုင်ပွဲက ထွက်ခဲ့ရတာဖြစ်ပါတယ်။ ဒ့ါပြင် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားချန်ပီယံ ဂျာမနီအသင်းကလည်း ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အုပ်စုအဆင့်နဲ့ပဲ ပြိုင်ပွဲကနေထွက်ခဲ့ရတာ ဖြစ်ပါတယ်။

ဒါပေမယ့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားချန်ပီယံပြင်သစ်အသင်းကတော့ အုပ်စု (D)ရဲ့ အဖွင့်ပွဲစဉ်နှစ်ပွဲစလုံး အနိုင်ရရှိခဲ့လို့ ရမှတ်ခြောက်မှတ်ရရှိခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့်ပြင်သစ်အသင်းဟာ အုပ်စုအဆင့်ကနေ (၁၆)သင်းအဆင့်ကို တက်လှမ်းနိုင်ခဲ့ပြီဖြစ်တာကြောင့် လက်ရှိ အချိန်မှာ ကမ္ဘာ့ဖလား လက်ရှိချန်ပီယံအသင်းတွေရဲ့ မှတ်တမ်းဆိုးကို ချေဖျက်နိုင်ခဲ့တာလည်းဖြစ်ပါတယ်။

ဒါကြောင့် ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ချန်ပီယံဖြစ်ခဲ့တဲ့ ဘရာဇီးအသင်း ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်ခဲ့ပြီးနောက်ပိုင်း ပြင်သစ်အသင်းဟာ လက်ရှိကမ္ဘာ့ဖလားချန်ပီယံအသင်း တစ်သင်းအနေနဲ့ (၁၆)သင်းအဆင့်ကို တက်လှမ်းနိုင်ခဲ့တဲ့ ပထမဆုံးလက်ရှိချန်ပီယံအသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။ ■



## ကမ္ဘာ့ဖလားနောက်တစ်ဆင့်တက်မယ့်မျှော်လင့်ချက်ရှင်သန်စေခဲ့လို့ မက်ဆီအား အာဂျင်တီးနားနည်းပြ စကယ်လိုနီ ချီးကျူးစကားဆိုခဲ့

နိုဝင်ဘာ ၂၆ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စု(C) ဒုတိယပွဲစဉ်မှာ အာဂျင်တီးနားအသင်းက မက္ကဆီကိုအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပြီးနောက် အာဂျင်တီးနားအသင်းဟာ (၁၆)သင်း အဆင့်ကို တက်လှမ်းနိုင်မယ့် မျှော်လင့်ချက် ရှင်သန်စေခဲ့တာကြောင့် အသင်းခေါင်းဆောင် မက်ဆီကို အာဂျင်တီးနားအသင်းနည်းပြ စကယ်လိုနီက ချီးကျူးစကားဆိုခဲ့ပါတယ်။

အာဂျင်တီးနားအသင်းနဲ့ မက္ကဆီကိုအသင်းတို့ပွဲစဉ်မှာ အာဂျင်တီးနားအသင်းက ပွဲကစားချိန် ၆၄ မိနစ်မှာ သွင်းယူခဲ့တဲ့ မက်ဆီရဲ့သွင်းဂိုးနဲ့ ၈၇ မိနစ်မှာရရှိခဲ့တဲ့ အန်ဇိုဖာနန်ဒက်ဇ်ရဲ့သွင်းဂိုးတွေ ရရှိခဲ့တာကြောင့် မက္ကဆီကို အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒီလို အနိုင်ရရှိခဲ့တာကြောင့် အာဂျင်တီးနားအသင်းဟာ အုပ်စု(C)မှာ နှစ်ပွဲကစားပြီး ရမှတ်သုံးမှတ်နဲ့ အုပ်စုအဆင့် ဒုတိယနေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ အာဂျင်တီးနားအသင်းဟာ အုပ်စုအဆင့် နောက်ဆုံးပွဲစဉ်အဖြစ် ပိုလန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး အဲဒီပွဲစဉ်မှာ ပိုလန်အသင်းကို အနိုင်ရရှိခဲ့မယ်ဆိုရင် (၁၆)သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိမှာလည်း ဖြစ်ပါတယ်။

## ပိုလန်အသင်းနဲ့အတူ ကမ္ဘာ့ဖလားပထမဆုံးဂိုးသွင်းယူနိုင်ခဲ့ပြီဖြစ်တဲ့ လီဝန်ဒိုစကီး



၂၀၂၂ ခုနှစ် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု(C)ရဲ့ ဒုတိယပွဲစဉ်အဖြစ် နိုဝင်ဘာ ၂၆ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ ပိုလန်အသင်းနဲ့ ဆော်ဒီအာရေဗျအသင်းတို့ပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့ ပိုလန်အသင်းခေါင်းဆောင်လီဝန်ဒိုစကီးဟာ ပိုလန်အသင်းနဲ့အတူ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပထမဆုံးဂိုးသွင်းယူနိုင်ခဲ့ပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ပိုလန်အသင်းက ဆော်ဒီအာရေဗျအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ပိုလန်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၃၉ မိနစ်မှာ ဇီလင်စကီးနဲ့ ၈၂ မိနစ်မှာ လီဝန်ဒိုစကီးတို့က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူး လီဝန်ဒိုစကီးဟာ မက္ကဆီကိုအသင်းနဲ့ ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့တဲ့ အုပ်စုအဆင့်ပွဲစဉ်မှာ ပင်နယ်တီလွဲချော်ခဲ့သူဖြစ်ပြီး ဆော်ဒီအာရေဗျအသင်းနဲ့ ပွဲစဉ်မှာတော့ ဆော်ဒီအာရေဗျ ကွင်းလယ်ကစားသမား အယ်လ်မာကီရဲ့အမှားကို အခွင့်ကောင်းယူကာ ပိုလန်အသင်းနဲ့အတူ ကမ္ဘာ့ဖလား ပထမဆုံးဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

ပိုလန်အသင်းဟာ မက္ကဆီကိုအသင်းနဲ့ပွဲစဉ်မှာ ဂိုးမရှိသရေ၊ ဆော်ဒီအာရေဗျ အသင်းကို နှစ်ဂိုး-ဂိုးမရှိ စသဖြင့် ရလဒ်တွေ ထွက်ပေါ်ထားတာကြောင့် ရမှတ်လေးမှတ်ရရှိထားကာ ၁၉၈၆ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပိုလန်အသင်း ကမ္ဘာ့ဖလား(၁၆)သင်းအဆင့် တက်လှမ်းခွင့်ရရှိမယ့် အခွင့်အရေးတစ်ရပ်လည်းရှိနေတာ ဖြစ်ပါတယ်။

## ၂၄ နှစ်အတွင်း ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပထမဆုံးနိုင်ပွဲရရှိခဲ့တဲ့ မော်ရိုကို

ဘယ်လ်ဂျီယံအသင်းနဲ့ မော်ရိုကိုအသင်းတို့ နိုဝင်ဘာ ၂၇ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အုပ်စု(F)ရဲ့ ဒုတိယပွဲစဉ်မှာ မော်ရိုကိုအသင်းက နာမည်ကြီး ဘယ်လ်ဂျီယံအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် အုပ်စုအဆင့် ထိပ်ဆုံးကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

မော်ကိုရိုအသင်းက ဘယ်လ်ဂျီယံအသင်းကို အနိုင်ရရှိခဲ့တာဟာ ၂၄ နှစ်အတွင်း ကမ္ဘာ့ဖလားပထမဆုံးနိုင်ပွဲရရှိခဲ့ခြင်း ဖြစ်ပါတယ်။ ဘယ်လ်ဂျီယံအသင်းက အုပ်စုအဆင့် ဒုတိယမြောက်နိုင်ပွဲရရှိရေး လူစုံထုတ်ပွဲထွက်လာခဲ့သလို မော်ရိုကိုအသင်းကလည်း အဖွင့်ပွဲစဉ်မှာ ခရိုအေးရှားနဲ့ သရေရလဒ် ထွက်ပေါ်ခဲ့လို့ နိုင်ပွဲရရှိရေး ကစားသမားအစုံအလင်နဲ့ ပွဲထွက်လာခဲ့ပါတယ်။



အဲဒီပွဲစဉ်မှာ မော်ရိုကိုအသင်းက ပွဲကစားချိန် ၇၃ မိနစ်မှာ ဆာဘီရီက တစ်ဂိုး၊ သာမန်ပွဲကစားချိန်ပြီးဆုံး၍ နာကျင်အချိန်ပိုမှာ အဘူခလောကတစ်ဂိုး သွင်းယူပေးခဲ့လို့ ဘယ်လ်ဂျီယံအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ မော်ရိုကိုအသင်းဟာ အုပ်စုအဆင့်နှစ်ပွဲကစားပြီးချိန်မှာ ရမှတ်လေးမှတ်ရရှိထားပြီး ဘယ်လ်ဂျီယံက အုပ်စုအဆင့် နှစ်ပွဲကစားပြီးချိန်မှာ ရမှတ်သုံးမှတ်သာ စုဆောင်းနိုင်ခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**



# ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား ဌာနပေါင်းစုံ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

လောက်ကိုင် နိုဝင်ဘာ ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊လောက်ကိုင်မြို့တွင် တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာဝန်ထမ်းများ ကျန်းမာကြံ့ခိုင်ပြီး တစ်ဦးနှင့်တစ်ဦး၊ ဌာန တစ်ခုနှင့်တစ်ခု ပိုမိုချစ်ကြည်ရင်းနှီးစေရန်ရည်ရွယ်ပြီး ကျင်းပသော ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား ဌာနပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို အမှတ်(၁)ရပ်ကွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်းရှိ ဖူဆယ်ဘောလုံးကွင်း၌ ယမန်နေ့ ညနေ ၄ နာရီက ကျင်းပသည်။

## ယှဉ်ပြိုင်ကစား

ဦးစွာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလားဌာနပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် မြို့နယ်ထွေ/အုပ်အသင်းနှင့် မြို့နယ်လယ်စီ/စာရင်းအင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ထို့နောက်ဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဆွေက ပြိုင်ပွဲဝင်ဘောလုံးအသင်း ၁၃ သင်းမှ အားကစားသမားများကို ကျေးဇူးတင်စကားပြောကြားရာတွင် အားကစားစိတ်ဓာတ်အပြည့်ဖြင့် ယခုလိုပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ကြလို့ ကျေးဇူးတင်ပါကြောင်း၊ ဌာနများ၏ စည်းလုံးညီညွတ်မှုကိုလည်း တွေ့မြင်ရပါကြောင်း၊ နောက်နောင်တွင်လည်း ယခုလို အင်တိုက်အားတိုက်ပါဝင်ယှဉ်ပြိုင်ကြစေလိုပါကြောင်း၊ အားကစားပြိုင်ပွဲများကိုလည်း စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက်လုံး ကူညီဆောင်ရွက်ပေးခဲ့သော ဒိုင်လူကြီးများအား ဂုဏ်ပြုဆုများနှင့် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသောပြိုင်ပွဲဝင်အသင်းများအား ဂုဏ်ပြုဆုငွေများကို တာဝန်ရှိသူများက လည်းကောင်း၊ ဂိုးသမားအကောင်းဆုံးဆုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးက လည်းကောင်း၊ ဂိုးသွင်းအများဆုံးဆုကို ဒေသစီမံကိန်းဦးစီးမှူးက လည်းကောင်း၊ ပွဲစဉ်တစ်လျှောက်အကောင်းဆုံး အားကစားသမားဆုကို ဒေသဥပဒေအရာရှိက လည်းကောင်း၊နှစ်သိမ့်ဆုကို ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမျိုးဇော်သန်းကလည်းကောင်း၊ တတိယ ဆုရရှိသော ဒေသထွေ/အုပ်(က)အသင်းအား ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦးက လည်းကောင်း၊ဒုတိယဆုရရှိသော မြို့နယ်ထွေ/အုပ်အသင်းအား ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမိုးဇော်လတ်က လည်းကောင်း၊ ပထမဆုရရှိသော မြို့နယ်လယ်စီ/စာရင်းအင်းအသင်းအား ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဆွေက လည်းကောင်း ဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုဖလားများကို ချီးမြှင့်ပေးအပ်ခဲ့ကြပြီး ဖူဆယ်ဘောလုံးပြိုင်ပွဲဝင် အသင်းများနှင့် မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးကြကြောင်း သိရသည်။

လောက်ကိုင်(ပြန်/ဆက်)

# အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အား/ကာသိပ္ပံအသင်း ဗိုလ်စွဲ

ရန်ကုန် နိုဝင်ဘာ ၂၇

၂၀၂၂ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၁၄) ကို နိုဝင်ဘာ ၂၇ ရက်က ကွင်းသုံးကွင်း၌ ယှဉ်ပြိုင်ကစားရာ အား/ကာသိပ္ပံအသင်း ဗိုလ်စွဲခဲ့သည်။

နောက်ဆုံးနေ့တွင် အား/ကာသိပ္ပံအသင်းက မြဝတီအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ အား/ကာဦးစီးဌာနအသင်းက တနင်္သာရီအသင်းကို သုံးဂိုး-ဂိုးမရှိ၊ YREO အသင်းက Young Lionesses အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲတွင် လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းက မြဝတီကို အနိုင်ယူကာ ချန်ပီယံဆုကာကွယ်နိုင်ခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် သစ္စာအားမာန်အသင်းနှင့် ရမှတ်တူသော်လည်း ဂိုးကွာခြားချက်အသာရခဲ့သဖြင့် ချန်ပီယံဆုရယူနိုင်ခဲ့ခြင်း ဖြစ်သည်။




၂၀၂၂ မြန်မာအမျိုးသမီးလိဂ်ချန်ပီယံ အား/ကာသိပ္ပံအသင်း

ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲဖြစ်သောကြောင့် အား/ကာသိပ္ပံအသင်းသည် အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သလို မြဝတီအသင်းမှာလည်း ယခုပွဲအနိုင်ရပါက ဒုတိယနေရာရရှိမည်ဖြစ်သောကြောင့် အကောင်းဆုံးတုံ့ပြန်ကစားခဲ့သည်။ နှစ်သင်းစလုံး အပြန်အလှန် တိုက်စစ်ဆင်နိုင်သော်လည်း အခွင့်အရေးများ အသုံးမချနိုင်သဖြင့် ပထမပိုင်းပြီးခါနီးမှ ဂိုးစတင်ရရှိခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် ရရှိသည့် ပယ်နယ်တီမှတစ်ဆင့် ဆုပြည့်ပြည့်ကျော်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းပြီးခါနီးတွင် ဂိုးစတင်ရရှိသည့် အား/ကာသိပ္ပံအသင်းသည် စိတ်ဓာတ်တက်သွားပြီး ဒုတိယပိုင်းတွင် ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ အား/ကာသိပ္ပံအသင်းအတွက် ဒုတိယဂိုးကို ၄၉ မိနစ်တွင် ဆုပြည့်ပြည့်ကျော်က သွင်းယူခဲ့သည်။

အား/ကာသိပ္ပံနှင့် မြဝတီအသင်းပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ သွင်းဂိုးအများဆုံးဆုရ ခင်မာလာထွန်း (အား/ကာသိပ္ပံ)အား ဆုတံဆိပ်နှင့် ဆုကြေးကျပ် ငါးသိန်း၊ တတိယဆုရမြဝတီအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးကျပ်သိန်း ၁၀၀၊ ဒုတိယဆုရ သစ္စာအားမာန်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးကျပ်သိန်း ၁၂၀၊ ပထမဆုရ အား/ကာသိပ္ပံအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးကျပ်သိန်း ၁၅၀ နှင့် ဆုဖလားတို့ကိုရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး ဒေါ်မော်မော်သန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီတို့မှ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ပြိုင်ပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက ၁၂ ပွဲကစား ၁၀ ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး၊ ရမှတ် ၃၁ မှတ်ဖြင့် ချန်ပီယံဆုရရှိခဲ့ပြီး သစ္စာအားမာန်အသင်းက ၃၁ မှတ်ဖြင့် ဒုတိယ၊ မြဝတီအသင်းက ၂၆ မှတ်ဖြင့် တတိယရရှိကာ အား/ကာဦးစီးဌာနအသင်းက ၁၈ မှတ်၊ YREO အသင်းနှင့် Young Lionesses အသင်းတို့က ကိုးမှတ်စီရရှိ၍ တနင်္သာရီ အသင်းမှာမူ ၁၂ ပွဲစလုံး အရေးနိမ့်ပြီး အမှတ်မရရှိခဲ့ပေ။ သစ္စာအားမာန် အသင်းသည် ဂိုးကွာခြားချက်ကြောင့် ချန်ပီယံဆုနှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-သော်ကြီး**

❖

○ **ကော်စတာရီကာအသင်းမှ**

နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် အခုကော်စတာရီကာအသင်းနဲ့ ပွဲစဉ်မှာ အနိုင်ရခဲ့မယ်ဆိုရင် ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ (၁၆)သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိမှာဖြစ်ပါတယ်။

ဒါပေမယ့် ဂျပန်အသင်းဟာ ကော်စတာရီကာအသင်းကို မိနစ် ၈၀ အထိ သရေရလဒ်ထွက်ပေါ်အောင် ကစားနိုင်ခဲ့ပေမယ့် ၈၁ မိနစ်အရောက်မှာ ကေရှာဖူလာရဲ့ သွင်းဂိုးကို ခွင့်ပြုပေးလိုက်ရတာကြောင့် ဂျပန်အသင်းက ကော်စတာရီကာအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် ဂျပန်အသင်းဟာ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ (၁၆) သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိဖို့ဆိုရင် အုပ်စုအဆင့် နောက်ဆုံးပွဲစဉ်ဖြစ်တဲ့ စပိန်အသင်းနဲ့ ပွဲစဉ်မှာ အနိုင်ရရှိဖို့ ရှန်းကန်ရတော့မှာလည်း ဖြစ်ပါတယ်။ လက်ရှိ စပိန်အသင်းနဲ့ ဂျာမနီအသင်းတို့ အုပ်စုအဆင့် ဒုတိယပွဲစဉ် မယှဉ်ပြိုင်မီမှာ စပိန်အသင်းက သုံးမှတ်၊ ဂျပန်အသင်းက သုံးမှတ်နဲ့ ကော်စတာရီကာအသင်းက သုံးမှတ်ရရှိထားပြီး ဂျာမနီအသင်းကတော့ ရမှတ်မရရှိသေးတာဖြစ်ပါတယ်။ ငွေကြယ်

# မိတ္ထီလာခရိုင်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မိုးစပါးစိုက်ဧက တစ်သိန်းကျော် စိုက်ပျိုး

မိတ္ထီလာ နိုဝင်ဘာ ၂၇

မိတ္ထီလာခရိုင်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မိုးစပါးကို လျှပ်စစ်ရေတင်စီမံကိန်း၊ ဆည်ရေသောက်စနစ်နှင့် မိုးကောင်းရေသောက်စနစ်တို့ဖြင့် စိုက်ဧက တစ်သိန်းကျော် စိုက်ပျိုးနိုင်ခဲ့ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



မိတ္ထီလာခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံး၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်တို့ရှိ ဒေသခံတောင်သူများသည် မိုးစပါးကို လျှပ်စစ်ရေတင်စီမံကိန်းဖြင့်လည်းကောင်း၊ ဆည်ရေသောက်စနစ်ဖြင့်လည်းကောင်း၊ မိုးကောင်းရေသောက်စနစ်ဖြင့် လည်းကောင်း စိုက်ပျိုးလျက်ရှိသည်။ ယင်းသို့ စိုက်ပျိုးရာတွင် ဒေသခံတောင်သူများက မိုးစပါးကို ပျိုးထောင်စိုက်ပျိုးသည့်စနစ်၊ တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးသည့်စနစ်များဖြင့် ဇူလိုင်လမှ စတင်၍ စိုက်ပျိုးလျက်ရှိပြီး စိုက်ပျိုးရာတွင်လည်း ဒေသနှင့် ကိုက်ညီပြီး အထွက်နှုန်းကောင်းသည့် မနောသုခ၊ ဆင်းသုခ၊ ရောမင်းမျိုးစပါးများနှင့် ဒေသမျိုးစပါးများကို အဓိက စိုက်ပျိုးလျက်ရှိသည်။

ယင်းသို့ စိုက်ပျိုးရာတွင် မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာမြို့နယ်၌ ယခုနှစ် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မိုးစပါး စိုက်ဧက ၁၀၄၃၂ ဧက၊ မလှိုင်မြို့နယ်၌ စိုက်ဧက ၄၅၀၉ ဧက၊ သာစည်မြို့နယ်၌ စိုက်ဧက ၃၁၄၀၄ဧကနှင့် ဝမ်းတွင်းမြို့နယ်၌ စိုက်ဧက ၅၄၃၈၈ ဧက စုစုပေါင်း မိုးစပါးစိုက်ဧက ၁၀၀၇၃၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး။**

## အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ( ၇/မြို့မအနောက်ရပ်)၊ မြေကွက်အမှတ် (ပ-၃၀၄၀၁)၊ အကျယ်အဝန်းရှိ ပေ(၄၀x ၆၀)၊ ဧရိယာ(၀.၀၅၅)ဧကရှိ မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ရောက်ပိုင်ဆိုင်သူ ဖြစ်သူ ဦးမိုးမင်းထွဋ်[၉/ပမန(နိုင်)၁၂၇၃၄၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေမီဇော်[၁၄/ငပတ(နိုင်)၁၆၇၃၁၅]က (၂၆-၁၁-၂၀၂၂)ရက်နေ့တွင် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အပြီးအသတ်အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်မေမီဇော်**
**[၁၄/ငပတ(နိုင်)၁၆၇၃၁၅]**
**09-420756885**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ဆုဆုလှိုင်(LL.B)**
**အထက်တန်းရှေ့နေ**
**စဉ်-၅၃၈၉၅(၂၀.၁၁.၂၀၂၀)**
**အမှတ်(၃၀၈၁၇)၊ ပိတောက်လမ်း၊**
**ဇဝနဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်။**
**09-444037349**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ဖြဟ္မစိုရ်လမ်း၊ အမှတ်-၂၂/ခ ဟုခေါ်တွင်သော မြေဧရိယာအကျယ်(၂၀ပေ x ၆၀ပေ)ရှိ ဒေါ်ကြည်ကြည်ဝင်း [၁၂/မဂတ(နိုင်)၀၂၂၇၂၀]အမည်ပေါက် ဂရန်မြေကွက်ပေါ်တွင် တက်သစ်နေဝန်း ဆောက်လုပ်ရေးကုမ္ပဏီမှ ဆောက်လုပ်ထားသော(၂)ခန်းတွဲ (၈-ထပ်+ Penthouse)RC(ခတ်လှေကားပါ)တိုက်ခန်း၏ မြေညီထပ် ၂၂/ခ အခန်းသည် မြေပိုင်ရှင် ဒေါ်ကြည်ကြည်ဝင်း ပိုင်ဆိုင်လက်ရှိထားသော တိုက်ခန်းဖြစ်ပြီး ယင်းမြေညီထပ် ၂၂/ခ အခန်းအား မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ မေတ္တာဖြင့် ပေးကမ်းထားခြင်း၊ လှူဒါန်းထားခြင်း၊ ပေါင်နှံထားခြင်း လုံးဝမရှိပါ။ အဆိုပါမြေညီအခန်းနှင့်ပတ်သက်၍ မြေရှင်/ပိုင်ရှင် ဒေါ်ကြည်ကြည်ဝင်း[၁၂/မဂတ(နိုင်)၀၂၂၇၂၀] သဘောတူခွင့်ပြုချက်မရှိဘဲ အရောင်းအဝယ်ပြုလုပ်ခြင်း၊ ဝင်ရောက်နေထိုင်ခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံလွှဲပြောင်းခြင်း စသည်တို့ကို လုံး၀ (လုံး၀) မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ကြည်ကြည်ဝင်း**
**[၁၂/မဂတ(နိုင်) ၀၂၂၇၂၀]**
**Ph:09-751740216**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်အောင်နိုင်ဦး [၉/တကန(နိုင်)၂၀၉၉၅၇]၏ ပတ်စ်ပို့နံပါတ်မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-790145545**

## ပတ်စ်ပို့ပျောက်

ကျွန်မ မသီတာပြုံး[၉/တကန (နိုင်)၁၆၃၇၆၅]၏ ပတ်စ်ပို့နံပါတ်မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-790145545**

# စာအုပ်စာပေ လူ့မိတ်ဆွေ


## ပတ်စ်ပို့ပျောက်

ကျွန်မ မရွှေစင်ဦး[၉/ပဗသ(နိုင်) ၀၀၇၆၅၇]၏ ပတ်စ်ပို့နံပါတ် မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-790145545**

MOEE YESC

မိမိအိမ်တွင် ရေပိုက်၊ ရေဘားများ မလုံခြုံ၊ ယိုစိမ့်မှုကြောင့် ရေတင်ရချိန် ပိုမိုကြာမြင့်နိုင်သဖြင့် ဓာတ်အားပိုမို အသုံးပြုရပါသည်၊ ထို့ကြောင့် ရေလေလွင့်ခြင်းနှင့် ဓာတ်အားလေလွင့်မှုမရှိစေရန် သတိပြုဆင်ခြင်သင့်ပါသည်။



# ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ စမ်းချောင်းလမ်း၊ တိုက်အမှတ်(၁၁)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၈ ၁/၂) တိုက်၏(၃)လွှာ၊ ခြေရင်းခန်း၊ အကျယ်အဝန်း(၂၀ x ၅၅)ပေရှိ ခတ်လှေကားပါ တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူခဲ့ပြီး၊ ယနေ့တိုင် လက်ရှိပိုင်ဆိုင်ထားကြောင်း၊ အဆိုပါတိုက်ခန်းကို ပြန်လည်ရောင်းချလိုကြောင်း ကမ်းလှမ်းပြောဆိုလာသူ ဦးပြည့်စိုးအောင်[၁၂/သဃက(နိုင်)၀၆၁၇၃၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စိုးစိုးကြည်[၁၄/ပသန(နိုင်)၀၄၃၉၂၈]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်အေးမာ(LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၆)**
**ဖုန်း-၀၉-၄၂၀၀၃၉၄၇၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၂၊ မြေကွက်အမှတ်- ၉၇၈၊ ဧရိယာ (၀.၀၅၅)ဧက၊ မြေကွက်တည်နေရာအမှတ်(၉၇၈)၊ စက်မှုလမ်းမကြီး၊ (၁၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ [ဦးအောင်သန်း -၁၂/ကမတ (နိုင်) ၀၅၂၉၀၁] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးအောင်သန်း(ဖခင်)သည် (၁-၆-၂၀၂၂)ရက်တွင် လည်းကောင်း၊ ဒေါ်သန်းစီ (မိခင်)သည် (၁၇-၂-၂၀၀၉)ရက်တွင် လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ၎င်းတို့၏ ကျန်ရစ်သူသမီးများဖြစ်ကြသော ဒေါ်လွင်လွင်အောင် [၁၂/ကမတ (နိုင်)၀၄၇၅၂၉]၊ ဒေါ်ဟန်ဟန်အောင် [၁၂/ကမတ(နိုင်)၀၅၂၀၈၆]တို့မှ ၎င်းတို့သည် ဦးအောင်သန်းနှင့် ဒေါ်သန်းစီတို့မှ မွေးဖွားသော သမီးများဖြစ်သည့်အလျောက် မြန်မာထုံးတမ်းအစဉ်အလာအရ မိဘများ၏အမွေကို ဆက်ခံပိုင်ဆိုင်ခွင့်ရှိသူဖြစ်သဖြင့် အထက်ဖော်ပြပါ အကျယ်အဝန်း (၀.၀၅၅)ဧကပေါ်ရှိ RC နှစ်ထပ်တိုက်၊ သွပ်မိုးအဆောက်အဦနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အကျိုးခံစားပိုင်ဆိုင်ခွင့်ရှိသည်မှာ မှန်ကန်ပါကြောင်း (၂၆-၈-၂၀၂၂) ရက်စွဲဖြင့် ကျိန်ဆိုထားသည့် တရားရုံးကိုယ်တိုင် ကျမ်းကျိန်လွှာ(၁)စောင်၊ အသိသက်သေ(၂)ဦး၏ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်မူရင်း၊ ဦးအောင်သန်းနှင့် ဒေါ်သန်းစီတို့၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ သံလမ်း၊ တိုက်အမှတ်(၂၅)၊ (၂)ခန်းတွဲ၊ (၆)ထပ်တိုက်မှ (၄-လွှာ/ဘီ)တိုက်ခန်း အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါတိုက်ခန်းကို တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်တင်နိုင်[၁၂/လမန(နိုင်)၀၀၅၃၄၉]ထံမှ ဒေါ်ထားချင်းနှင့် ဦးဆန်းတိုး(ခ) ဦးဒွေ့ဘိတ်ကျုံး [၄/ဟခန(နိုင်)၀၃၆၈၁၇]တို့က ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများပြည့်စုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ထားချင်းနှင့် ဦးဆန်းတိုး(ခ) ဦးဒွေ့ဘိတ်ကျုံးတို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)**
**(KHIN MAR LAR LAW FIRM)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း-၀၉-၅၁၈၁၈၂၀**

## "အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ တိုက်အမှတ်(၄၈၁)၊ ၄-လွှာ(ယာ)နေ ဒေါ်နွယ်နွယ်ဝင်းကျော်[၁၄/ဟသတ(နိုင်) ၀၅၂၉၆၄]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ တိုက်အမှတ်(၇၅)၊ အခန်းအမှတ်(6-A)၊ ၆-လွှာ၊ အကျယ်အဝန်း(၂၀ပေ x ၇၀ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို သားဖြစ်သူ ဦးကောင်းဇော်လင်း [၁၄/ဟသတ(နိုင်)၂၀၄၇၉၀]နှင့် ချွေးမဖြစ်သူ ဒေါ်ကေဇင်အောင်[၁၂/လမန(နိုင်)၀၀၄၆၃၆]တို့အားလည်းကောင်း၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၄၈၁)၊ ၄-လွှာ(ယာ)၊ အကျယ်အဝန်း (၂၀ပေ x ၇၀ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို သမီးဖြစ်သူ ဒေါ်ဝင်းဝင်းသန့်[၁၄/ဟသတ(နိုင်)၂၀၄၇၆၁] နှင့် သမက်ဖြစ်သူ ဦးဇော်မျိုးထက် [၈/တတက(နိုင်)၁၀၀၈၈၇]တို့အားလည်းကောင်း (၂၇-၁၁-၂၀၂၂)ရက်စွဲပါ **"မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း ကတိစာချုပ်"**များချုပ်ဆို၍ အပြီးအပိုင် လက်ထိလက်ရောက် ပေးအပ်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်နွယ်နွယ်ဝင်းကျော်**
**[၁၄/ဟသတ(နိုင်)၀၅၂၉၆၄]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာခင်**
**(LL.B, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၄၅)**
**တိုက်(A 3)၊ အခန်း(၂၀၉)၊ ဗညားဒလလမ်း၊**
**ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၉၈၄၅၊ ၀၉-၉၆၄၁၁၉၈၄၅**

# ဥတုရာသီ တောကိုမှီ၏

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ ကန်လမ်း၊ အမှတ်(၃၁)၊ (၂)ခန်းတွဲ RC(၆)ထပ်အဆောက်အဦ၏ ထပ်ခိုးပါသော+ (မြေညီထပ်)၊ တိုက်ကိုမျက်နှာမူလျှင် (ဘယ်ဘက်အခန်း)၊ မြေညီဧရိယာ(၈၀၀) စတုရန်းပေ + ထပ်ခိုးဧရိယာ(၃၂၀) စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော ဦးကျော်ဝေ [၁၂/ကမရ(နိုင်)၀၃၆၅၉၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးစအောင်အောင်ထွေး [၁၄/ကပန(နိုင်)၁၈၉၉၁၅]၊ ဒေါ်နော်ဆဲခူ[၁၄/ဟသတ(နိုင်)၂၅၀၀၄၃]တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးစအောင်အောင်ထွေး၊ ဒေါ်နော်ဆဲခူတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင်(LL.B),WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph:09-421157856**

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၆-၁၁-၂၀၂၂)ရက် ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၈)ပါ ကန့်ကွက်နိုင်ပါသည် ကြေညာချက်၌ ဒေါ်ခင်မာသီ၏နိုင်ငံသားအမှတ်အား [၈/ရနခ(နိုင်)၁၁၈၇၄၅]အစား [၈/ခမန(နိုင်)၁၁၈၇၄၅]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဒေါ်ခင်မာလာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၈၅၂၀)**

# သွေးသည် အသက်

## ဒလမြို့နယ်၊ ဆာပါချောင် ကျောင်းစုရပ်ကွက်၊ ဒါနသုခလမ်း၊ အမှတ်(၁၇/က) (၂၀ပေ x ၅၀ပေ)ရှိ မြေကွက်နှင့် သစ်သားအိမ်တစ်လုံးတို့၏ အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါမြေကွက်နှင့်အိမ်အား ပိုင်ဆိုင်မှုစာချုပ် အဆက်အစပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူ **ဦးဝင်းနိုင်[၁၂/ဒလန(နိုင်)၀၁၂၄၅၂]ထံမှ ဦးမောင်ကန်[၁/မမန(နိုင်)၀၃၇၈၆၄]**က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**Japan-ဘုန်းမြင့်(ငါးသိုင်းချောင်း)(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၁၄၈/၃၁-၅-၁၉၈၅)**
**အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။**
**Ph: 09-767772099, 09-777797911, 09-789877799, 09-799933939**

## ၂၄-၁၁-၂၀၂၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၅)နှင့် ၂၅-၁၁-၂၀၂၂ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၅)တို့တွင် ပါရှိသည့် ဦးသက်နိုင်ဦးနှင့် ဒေါ်ဆောင်းဧကရီတို့၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေများဖြစ်သည့် ဦးထွန်းသန့်ဇင်အောင်၊ ဦးသန်းလွင်ဦးနှင့် အထက်တန်းရှေ့နေများဖြစ်သည့် ဒေါ်နှင်းဝတ်ရည်ထွန်း၊ ဒေါ်သန္တာဦးတို့၏ အများသိစေရန်ကြေညာခြင်းအပေါ် ရှင်းလင်းကြေညာချက်

ဦးသက်နိုင်ဦးနှင့် ဒေါ်ဆောင်းဧကရီတို့၏လွှဲအပ်ညွှန်ကြားချက်အရ (၂၄-၁၁-၂၀၂၂)ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၅)နှင့် (၂၅-၁၁-၂၀၂၂)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၅)တို့တွင် ဖော်ပြထားသော "အမှတ်(၆၅)၊ လှိုင်မြင့်မိုရ်လမ်းသွယ်(၂)၊ မြေတိုင်းရပ်ကွက် (၃၁)၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ၈ထပ်ခွဲကွန်ဒို၏ 3rd Floor မှ "F" Type (1460 Sqft) ဧရိယာအကျယ်အဝန်းရှိ ရေမီးအပြည့်အစုံပါ ကွန်ဒိုတိုက်ခန်း(၁)ခန်းကို (၂၉-၁၀-၂၀၂၂)ရက်နေ့တွင် ကျွန်ုပ်မိတ်ဆွေများနှင့် တိုက်ခန်းအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဆောင်းဧကရီ၏ခင်ပွန်း ဦးသက်နိုင်ဦးတို့ အပြီးအပိုင် ရောင်းချရန်အတွက် စရန်စာချုပ်ချုပ်ဆိုပေးခဲ့သည်"ဟု ဖော်ပြကြေညာခြင်းနှင့် အပြီးအပိုင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုသည့်အခါ ဒေါ်ဆောင်းဧကရီကိုယ်တိုင် လက်မှတ်ရေးထိုး ချုပ်ဆိုပေးမည်ကို ဝယ်သူများမှ သဘောတူညီခဲ့ပြီးဖြစ်သည်ဟု ကြေညာခြင်းတို့သည် မှန်ကန်ခြင်းမရှိပါ။ အထောက်အထားများနှင့် ဆန့်ကျင်ဖော်ပြ ကြေညာခြင်းဖြစ်ကြောင်း ရှင်းလင်းအပ်ပါသည်။

အမှန်မှာ ကန်မြင့်မိုရ် Condo, 3F, 1460 Sqft, အမှတ်-၂၅၊ လှိုင်မြင့်မိုရ်(၂)လမ်း၊ လှိုင်မြို့နယ်ဟုခေါ်တွင်သော တိုက်ခန်းကို ဦးသက်နိုင်ဦး [၇/ပမန(နိုင်)၀၀၀၅၅၃]က တရားဝင်ပိုင်ဆိုင်၍ လက်ဝယ်ထားရှိထားသော ပစ္စည်းဖြစ်သည်ဟုပြောဆို၍ ရောင်းချခဲ့ရာ ယုံကြည်မှုဖြင့် အရောင်းအဝယ်ပြုသောအခန်းကို ရောင်းသူမှ ပိုင်ဆိုင်ပါသည်ဆိုသော တရားဝင်အထောက်အထားကို ကြည့်ရှုခြင်း မရှိပါဘဲ (၂၉-၁၀-၂၀၂၂) ရက်နေ့တွင် ဝယ်သူများမှ ပိုင်ရှင်ဟုပြောဆို၍ ရောင်းချခဲ့သူသို့ စရန်ငွေသိန်း(၁၀၀)ကို ပေးချေခဲ့ခြင်းဖြစ်ပါသည်။ ရောင်းသူ၏အစီအစဉ်ဖြင့် အထက်တန်းရှေ့နေ ဒေါ်မိုးမိုးမြင့်မှ ထိုအရောင်းအဝယ်ကို "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာ"ကို (၁-၁၁-၂၀၂၂) ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၈)တွင် ထည့်သွင်းကြေညာရာတွင်လည်း ရောင်းချသော အခန်းတည်ရှိရာ လိပ်စာသည် အမှတ်(၂၅)၊ လှိုင်မြင့်မိုရ်(၂)လမ်း၊ လှိုင်မြို့နယ် အခန်းပိုင်ရှင်သည် ဦးသက်နိုင်ဦး[၇/ပမန(နိုင်)၀၀၀၅၅၃]ဟု ထည့်သွင်းဖော်ပြကြေညာခဲ့ပြီးဖြစ်သော်လည်း ထိုနေ့အထိ ဦးသက်နိုင်ဦး[၇/ပမန(နိုင်)၀၀၀၅၅၃]မှ အရောင်းအဝယ်ပြုသော အခန်းအား ၎င်းဝယ်ယူပိုင်ဆိုင်ပါသည်ဆိုသော တရားဝင်အထောက်အထားကို ဝယ်သူများသို့ ပြသနိုင်ခဲ့ခြင်း မရှိသေးပါ။

သို့ရာတွင် ဝယ်ယူထားသည်ဆိုသော အထောက်အထားအား အကြိမ်ကြိမ်တောင်းဆိုသဖြင့် (၁၉-၁၁-၂၀၂၂) ရက်နေ့တွင်မှ ဝယ်သူတစ်ဦးဖြစ်သော ဒေါ်မြင့်မြင့်ခိုင် [၁၂/ပဘတ(နိုင်)၀၁၈၇၂၂]ကိုင်ဆောင်သော လက်ကိုင်ဖုန်းသို့ Viber မှ တစ်ဆင့် ရောင်းသူဝယ်ယူထားသည့် အဝယ်စာချုပ်အား ဓာတ်ပုံရိုက်ပေးပို့ခဲ့ရာ ဝယ်သူ ဒေါ်ဆောင်းဧကရီ [၁၂/စခန(နိုင်)၀၄၀၂၀၄]သည် "အမှတ် (၆၅)၊ လှိုင်မြင့်မိုရ်လမ်းသွယ်(၂)၊ မြေတိုင်းရပ်ကွက်(၃၁)၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ၈ထပ်ခွဲကွန်ဒို၏ 3rd Floor မှ "F" Type (1460 Sqft) ဧရိယာအကျယ်အဝန်းရှိ ရေမီးအပြည့်အစုံပါ ကွန်ဒိုတိုက်ခန်း (၁)ခန်း" ဖြစ်သည်ဟု သိရှိခဲ့ရပါသည်။ ထို့ကြောင့် ဝယ်သူများနှင့် ရောင်းသူ ဦးသက်နိုင်ဦးတို့သည် အရောင်းအဝယ်ပြုလုပ်သည့်ပစ္စည်းနှင့်ပတ်သက်၍ နှစ်ဖက်မှားယွင်းသဘောတူညီခဲ့သည့်အပြင် ဥပဒေအမြင်အရ ဦးသက်နိုင်ဦးသည် မိမိပိုင်ဆိုင်ခြင်းမရှိသည့်ပစ္စည်းအား အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီထားခဲ့သည့်သဘော သက်ဝင်လျက်ရှိ၍ ဦးသက်နိုင်ဦးမှ မိမိရယူထားပြီးဖြစ်သည့် စရန်ငွေကျပ်သိန်း(၁၀၀)ကို ပြန်လည်ပေးအပ်၍ အရောင်းအဝယ်ပယ်ဖျက်ရန် ၁၉-၁၁-၂၀၂၂ ရက်စွဲပါ အကြောင်းကြားစာဖြင့် အကြောင်းကြားခဲ့ပြီးဖြစ်သည်ဆိုသောအချက်များကို အများသိစေရန်ကြေညာတွင် ထည့်သွင်းမထားခြင်းသည် ဝယ်သူများဖြစ်သည့် ဦးသစ်လွင်နှင့် ဒေါ်မြင့်မြင့်ခိုင်တို့မှ အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်ရန် ပျက်ကွက်သည့်သဘော တမင်မမှန်မကန် ကြေညာခြင်းဖြစ်ပါသည်။ အမှန်တကယ်အားဖြင့် ဝယ်သူများဖြစ်သည့် ဦးသစ်လွင်နှင့် ဒေါ်မြင့်မြင့်ခိုင်တို့သည် အရောင်းအဝယ်ပြုလုပ်ရန် မည်သည့်အရည်အချင်းမျှ ပျက်ကွက်ခြင်းမရှိဘဲ အထောက်အထားများနှင့်ဆန့်ကျင်၍ မမှန်မကန် ကြေညာခံရခြင်းဖြစ်ကြောင်း ရှင်းလင်း ကြေညာအပ်ပါသည်။

ထို့ကြောင့် လွှဲအပ်ညွှန်ကြားသူ ဦးသက်နိုင်ဦး၊ ဒေါ်ဆောင်းဧကရီနှင့် ၎င်းတို့၏ရှေ့နေများသည် နောက်နောင် မှန်ကန်ခြင်းမရှိသော တရားဝင် အထောက်အထားများနှင့် ကွဲလွဲဆန့်ကျင်သောအချက်များဖြင့် ကျွန်ုပ်မိတ်ဆွေများဖြစ်သည့် ဦးသစ်လွင်နှင့် ဒေါ်မြင့်မြင့်ခိုင်တို့ ထိခိုက်နစ်နာစေရန်ပြောဆိုခြင်း၊ ပြုလုပ်ခြင်း၊ ကြေညာခြင်းတို့ မပြုလုပ်ရန် ဤရှင်းလင်းကြေညာချက်ဖြင့် သတိပေးအပ်ပါသည်။

**ဦးသစ်လွင်နှင့် ဒေါ်မြင့်မြင့်ခိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကိုကိုဦး (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၄၆)**

**ဒေါ်မေငြိမ်းစုဇံလှ LL.B, LL.M (Candidate)**
**အထက်တန်းရှေ့နေ (စဉ်-၅၂၄၆၇)**
**ဒေါ်မေနန္ဒာမြင့် LL.B, LL.M**
**အထက်တန်းရှေ့နေ (စဉ်-၅၂၉၅၈)**

**K.S.T Legal**
**Unit 11 & 12, 16th Floor, Office Tower 2, Times City,**
**Between Hanthawaddy & Kyuntaw Road,**
**Kamayut Township, Yangon, Myanmar.**
**Mobile: 09-765443750**

## "လုပ်ငန်းအမှတ်တံဆိပ်များအသိပေးကြေညာခြင်း"

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အမှတ် (၈၃၅)၊ ဦးပိုင်အမှတ် (၄၀/ခ)၊ ၄၄-လမ်းနှင့် ၄၅-လမ်းကြား၊ ၈၂-လမ်း၊ အမှတ်(၇၁၁)နေ ဒေါ်အေးချယ်ရီထွန်း (ဘ) ဦးထွန်းထွန်း၊ မှတ်ပုံတင်အမှတ် (၉/မဟမ(နိုင်)၀၃၁၁၆၃)နှင့် ဒေါ်အိသဇင်ထွန်း (ဘ) ဦးထွန်းထွန်း၊ မှတ်ပုံတင်အမှတ် (၉/မဟမ(နိုင်)၀၃၁၁၆၂) တို့၏လွှဲအပ်ညွှန်ကြားချက်အရအောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

EDU BRIDGE
စာချုပ်အမှတ် (၆၄/၂၀၂၂)
(2022 Nice Classification-41)

Thazin & Cherry
ENGLISH TRAINING CENTRE
စာချုပ်အမှတ် (၆၅/၂၀၂၂)
(2022 Nice Classification - 41)

အထက်ဖော်ပြပါလုပ်ငန်းအမှတ်တံဆိပ်များသည် ဒေါ်အေးချယ်ရီထွန်း နှင့် ဒေါ်အိသဇင်ထွန်း တို့၏ မူလတီထွင်ဖန်တီး ထားသည့် မူပိုင်အမှတ်တံဆိပ်များဖြစ်ပြီး အင်္ဂလိပ်စာဘာသာရပ်သင်တန်းကျောင်းများဖွင့်လှစ်ခြင်း၊ ဘာသာစကားသင်တန်း ကျောင်းများဖွင့်လှစ်ခြင်း၊ ပညာရေးဆိုင်ရာ သင်တန်းကျောင်းဖွင့်လှစ်ခြင်း၊ ပညာရေးနှင့် ဆက်နွှယ်သောလုပ်ငန်းများလုပ်ကိုင်ခြင်း နှင့် Online EducationCentre များဖွင့်လှစ်ခြင်းစသည့်လုပ်ငန်းများတွင်လည်းအသုံးပြုသွားမည့်လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ် အသားများဖြစ်ပါသည်။ ၎င်းအမှတ်တံဆိပ်များကိုသက်ဆိုင်ရာ မူပိုင်ခွင့်ဌာနတွင်ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၉၃ နှင့် အညီ မှတ်ပုံတင်သွင်းသုံးစွဲသွားမည်ဖြစ်ပါသည်။

